
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ..... ၅၀၀၃၃၇၀၃၁၀

မျက်နှာဖုံးခွင့်ပြုချက် ... ၅၁၀၁၃၇၀၉၁၀

ထုတ်ဝေခြင်း - ပထမအကြိမ်

၂၀၁၀ အောက်တိုဘာလ

အုပ်ရေ - ၁၀၀၀-အုပ်

တန်ဖိုး - သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ - [illegible] ထင်း

စီစဉ်သူ - ဒေါ်ငွေးငွေးမော်

ဂ၉၅ · ၀၃

ပန်းသီနိုင်

ရေခဲမုန့် (Ice Cream) / ပန်းသီနိုင်။ - ရန်ကုန်

ဉာဏ်ဝင်း စာပေ ၂၀၁၀။

၂၂၄ - စာ ၊ ၁၂ · ၅ X ၁၇ · ၅ စင်တီ။

(၁) ရေခဲမုန့် (Ice Cream)

ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)

အမှတ်၇(က)၊ သုခဝတီလမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးအောင်ထက် (၀၈၀၀၃)

အောင်ပါရမီ ပုံနှိပ်တိုက်

အမှတ်(၁၂၇)၊ ၅၂ လမ်း။

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်

အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

တဝုန်းဝုန်းရွာနေသော မိုးသံကြောင့် သက္ကက အိပ်ရာပေါ် ကဆင်းပြီး ပြတင်းပေါက်ဘေးမှာ သွားရပ်ကာ အပြင်ကို ကြည့်မိ၏။

မနက်စောစော သည်းကြီးမည်းကြီးရွာနေသော မိုး…

လက်ဖက်ရည်ဆိုင်မှာ ဆုံကြဖို့ ချိန်းထားသော သူငယ်ချင်းကို ဒီမိုးထဲ ထွက်မလာတော့ဘူးဆိုတာ Hand Phoneနှင့် message ပို့လိုက်၏။

သူလည်း သက္ကလိုပဲ အိပ်ရာထက်မှာ မိုးအေးအေးနှင့် ကွေးနေဦးမှာပဲ။

◆ ဉာဏ်ဝင်းဟာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



အချိန်အခါမဟုတ် မိုးကြီး…

အေးစိမ့်နေအောင် စိပ်စိပ်ပိန်းပိန်း ရွာလွန်းလိုက်တာ စိတ်ထဲမှာ တစ်မျိုးခံစားရသည်။

ငယ်ငယ်တုန်းက ကလေးဘဝကိုပဲ သတိရသလိုလို ဘာလိုလို တမ်းတတ ဆွေးတေးတေးခံစားမှုမျိုး…

မျက်နှာသစ်ပြီး ကော်ဖီမစ်တစ်ခွက်ဖျော်ကာ စားပွဲပေါ် ချထား၏။ ကော်ဖီပူပူအငွေ့က တထောင်းထောင်းထနေတုန်း…

ညဝတ်စုံဘောင်းဘီရှည်နှင့် အင်္ကျီလက်ရှည်ကို လဲလှယ်ကာ ရှပ်အင်္ကျီနှင့် ကွားတာပဲင်နီတစ်ထည် ဝတ်သည်။

Gameဆော့ဖို့ Computerကို ဖွင့်ထားလိုက်ပြီးမှ ကော်ဖီသောက်နေမိ၏။

တစ်ယောက်တည်းဆိုတော့ အပြင်လည်းမထွက်တော့၊ Game ဆော့နေတာပဲ ကောင်းလိမ့်မည်။

Computerက ထအော်တော့ သူ လှည့်ကြည့်မိ၏။

အင်တာနက်ကွန်ရက်ပေါ်က Chat Messengerတစ်ခုဖြစ်သည့် Gtalkက အော်နေတာပါ။





ခေါ်နေသည့် callကို ပိတ်ပစ်ဖို့ ignore ခလုတ်ဆီ လက်ရောက်ပြီးမှ နာမည်ကိုကြည့်မိတော့ သူ့လက် ရပ်တန့်သွားရသည်။

*Cream တဲ့…*

*You က Ice ဆိုတော့…*

*I က Cream ပေါ့တဲ့…။*

ထိုစကားစုကလေးကို သူပြန်မြင်ယောင်လာမိပါသည်။

ဟိုတစ်နေ့က ချက်တင်း (Chatting)ဝင်ရင်း မိတ်ဖွဲ့ဖြစ်သော ကောင်မလေး…

ဒါဆို ပိတ်ပစ်လို့မရ…။

အပျင်းပြေ စကားပြောကြည့်တာကောင်းမည်။ သူက Keyboardကနေပဲ type လိုက်သည်။

'မင်္ဂလာနံနက်ခင်းပါ ခရင်မ်' ဆိုတာကို အရင်ဦးဆုံး ရိုက်လိုက်၏။

သူက မေးပါသည်။

ဘယ်မှမသွားဘူးလားဟု…

Cream က ဖြေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးတွေသည်းနေတယ်တဲ့…

ဟုတ်တာပေါ့ … မိုးက အရမ်းရွာနေတာ…

သဏ္ဍက မေးလိုက်ပါသည်။

နာမည်ရင်း မသိရဘူးလားလို့…

သူက 'ဟင့်အင်း' တဲ့…

ပြောမပြချင်ဘူးလားဆိုတော့…

Yesတဲ့…

ဒါဆို ဘာမှသိခွင့်မရှိဘူးလားဟု မေးမိသောအခါ ဘာလို့ သေးလို့လဲ Iceနဲ့ Creamဆိုတာ နှစ်မျိုးပေါင်းမှ Ice Cream ဖြစ်တာတဲ့…

ဘာမဆို ပွင့်ပွင့်လင်းလင်းတိုင်ပင်ကြေး၊ Ideaပေးကြေးတဲ့၊

သူငယ်ချင်းတွေ ဖြစ်ကြပါစို့တဲ့…

သဏ္ဍက Yes လုပ်လိုက်သည်။

သူကလည်း ယောကျ်ားမာန ရှိသည်။

အောက်ကျ နောက်ကျ လူချင်းတွေကြအောင်၊ မြင်ဖူးချင်တယ် ဘာညာ ပြောမယ့်သူမှမဟုတ်ဘဲ၊ သူမ သဘောအတိုင်းပါ။





ပထမတော့ ကိုယ်က ယောကျ်ားလေးဆိုတော့ တောင်းဆိုသင့်သလားလို့…

သူမဘက်က အမြဲလို ပြတ်သားစွာ စည်းတားနေမှတော့ ဘာမှပြောစရာမရှိတော့ပြီပဲ။

Gtalkမှာ Chattingဝင်ရင်း တွေ့ဖြစ်ခဲ့သော လူတစ်ယောက်ကို သူမဘက်က တစ်ထောင့်တစ်နေရာပဲထားပြီး လူချင်း ခင်မင်ရင်းနှီးဖို့ဆန္ဒ မရှိဘူးဆိုမှတော့…

သူ့ဘက်ကလည်း တဖွတ်တိုး ခေါင်းမာဖို့ မစဉ်းစားပါ။

ဘယ်လို Ideaတွေ လိုအပ်နေလို့လဲ…

သူ့ဘက်က သူမဖြစ်စေချင်သလို Redyပါပဲ။

ဟိုအကြောင်း ဒီအကြောင်းတွေပြောဖြစ်ရင်း Cream ဘာကြိုက်တတ်တယ်ဆိုတာ သူ သိလာပါသည်။

ဘယ်လိုသီချင်းမျိုး နားထောင်တတ်တာ…

ဘယ်လိုဇာတ်လမ်းမျိုး အကြည့်များတာ…

ဘယ်ဆိုင်တွေမှာ အားရင်ထိုင်တတ်တာ…

ဘယ်နေရာတွေကို Shoppingထွက်တတ်တာ…



www.burmeseclassic.com

www.burmeseclassic.com



တေား…စကား ပြောပါများလာရင် စကားထဲက ဇာတိပြ သတဲ့။

အရမ်းမှန်တာပေါ့။

Cream ရဲ့ပြောပုံအရ သူမဟာ သူဌေးသမီးလေးတစ်ယောက်ဆိုတာ သိလာရသည်။

ပြီးတော့ ချစ်သူမရှိသေးတာလည်း သိခွင့်ရလာသည်။ တိတိကျကျသိခွင့်မရသေးတာက သူမရဲ့ရုပ်ရည် ပြေပြစ်လှပမှု အကြောင်း…

သူက အဲ့ဒါ သိချင်သည်။

လူချင်းတွေ့ကြဖို့ကို စကတည်းက Brake ဘရိတ်နင်းထားတာ၊ (week point)အားနည်းချက်တစ်ခုခုကြောင့်လား…

ထိုအားနည်းချက်က ဘာများဖြစ်မလဲ…

မလှပတာကြောင့်ဘဲလား…

မိန်းကလေးတွေက အကျည်းတန်ရင် လျှို့ဝှက်ဖုံးကွယ်ထားချင်ကြတယ် မဟုတ်လား။

ရှိပါစေတော့ဟု တိတ်တဆိတ်နားလည်ပေးလိုက်ရှိန်မှာပဲ…





တို့ဘက်က အရင်စလာတော့ Ice ဘက်က အထင်သေးမှာ စိုးတယ်လေ…

အဲဒါကြောင့် မရိုးမသားမဖြစ်ကြေးလို့ ကြိုတားမြစ်ထားတာတဲ့။

ဖြစ်မှဖြစ်ရလေကွာ….

Cream ဆိုတာ နားလည်ရခက်သူလေးလား။

(Internet) အင်တာနက်ခေတ်ကြီးမှာ မပွင့်လင်းလိုက်တာ…

သူ့ပဲပြောပြီး ဘာမဆို ပွင့်ပွင့်လင်းလင်းကြေးတဲ့…

တော်တော်ရယ်ရတဲ့ကောင်မလေးပဲ…

ဒါနဲ့များ Iceနဲ့ တွဲဖက် Ctreamဖြစ်ချင်သေးသတဲ့လား…

သတ္တု အဲဒီလိုပြောလိုက်ရင် ကောင်မလေး အရမ်းစိတ်ဆိုးသွားမလား မသိ။

Creamကလည်း Iceလိုပဲ မာနခပ်ကြီးကြီးရယ်၊ မာနကြီးသူချင်း တွေ့ကြတော့ တင်းမာမှုက ကြားခံနယ်တစ်ခု ဖြစ်လာသည်။

သတ္တုကလည်း သတ္တုပါပဲ…



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးဖြစ်ပြီး မာနထားနေမိသည်။

သူနှင့် Cream အပြင်မှာ လူချင်းတွေ့ဖို့ လွယ်မည်မထင်။

ဒီလိုပဲ စကားပြောဖြစ်နေဦးတော့မည်။





မနက်ပိုင်း မိုးတွေအရမ်းရွာပေမယ့် ညနေပိုင်းမှာတော့ ရာသီဥတုက သာလာပါသည်။ သူနှင့် သူငယ်ချင်းမျိုးဇော် အင်းယားကန်အောင်ဘာက် ထွက်လျှောက်ဖြစ်၏။

ကြည်လင်နေသော ကောင်းကင်ပြာပြာမှာ သက်တံ့တစ်စင်းက ထင်ရှားစွာ ရှိနေ၏။

အရောင်အသွေး ဖူးကြွနေသော သက်တံ့ကို ကြည့်ပြီး ရုတ်တရက် Cream ကို သူသတိရမိ၏။

Cream က ပြောဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်တံ့တွေမြင်ရင် ပျော်တယ် ရင်ခုန်တယ်၊ သက်တံ့ကို ချစ်တယ်တဲ့။

ထူးထူးဆန်းဆန်း ထွင်များပြောတာလားမသိ။ ခွေးလေး၊ ကြောင်လေးတွေ ချစ်တယ်ပဲ ကြားဖူး သိဖူးတာ။

အိမ်မွေးတိရစ္ဆာန်ကလေးတွေကို ချစ်သလို အသည်းယား သလိုမျိုးတဲ့။

ခွေးပွရုပ်လို သက်တံ့ကို ကိုင်ကြည့်ပြီး ထွေးပိုက်ထားချင် သတဲ့။

သူများနှင့် မတူသော အတွေးအမြင်ရှိသူကလေးဟု သတ်မှတ်မိသည်။

ပြီးတော့ သူ့ကို မေးသေးသည်။

လူပျိုကြီးလုပ်မလို့လား Iceတဲ့၊ သူက မတုံ့ဆိုင်းဘဲ…ဟာ No…No ဟု အမြန်ဖြေမိသည်။ ဖြတ်ဆေးလို့မဖြစ်၊ မြားနတ်မောင် ကြားပြီး အထင်လွဲသွားရင် ဒုက္ခ။

မဖြစ်ပါဘူး…လူပျိုကြီးဆိုတာ ရှားပါတယ်တဲ့၊ ဖြစ်ချင်တာ ဖြစ်ခွင့်ရတာ မဟုတ်ဘူးတဲ့။





ပတ်ဝန်းကျင်မှာ လူတော်တော်များက အချိန်တန်ရင် အိမ်ထောင်ကျပြီး မိသားစုဖြစ်သွားတာပဲတဲ့။

ဟုတ်တာပေါ့။

သူမက မဆိုးဘူးဘဲ။

ခြံုငုံ လေ့လာပြီး မြင်တတ်ကြည့်တတ်သူကလေးပဲ…

တို့ကလည်း လူပျိုကြီး လုံးဝမဖြစ်ချင်ပါဘူးကွာဟု သူက ဆိုမိပါသည်။

Creamကရော အပျိုကြီးလုပ်မလို့လားဟု သူက ပြန်စမိ သည်။

လုပ်စရာလားတဲ့…

အဲဒီမေးခွန်းမျိုး နောက်မမေးမိအောင် ဆင်ခြင်စမ်းပါတဲ့၊ မကြိုက်ဘူးတဲ့။

"ဟား…ဟား…ဟား"

"ဟ…ဘာဖြစ်တာလဲ"

ရုတ်တရက် သူက အော်ရယ်တော့ မျိုးဇော်က လန့်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူးကွာ၊ ချက်တင်က ကောင်မလေး သတိရမိလို့ပါ"

"မင်းကို ဒီလောက်မြူးအောင် ဘာတွေပြောလိုက်လို့လဲ"

မျိုးဇော် သိချင်ပေမယ့် သက္က ပြောမပြမိပါ။

Cream အကြောင်းတွေ ဘယ်သူ့ကိုမှ ပြောမပြချင်။

တစ်ယောက်တည်းပဲ သိထားချင်သည်။

သူ ဘာကို လောဘကြီးနေမိတာလဲ။





သက္ကက လူတွေနှင့် ဝေးရာနေရာသို့ တိတ်တဆိတ် ထွက်လာကာ ဟန်ဘာဂါတစ်လုံးကို အားပါးတရ စားနေမိသည်။ နောက် လက်တစ်ဖက်မှ ကုတ်ဘူးကိုကိုင်ထားကာ မုန့်စားလိုက်၊ ကုတ်ဘူးကို မော့သောက်လိုက်နှင့် အလုပ်ရှုပ်နေမိသည်။

ဘယ်လို ဗိုက်ဆာနေမှန်း မသိပါ။ ဗိုက်တစ်ခုလုံး ဟာတာတာနှင့် အမှန်ဆို ဗိုက်ဆာကတည်းက အချိန်ပေးပြီး စားလိုက်ရမှာ။

ခုတော့....

ဗိုက်ဆာလွန်းကာ မျက်စိတွေတောင် ပြာချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓိုက်လာတာကြောင့် အော်ဟာစ်ဆူညံသံ သီချင်းသံတွေနှင့် တဝုန်းဝုန်းဆူညံနေကြသော စတိတ်စင်နှင့် ဝေးရာသို့ ထွက်လာခဲ့ခြင်းပါ။

သက္က ရပ်နေရာကနေ ကရဝိတ်နန်းတော်ကြီးကို မြင်နေရသည်။ ရေပြင်ကျယ်ကြီးကိုကြည့်ပြီး တစ်ယောက်တည်း စိတ်တွေလန်းဆန်းသွားရသည်။ သက္က နှစ်ပတ်တစ်ခါလောက်တော့ ကရဝိတ်ကို ရောက်ဖြစ်ပါတယ်။ ကရဝိတ်မှာ လေတဖြူးဖြူးတိုက်ပြီး ရေပြင်ကြီးကို ငေးမောကာ မုန့်စားရတာ အရမ်းကြိုက်ပါသည်။

သက္ကရပ်နေရာနေရာက စတိတ်စင်ရဲ့ အနောက်ဘက်၊ တစ်ဖက်ခြမ်းမှာက ကားတွေ စီတန်းရပ်ထားသည်။ ဒီဘက်ခြမ်းကတော့ တိတ်တိတ်ဆိတ်ဆိတ် ရှိပါသည်။

ဒီနေ့က သူငယ်ချင်း ကိုမျိုးဇော်ရဲ့ပွဲဖြစ်တာကြောင့် အစအဆုံး လိုက်ကူညီနေရတာနှင့် လူကမောနေပြီ။ သက္ကအလှည့်ပြီးပြီမို့ ဒီလိုထွက်လို့ရခြင်းပါ။

သက္ကက သီချင်းသုံးပုဒ်ကို ဆက်တိုက်ပဲ ဆိုလိုက်ပါသည်။ ခုတော့ အကာအဖွဲ့တွေ ကပြီး သီချင်းဆိုနေကြသည်။





သီချင်းဟောင်းတွေပဲ ဆိုရတာကြောင့် သက္ကအတွက် အခက်အခဲမရှိ အဆင့်ပြေလှသည်။

သက္ကက အဆိုတော်ပေမယ့် နာမည်သိပ်ကြီးသေးတာမဟုတ်။ လူသိနည်းပါသည်။ ဝါသနာပါတာကတော့ ငယ်ငယ်တည်းကပါ။ ကျောင်းကပွဲတွေမှာ သက္ကက ရှေ့ဆုံးက အမြဲပါသည်။

သိတတ်တဲ့ အရွယ်ရောက်တော့လည်း သူငယ်ချင်းတွေ အတူတူ အားတိုင်း ဂီတာတီးနေတတ်တာ။

'မင်းအသံက အရမ်းဆွဲဆောင်မှုရှိတယ်။ အဆိုတော်လုပ်ရင် ဖြစ်နိုင်တယ်ကွ' လို့ သူငယ်ချင်းတွေရဲ့ အားပေးမှုကြောင့် အဆိုတော်လုပ်ဖို့ ဖြစ်လာခဲ့တာ။

သက္ကမှာ အဆိုပါရမီက ပါပြီးသားဆိုတော့ အဆိုသင်တန်းတောင် တက်စရာမလို။

သက္ကသူငယ်ချင်း ပြည့်စုံရဲ့အစ်ကိုက ရန်ကုန်မှာ လရောင်တေးသံသွင်းက ပရိုဂျူဆာဆိုတော့၊ ပြည့်စုံက သူ့အစ်ကိုဆီ သက္ကအကြောင်း လှမ်းပြောပေးသည်။

ဒီလိုနှင့် သက္က ရန်ကုန်ကို ရောက်လာခဲ့ခြင်းပါ။

www.burmeseclassic.com



နေ့ကုန် ရောက်ရောက်ချင်းတော့ အဆောင်မှာနေပြီး လရောင်တေးသံသွင်းသို့ နေ့တိုင်းသွားခဲ့သည်။ ပြည့်စုံရဲ့အစ်ကို ကိုမျိုးဇော်က အရမ်း သဘောကောင်းသည်။

သဏ္ဍ အဆိုသင်တန်းမတက်ထားတဲ့လူကိုတောင် လက်တွဲ ခေါ်ပါသည်။ လိုအပ်သမျှကို သူကိုယ်တိုင် သင်ကြားပေးတာကြောင့် ခုဆို အောင်မြင်စပြုနေပါပြီ။

အောင်မြင်လာတာကြောင့် သဏ္ဍကို အဆောင်မှာ မနေစိုင်း တော့ဘဲ သူနှင့်အတူတူ ရန်ကင်းအိမ်မှာပဲ အတူတူနေစေသည်။

သဏ္ဍရသမျှပိုက်ဆံတို့ကိုစုကာ သဏ္ဍအတွက် ဆလွန်း ကားတစ်စီး ဝယ်ပေးသည်။ ဒီကားလေးက သဏ္ဍအတွက် အရမ်း အဆင်ပြေပါသည်။

ကိုမျိုးဇော်က သဏ္ဍအပေါ် တပည့်တစ်ယောက်လိုမဟုတ် ဘဲ သူငယ်ချင်းတွေလို ညီအစ်ကိုတွေလို ချစ်ခင်ပါသည်။ သဏ္ဍ အောင်မြင်လာတာ ကိုမျိုးဇော်ရဲ့ကျေးဇူးကြောင့်ပါ။

ဒီလိုရှိုးပွဲတွေမှာ ဝင်ဆိုခွင့်ရတာကလည်း ကိုမျိုးဇော် ကြောင့်ပါ။





ကိုမျိုးဇော်၏ ဘယ်ပွဲမဆို သဏ္ဍပါတာကြောင့် တချို့က မကျေနပ်ချင်ကြ။ ခု ဒီပွဲမှာလည်း သဏ္ဍက ဆိုချင်တာမဟုတ်ဘူး။ သဏ္ဍရဲ့ပြိုင်ဘက်အဆိုတော်ပါတာကြောင့် မဆိုချင်တာ။ ဒါကို ကိုမျိုးဇော်က ဖျောင်းဖျသည်။

အနုပညာလောကမှာ ဒီလိုအပြိုင်အဆိုင်မရှိရင် ပျင်းဖို့ ကောင်းတယ်တဲ့။

ကိုမျိုးဇော်ပြောတာလည်း မှန်တာပဲ။ နောက်ဆုံးတော့ ဒီပွဲ မှာ သဏ္ဍ လာဆိုဖြစ်ပါသည်။

ဗိုက်ဆာဆာနှင့် စားလိုက်တာ၊ မုန့်လည်း ကုန်သွားပြီ။

ကျန်နေသေးတဲ့ အဆိုတော်တွေကိုကြည့်ပြီး စာနာမိသည်။

အဆိုတော်ဘဝဆိုတာ ပင်ပန်းပါသည်။ သရုပ်ဆောင်တွေ ကတော့ အဆိုတော်ထက်တောင် ပိုပင်ပန်းပါသည်။

သူတို့တွေမှာ ထိန်းချုပ်မျိုသိပ်နိုင်ခြင်းဆိုတာကို ပိုင်ဆိုင်ထား ရသည်။

ဗိုက်ဆာနေလည်း မေ့ထား။ ရေဆာနေလည်း မသောက် အားဘဲ အလုပ်ကိုသာ အာရုံစိုက်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေပူထဲမှာလည်း သရုပ်ဆောင်ရသည်။ မိုးရွာပြီး ချမ်းစိမ့်နေလည်း စိတ်မပျက်အဲ ဇွဲရှိနေတတ်သည်။ အလွယ်တကူ လက်မလျှော့တတ်ပါ။

သူတို့တွေကို ကြည့်ရင်လည်း အမြဲလှပနေကြသည်။ ပွဲကြီး သရုပ်ဆောင်တွေတောင် အမြဲနုပျိုလန်းဆန်းနေကြသည်။ ခေါင်းမူးတာလောက်၊ ဖျားတာလောက်ကိုတောင် မမှုကြဘဲ အလုပ်ကို ဆက်လုပ်နေတတ်ပါသည်။

မိုးတွေ အရမ်းသည်းတဲ့ညမှာဆို မွေ့ရာပေါ်လေးမှာ စောင်ခြုံပြီး ကွေးချင်ကြမှာပဲ။ သူတို့မှာတော့ အဝတ်အစားတွေ တစ်စုံပြီးတစ်စုံလဲကာ မိတ်ကပ်မပြတ်ဘဲ သရုပ်ဆောင်နေရတုန်းပါ။ ဒါဟာ သရုပ်ဆောင်တွေရဲ့ ခံနိုင်ရည်စွမ်းအားတွေပါပဲ။

သက္ကလည်း အနုပညာ လောကမှာ အခြေချမိပြီဆိုတော့ သူတို့လိုမျိုးဖြစ်အောင် စိတ်ဓာတ် ကြံ့ခိုင်အောင် ပြုပြင်ရဦးမည်။

ရပ်နေတာတော်တော်ကြာသွားတာကြောင့် နည်းနည်းချမ်းလာသည်။ ကားနားကို လျှောက်သွားလိုက်ပြီး ဂျာကင်ယူနေတုန်းမှာပဲ ထူးဆန်းသောမြင်ကွင်းလေးက သက္ကကို ညှို့ယူဖမ်းစားလိုက်၏။





ဖွပ်ကျယ်ပုံစံ အင်္ကျီအနက်အကျပ်လေးကို ဂျင်းဘောင်းဘီနှင့် ဝတ်ထားပြီး၊ ပင်ဆယ်ဟီး ဖိနပ်အမြင့်လေးနှင့် ကောင်မလေး တစ်ယောက် ငွေပင်ရောင်ကားလေးပေါ်က ဆင်းလာ၏။ ဆံပင်ညိုညိုလေးများကို ပိုနီတေး စီးထားသည်။ မျက်နှာလေးက ဘဲဥပုံအဝိုင်းလေးနှင့် မေးချွန်လေးနှင့် နှာတံလေးက စင်းပြီး၊ အလှဆုံးကတော့ သူမရဲ့ မျက်ဝန်းနက်နက်ကလေးတွေပါ။ နှုတ်ခမ်းလေးက ရဲစိုနေကာ ဖူးပွင့်ကာစ နှင်းဆီအငုံလေးအလား။

သက္ကကြည့်နေတာကို တွေ့သွားတာကြောင့် ချက်ချင်းပဲ အကြည့်လွှဲလိုက်ပုံလေးကို ပိုပြီး မြတ်နိုးသွားသည်။

သူမနောက်က လိုက်ထွက်လာတဲ့ ခွေးစုတ်ဖွားလေးကလည်း ချစ်စရာလေးပါ။

သက္ကလည်း သူမလိုဘဲ ခွေးလေးတွေကို အရမ်းချစ်တတ်ပါသည်။

အဲဒီလိုခွေးလေးတွေက အရမ်းဟောင်တတ်သည်။ သူ့ကို သွားစရင် မလွယ်။ တချို့က အဲဒီခွေးကို Bichon Bolognese လို့ ခေါ်ပါသည်။

www.burmeseclassic.com



သက္ကတို့အိမ်မှာလည်း အဲလိုခွေးလေး နှစ်ကောင်ရှိပါသည်။ ဒီခွေးလေးကိုတွေ့မှ အိမ်ကခွေးလေးတွေတောင် လွမ်းသွားရသည်။ အိမ်ကခွေးလေးတွေကို သက္ကက တစ်ကောင်ကို ဆော့(ဖ်)ကီ၊ နောက်တစ်ကောင်ကို စနိုးကာ(လ်)လို့ ပေးထားကာ၊ ဖေဖေက သက္က ခွေးချစ်မှန်းသိလို့ သက္ကစာမေးပွဲအောင်တဲ့နှစ်က အမှတ်တရ ထိုခွေးလေး နှစ်ကောင်ကို ဝယ်ပေးခဲ့တာ။

သက္ကက ဆော့(ဖ်)ကီနှင့် စနိုးကာ(လ်)ကို နေ့တိုင်း ရေချိုး ပေးသည်။ သူတို့ရဲ့ သန့်ရှင်းရေးတာဝန်၊ ကျွေးမွေးရေးတာဝန်ကို သက္ကက ယူထားရကာ ဒီကောင်လေးတွေက သက်တမ်း (၁၄)နှစ် ရှိပြီးတော့ ဒီကောင်လေးတွေက အီတာလီစာတိ ဖြစ်သည်။

တစ်နေ့တစ်နေ့ ဒီကောင်တွေနဲ့ပဲ အချိန်ကုန်နေလို့ မေမေ တောင် သက္ကကို ကြည့်မရဘူးလို့ အမြဲပြောတတ်သည်။

အခု သူမရဲ့ခွေးလေးမြင်မှ အိမ်ကခွေးတွေကို သတိရမိ သည်။ သူတို့လေးတွေကို သက္ကမရှိတုန်း အစာမှန်မှန်ကျွေးရဲ့လား မသိ။ အစာတော့ မေမေ ကျွေးမှာပေါ့။ ဒီကောင်တွေကို အလည်တော့ ခေါ်မှာမဟုတ်ဘူး။ ဒီကောင်တွေက လမ်းထွက်ရင် အရမ်းပျော်တာ။





ဒီခွေးလေးကလည်း သက္ကခွေးလေးတွေလိုပဲ လိမ္မာပုံရ သည်။ သူမနောက်က အေးဆေးလိုက်သွားသည်။ ခွေးချစ်ပုံရသော သူမရဲ့ပုံရိပ်လေးကို မျက်စိထဲက မထွက်တော့ပေ။ ခွေးလေးကိုတော့ သူမက တော်တော်ချစ်ပုံပဲ။

သူမကိုကြည့်ရတာ ရှိုးပွဲလာကြည့်တာ မဖြစ်နိုင်ပါ။ ဒီတိုင်း ကရုဝိတ်ကို အလည်လာပုံပဲ။

သူမလမ်းလျှောက်သွားပုံလေးက သက္ကရဲ့ စိတ်နှလုံးကို ဆွဲဆောင်သွားနိုင်ပါသည်။ ပုခက်ကြမ်းကြမ်းလွှဲသလို ရင်ထဲ လှုပ်ခါ သွား၏။

သက္ကအတွက်တော့ ရောင်စုံလေးတွေနှင့် လှပနေသော စင်မြင့်က မြင်ကွင်းထက်ပင် လှပထူးဆန်းနေပါသည်။

အကအဖွဲ့က နောက်ဆုံးဆိုတော့ သူတို့အလှည့်ပြီးလျှင် ပြန်လို့ရပါပြီ။ ဇော်ဇော်နှင့် ဝိုင်ဝိုင်းတို့က ဒီပွဲမှာ မပါ။ အရင်ကဆို ဇော်ဇော်ရယ်၊ ဝိုင်ဝိုင်းရယ်၊ ကိုမျိုးဇော်နှင့် သက္ကတို့လေးယောက် အတူတူပြန်နေကြပါ။ ဒီပွဲမှာတော့ ဟိုနှစ်ယောက် မပါကြတော့ သက္ကနှင့် ကိုမျိုးဇော်တို့ပဲ ပြန်ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်…သက္က"

"ဩော်…ကိုမျိုးဇော်"

"မင်းကွာ ရှာလိုက်ရတာ"

ကိုမျိုးဇော်က ဘေးနားရောက်လာသည်။

"ဒီမှာ ဘာလာလုပ်နေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး ပျင်းတာနဲ့ ကားနားလျှောက်လာတာ"

"အေး…အေး"

"ငါသွားနှင့်ပြီနော်"

"မင်းလည်း ယူစရာရှိတာ သွားယူလိုက်ဦး"

ကိုမျိုးဇော်က သက္ကအနားမှ ချက်ချင်းပဲ လှည့်ထွက်သွားသည်။ သက္ကလည်း ကိုမျိုးဇော်နောက်မှ လိုက်ဝင်သွားတော့သည်။





'ဇင်မီ' က ကားကို ခြံတံခါးရှေ့ ထိုးရပ်လိုက်တော့ မောင်ထွန်းက တံခါးလာဖွင့်ပေးပါသည်။

လုံးလုံးလေးက အရမ်းလည်တာ။ ခြံတံခါးလည်း ဖွင့်လိုက်ရော ကားပေါ်ကခုန်ဆင်းပြီး အိမ်ထဲ တန်းဝင်သွားတော့သည်။

လုံးလုံးလေးက အရမ်းချစ်စရာကောင်းသည်။ 'ဇင်မီ' ဘယ်သွားသွား သူ့ကို ခေါ်သွားလေ့ရှိသည်။ သူက အရမ်းပါးတာ တစ်နေရာသွားဖို့ ပြင်ဆင်နေပြီဆို သူက ရှေ့က အရင်ထွက်နှင့်တတ်သည်။ လုံးလုံးကိုခေါ်သွားရင် လူတွေ ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေကြည့်ရင် လုံးလုံးက အိုက်တင်အရမ်းများတာ။ လှှာလေးတစ်လစ်ထုတ်ပြီး အမြီးတဖွာဖွာနှင့်ဆိုတော့ ချစ်စရာ လေးပါ။

ခုနက ကရဝိတ်မှာတွေ့ခဲ့တဲ့ကောင်လေးကိုတောင် မျက်လုံး ထဲ ပြန်မြင်ယောင်လာသည်။ သူချောတာကိုတော့ 'ဖင်မီ' အသိ အမှတ်ပြုရသည်။

ထိုကောင်လေးက 'ဖင်မီ' ကို အထူးအဆန်းသဖွယ် ငေး ကြည့်နေ၏။ 'ဖင်မီ' ကို ထူးဆန်းတာတော့ မဖြစ်နိုင်ပါ။ လုံးလုံးလေး ကို ချစ်စရာကောင်းလို့ လိုက်ကြည့်တာနေမှာပါ။

ဒီတစ်ခါတော့ လုံးလုံးကို 'ဖင်မီ' မနာလိုစိတ်ဝင်မိပါသည်။ လုံးလုံးလေးတို့ ဖွံ့ပုံများ ကောင်လေးချောချောကပင် လိုက်ငေးကြည့် နေသည်အထိပါ။

ဖင်မီလည်း ကားကို ဂိုဒေါင်ထဲထည့်ပြီး လုံးလုံးနောက်မှ ပြေးလိုက်လာခဲ့သည်။ ရင်ထဲမှာလည်း ပျော်သလိုလို။ အဲဒီ ကောင်လေးနှင့် နောက်တစ်ခါလောက် ထပ်ဆုံချင်ပါသေးသည်။





ကိုမျိုးဇော်က အစီအစဉ်အားလုံးကို သဏ္ဍာအား ပြောပြနေ သည်။ တကယ်တမ်းကျတော့ ဒီအလုပ်ဟာ မပင်ပန်းဘူးလို့ ထင်ရ ပေမယ့် ဘယ်လောက်ခြေကုန်လက်ပန်းကျလဲဆိုတာ ကိုယ်တိုင်ပဲ သိနိုင်ပါသည်။

စီစဉ်စရာတွေက အများကြီးပါ။ တီးဝိုင်းအဖွဲ့၊ နောက်ခံ တေးဂီတအဖွဲ့၊ အကအဖွဲ့၊ ဆလိုက်မီးအဖွဲ့၊ ကင်မရာအဖွဲ့ အဖက်ဖက် က ပြည့်စုံအောင် စီစဉ်ရတာ။ အစီအစဉ်တွေ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် အားလုံးပျော်နိုင်ဖို့ စီစဉ်ပေးရတာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးဇော်က ကိုယ်တိုင်လည်း Studio ဖွင့်ထားသည်။ တချို့ပွဲတွေမှာ စပွန်ဆာပေးတာတွေလည်း ရှိသည်။

ကိုယ်တိုင်လည်း ရှိုးပွဲတွေပြုလုပ်တာကြောင့် အမြဲ မအားလပ်ပါ။

ခုလည်း မြရိပ်ညိုမှာ ရှိုးပွဲလုပ်ဖို့ အစီအစဉ်ဆွဲနေတာပါ။

"ငါဆွဲထားတဲ့ အစီအစဉ် ဘယ်လိုလဲ"

"အင်း…မဆိုးပါဘူး"

"မင်းရော ဘယ်လိုလုပ်ချင်သလဲ ပြောလေ"

ကိုမျိုးဇော်က အားလုံးထဲမှာ သက္ကကို ရင်းနှီးခင်မင်သည်။ သက္ကနှင့်ဆို ညီအစ်ကိုတွေလိုပါ။ သက္ကဆီက အကြံဉာဏ် အမြဲယူတတ်သည်။

"dance groap အဖွဲ့တွေကို နောက်ဖက်ပို့ရင် ကောင်းမယ် ထင်တယ်"

"ဘာလို့လဲ သက္ကရဲ့၊ ရှေ့မှာဆိုတော့ ပရိသတ်တွေ မြူးမြူးလေးနဲ့ စိတ်ပါအောင်လေ၊ အဖွဲ့လိုက်ကတာဆိုတော့ ပိုကြည့်လို့





"အစပိုင်းတော့ ကောင်းပြီး၊ နောက်ပိုင်းက အေးအေးကြီး ဖြစ်သွားမှာပေါ့"

"အေးကွ မင်းပြောတာလည်း ဟုတ်တာပဲ"

ပရိသတ်ကို ဆွဲဆောင်နိုင်ဖို့က အဓိကလေ။ လက်မှတ်ဝယ်ပြီး ကြည့်ရတာဆိုတော့ ပရိသတ်တွေကို ပိုပြီး တန်စေချင်သည်။

ဒီလို စေတနာကြောင့် အချိန်ယူ လူပင်ပန်းခံပြီး ပရိသတ်အတွက် မရိုးရအောင် စီစဉ်နေတာပါ။ အစီအစဉ်ကို ကောင်းသထက်ကောင်းအောင် ပရိသတ် မပျင်းရအောင်၊ ကြည့်ရကျိုးနပ်အောင် ကြိုးစား ရေးဆွဲနေကြတာပါ။

"ကဲ…ကဲ၊ မင်းလည်း မောပြီ လက်ဖက်ရည်သောက်လိုက်ဦး၊ ကျန်ကိစ္စတွေကို နေ့လယ်မှ ဆက်ဆွေးနွေးကြတာပေါ့"

သက္ကက ကိုမျိုးဇော်ကို ခေါင်းညိတ်ပြပြီး စားပွဲပေါ်က လက်ဖက်ရည်ခွက်ကို ယူကာ မော့သောက်နေလိုက်သည်။ ပန်းကန်ထဲက ပေါင်မုန့်တစ်ချပ်ကို ဆွဲယူလိုက်သည်။ ပေါင်မုန့်ကို ကြက်ဥနှင့်ကြော်ထားတာကြောင့် စားလို့ကောင်းပါသည်။ သက္ကတို့ (Studio)က အေးချမ်းတဲ့လမ်းကလေးမှာ တမင်လာဖွင့်ထားတာပါ။

www.burmeseclassic.com



တခြားလမ်းတွေနှင့်မတူဘဲ တိတ်ဆိတ်ရှင်းသန့်ပြီး နေချင်စဖွယ် ကောင်းတာကြောင့် အလုပ်လုပ်ရတာ အဆင်ပြေလှသည်။ ခြံဝင်းကျယ်ကြီးဆိုတော့ တစ်ဖက်ကိုကားရပ်စေပြီး ကျန်တစ်ဖက်မှာ ပန်းဥယျာဉ်လေး လုပ်ထားသည်။

ဒီလမ်းလေးက ခြံကျယ်ကြီးတွေ အားလုံးပေါင်းမှ ဘယ်နှစ်ခြံမှ မရှိ၊ သီးသီးသန့်သန့်နှင့် နားအေးပါးအေး ရှိလွန်းပါသည်။

သက္ကတို့စတူဒီယိုက ဒီလမ်းကလေးထဲမှာဆိုတော့ ဒီလမ်းကို အမြဲလာရပါသည်။

ဘာလိုလို့နှင့် ဒီလမ်းကလေးက စတူဒီယိုသို့ အဝင်အထွက်ကားတွေ များလာပါသည်။

သက္ကတို့ စတူဒီယိုက အကျယ်ကြီးဆိုတော့ နေရတာလွတ်လပ်ပါသည်။

ပြတင်းပေါက်လိုက်ကာလေးကို ဖွင့်ပြီး ဘောက်လက်စ လက်ဖက်ရည်ခွက်လေးကိုင်ကာ လမ်းမပေါ်ကို ရပ်ငေးနေမိသည်။

လမ်းဖက်ကိုကြည့်နေမိရင်း ထူးဆန်းသော ကောင်မလေးနှင့် ခွေးစုတ်ဖွားလေးကို သတိရမိပါသည်။





ခြံထဲက အလှပန်းအိုးတွေက လှပေမယ့် ကြည့်ရတာ မကျေနပ်ချင်။

ထိုကောင်မလေးနှင့် တပ်တွေ့ချင်တဲ့ဆန္ဒက ရင်ထဲရောက်လာ၏။

"ဟာ"

မမှားနိုင်ပါဘူး။ အဲဒီကောင်မလေးပဲ၊ မျက်နှာကို မမြင်ရပေမယ့် သက္က မှတ်မိပါသည်။ ဟိုတစ်နေ့ကလို ခွေးပုလေးက သူမရဲ့ တစ်ဖက်ခုံမှာ ငြိမ်သက်စွာ ထိုင်နေလေသည်။

ဒီလမ်းထဲမှာ ဘာကိစ္စရှိလို့ပါလိမ့်။ ကားလေးကလည်း ဟိုတစ်ခါတွေ့တဲ့ကားလေးပါ။

ငွေမင်ရောင်စလွန်းကား လှလှကလေး။ သူ မှတ်မိနေပါသည်။ ရောင်မျက်မှန်အနက်ကြီးက သူမရဲ့ မျက်ဝန်းနက်နက်လေးတွေကို ဖုံးကွယ်ထားတာကြောင့် သူမနှင့် မျက်လုံးချင်း မဆုံလိုက်ရ။

အဲဒီကောင်မလေးက ငါ့ကို မှတ်မိပါ့မလား။ သူမက သက္ကကို မမြင်ပါ။ မြင်ဖို့လည်းမလွယ်ကူပါ။ သူမက ကားနှင့် ဖြတ်သွားတာဆိုတော့ ဘယ်လိုလုပ်ပြီး တွေ့နိုင်မှာလဲ။

www.burmeseclassic.com



သူမမျက်နှာပေါ်မှ မျက်မှန်လေးကိုချွတ်ကာ သူမမျက်နှာကို တဝကြီး ထိုင်ကြည့်ချင်သည့်ဆန္ဒက အပြင်းအထန် ပေါ်ပေါက်လာ၏။

သတ္တာ စတူဒီယိုနှင့် နှစ်ခြံကျော်လောက်အရောက်မှာ သူမကားလေးက ခြံထဲသို့ ကွေ့ဝင်သွားတော့သည်။

ဟာ…ဒီလမ်းထဲမှာနေတာလား။

ဘာလို့ သတ္တာနှင့်တစ်ခါမှ မဆုံရတာလဲ။

ဒီလမ်းထဲမှာ စတူဒီယိုဖွင့်ထားတာ ကြာပါပြီ။ ဘာလို့ သူမကို မသိရတာလဲ။ ဒီလမ်းထဲကအိမ်တွေအားလုံးနီးပါး မျက်မှန်းတန်းနေမိပါသည်။ နေ့တိုင်း ဝင်ထွက်သွားလာနေကြပါ။ ဒီကောင်မလေးကိုတော့ တစ်ခါမှမတွေ့ဘူးပါ။ ခုမှပြောင်းလာတာလား။ လူသစ်တွေများလား မသိ။

ဘာပဲဖြစ်ဖြစ် သူမက သတ္တာရင်ကို လှုပ်ခတ်နိုင်စွမ်းရှိပါသည်။ သတ္တာ သူမကို မေ့လို့ရမည် မထင်တော့ပါ။ သူမကို စိတ်ထဲမှာ မှတ်မှတ်ရရ ရှိနေပြီ။

"သတ္တာ"





"ဗျာ"

ကိုမျိုးဇော်က လှမ်းခေါ်နေတာကြောင့် လက်ထဲက လက်ဖက်ရည်ခွက်ကို မြန်မြန်မော့သောက်လိုက်ရသည်။ သတ္တာက ကိုယ့်အဖြစ်ကို ရယ်ချင်မိသည်။

သတ္တာဆိုတဲ့ကောင်လေးကလည်း အဆိုတော်တစ်ယောက်ပါ။ မိန်းကလေးသူငယ်ချင်းတွေလည်း ရှိတာပါပဲ။ ဘာလို့ ဒီကောင်မလေးကိုမှ ရင်ခုန်မိတာပါလိမ့်။

သတ္တာ အမြင်မှာတော့ သူမက တခြားကောင်မလေးတွေနှင့်မတူ။ တစ်မူထူးခြားနေလေသည်။ မျက်လုံးကတစ်ဆင့် ရင်ထဲအထိ ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇင်မီရေ"

"ဟင်...ဘာလဲ ဒေါ်ပု"

"ဖုန်းလာနေတယ်"

"ဟင်...ဟုတ်လား၊ ဘယ်သူ့ဆီကလဲ"

"သမီးအစ်မဆီက"

ဇင်မီက မဂ္ဂဇင်းဖတ်နေရင်းမှ ငေါက်ကနဲထကာ ဖုန်းသွားကိုင်လိုက်၏။

"မမလား"





"အေး...ဟုတ်တယ်"

"ဘယ်လိုလဲ နှင်းအဆင်ပြေတယ်မလား"

"အင်း...ပြေတာပေါ့"

"ဒါပေမယ့် မမ မရှိတော့ ပျင်းသလိုပဲ"

"မမြင်ရတော့ ယုံလိုက်မယ်လေ"

"မမ ဘာပြောမလို့လဲ"

"ငါ နှင်းမရှိတုန်းမှာလေ ရည်းစားရသွားပြီ"

"ဟင်...မမကလည်း ဇင်မှီကိုတောင် မပြောဘူး ကြည့်စမ်း လျှို့ထားတယ်ပေါ့ ဟုတ်လား၊ ချောလားဟင် မမလူကြီးက"

"အရမ်းချောတယ်"

"ချောတယ် ဟုတ်လား၊ မြင်တောင် မြင်ဖူးချင်လာပြီ"

"ညီမလေးကော ရန်ကုန်မှာ ရည်းစားတွေဘာတွေ ရှိနေပြီလား"

"ဟာ...မမကလည်း ဘာတွေလာပြောနေလဲ"

မျက်စိထဲမှာတော့ ကရဝိတ်မှာတွေ့လိုက်တဲ့ ကောင်လေးကို မြင်ယောင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ဟဲ့ ဒါပဲနော်"

ပြောပြီးတာနဲ့ မမက ဖုန်းချလိုက်သည်။

အမှတ်တမဲ့ မတော်တဆဆုံခဲ့တာလေးကို ဇင်မီ့ဘက်က အမှတ်တရဖြစ်နေတာ ပြောပြရမှာ ရှက်သည်။

ဇင်မီက ရန်ကုန်မှဘွားဘွားဆီ အလည်လာနေခြင်းပါ။ ဘွားဘွားက ဇင်မီတို့နှင့် လိုက်ပါဆိုလည်း ခေါ်လို့မရ။ ဘွားဘွားက သူ့ဇာတိရန်ကုန်မှာပဲ ပျော်သည်။

ဇင်မီ့အဘွားဆိုပေမယ့် ဘွားဘွားက နုပျိုနေဆဲပါ။ လုပ်ငန်းတော်တော်များကို ကိုယ်တိုင်ဦးစီးလုပ်ကိုင်နေတုန်းဖြစ်သည်။

မေမေတို့က ဘွားဘွားကို စိတ်မချတာကြောင့် ဇင်မီကို ဘွားဘွားဆီပို့ထားတာ။

မမကတော့ သမီးဦးလည်းဖြစ်၊ မေမေနှင့်လည်း တိုးတိုးဖော် တိုင်ပင်ဖက်တွေ မဟုတ်လား။ မမမှာက ဆေးရုံတာဝန်လည်း ရှိနေသည်။

ဘွားဘွားနှင့် မမက သိပ်အစေးမကပ်၊ ဘွားဘွားက ဇင်မီ့ကို ပိုချစ်ပါသည်။





ဇင်မီငယ်ငယ်တည်းက ဖေဖေနှင့် မေမေတို့နှင့် တစ်လှည့် နေလိုက်၊ ဘွားဘွားနှင့်တစ်လှည့် နေလိုက်ဆိုတော့ ကျင့်သားရနေပါပြီ။ ဟိုမှာလည်း ပျော်သည်။ ဘွားဘွားဆီမှာလည်း ပျော်သည်။

ဘွားဘွားက ဇင်မီကို မချုပ်ချယ်ဘဲ လွတ်လပ်စွာနေခွင့်ပြုသည်။ ဇင်မီ သွားရေးလာရေးအဆင်ပြေစေဖို့ ကားတစ်စီးလည်း ဝယ်ပေးထားသည်။ ဇင်မီကလည်း အလကားမနေပါ၊ ဘွားဘွားရဲ့ ရွှေဆိုင်မှာ အချိန်ပိုင်းထိုင်ပါသည်။ ညနေပိုင်းမှာ ဇင်မီဝါသနာပါတဲ့ ဒီဇိုင်နာသင်တန်း တက်နေတာပါ။

မေမေက ဘွားဘွားကို ချစ်ပေမယ့် ဖေဖေအလုပ်ရှိရာ နေရာမှာဘဲ နေရမယ်လို့ ဘွားဘွားကပြောတာကြောင့် ဖေဖေလုပ်ငန်းရှိရာ မန္တလေးမှာပဲ လိုက်နေပါသည်။

မမက ဆရာဝန်၊ ဆေးရုံမှာ တာဝန်ထမ်းဆောင်နေပြီ။ ဇင်မီကတော့ ငယ်ငယ်တည်းက စာညံ့တာကြောင့် ဆယ်တန်းတောင် မနည်းအောင်အောင်မြေရတာ။

ဇင်မီက ဆယ်တန်းအောင်ပြီး အီးမေဂျာအဝေးသင်ပဲ ဖြိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမနှင့် ဇင်မီက တစ်နှစ်ကြီး တစ်နှစ်ငယ်ပါ။ အမှတ်တမဲ့ ကြည့်လိုက်ရင် တစ်ယောက်တည်းလိုပဲ။ အရမ်းဆင်တာပဲလို့ လူတိုင်းက ပြောကြသည်။ ဇင်မီရော၊ မမပါ ဆံပင်ကို တစ်ပုံစံတည်းထားသည်။ အရပ်အမောင်းနှင့် အသားအရေကလည်း တူသည်။

အဝတ်အစား အသုံးအဆောင်လည်း အမြဲဆင်တူဝယ်သည်။ မေမေက ဘာမဆို ဆင်တူလေးတွေ ဝယ်ပေးတတ်သည်။ ဆင်တူဝတ်လိုက်လျှင် အမြွှာတွေလိုပါ။

ဇင်မီ ဒီတစ်ခါ ရန်ကုန်သွားတာ မေမေက သိပ်စိတ်ချပုံမရ။ ဘာလို့မှန်းမသိ မေမေက စိတ်ပူပန်နေသည်။

မေမေက ဇင်မီ့ကို လိမ်လိမ်မာမာနေဖို့ သေချာမှာလိုက်ပါသည်။

မေမေက ညီအစ်မနှစ်ယောက်မှာ မမကိုတော့ စိတ်ချပြီး၊ ဇင်မီ့ကိုဆို အမြဲတမ်း စိုးရိမ်နေတတ်သည်။

'သမီးငယ် တစ်ယောက်တည်းဆိုပြီး သွားချင်တိုင်း လျှောက်သွားမနေနဲ့နော်၊ ဘွားဘွားကိုလည်း ဂရုစိုက်ဦး' လို့ သေချာထပ်တလဲလဲ မှာနေသည်။





'ဟုတ်ကဲ့ပါ မေမေရဲ့၊ သမီး ဘယ်မှလျှောက်မသွားပါဘူး၊ ဘွားဘွားကိုလည်း ဂရုစိုက်ပါ့မယ်' လို့ ကတိတွေ ပေးခဲ့သည်။

ခုတော့ သမီး ကောင်လေးတစ်ယောက်ကို ရင်ခုန်နေမိပြီလားမသိ။

သူက အမှတ်တမဲ့ကြည့်လိုက်တာကို ကိုယ်က ရင်ခုန်သွားစေတာ ဘယ်လိုလုပ်ရမလဲနော်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်မီက၊ ကြွေခရားထဲမှ လက်ဖက်ရည်တစ်ခွက်ကို ငှဲ့လိုက်ပြီး နို့စိမ်းနည်းနည်း ထပ်ထည့်လိုက်၏။ ဇင်မီက လက်ဖက်ရည်ဆို စိမ့်နေမှ ကြိုက်တတ်တာ။ ခါးခါးစိမ့်စိမ့်ကလေး။

အိမ်မှာဆို မေမေ့လက်ရာ လက်ဖက်ရည်က အချိုလျှော့ အစိမ့်လျှော့နှင့်ဆိုတော့ သောက်လို့မကောင်း၊ ခုတော့ ဘွားဘွားအိမ်မှာ ဇင်မီသောက်ချင်တိုင်း သောက်လို့ရသည်။ မေမေက အဆီအစိမ့် အလွန်ကြောက်သည်။





ဖေဖေနှင့် မမလည်း မေမေနှင့် အကြိုက်ချင်း တူနေ၍ အဆင်ပြေလှသည်။ ဇင်မီအတွက်တော့ အဆင်မပြေပါ။

မေမေ့လက်ရာ မြီးရှည်ကိုတော့ ဇင်မီ အရမ်းကြိုက်သည်။ မေမေက ဇင်မီတို့ကို တစ်နေ့တစ်မျိုး မရိုးအောင် လုပ်ကျွေးပါသည်။ ဝတ္တရားကျေပါသည်။

ဘွားဘွားကတော့ ခေတ်မီသူပီပီ မနက်ဆို သစ်သီးဖျော်ရည်တစ်မျိုးမျိုးပဲ သောက်တတ်သည်။ တစ်ခါတလေမှ ပေါင်မုန့်တို့၊ ကော်ဖီတို့ စားသောက်တတ်တာ။ ဆယ်ကွေ့တစ်ကွေ့။

ဇင်မီကတော့ မစားနိုင်ပါ။ မနက်ဆို မုန့်ဟင်းခါး၊ အသုပ်စုံ၊ မြီးရှည်တို့လို ချဉ်ချဉ်စပ်စပ်တွေ စားရမှကြိုက်တာ။ ဘွားဘွားက မချုပ်ချယ်ပါ။ ဇင်မီ့အကြိုက် စားစေသည် မဟုတ်လား။ ဇင်မီ စားချင်တာကို နေ့တိုင်း ဝယ်ကျွေးပါသည်။

ဇင်မီက လက်ဖက်ရည် ဆို စိမ့်နေမှ ကော်ဖီဆို ခါးနေမှ ကြိုက်သည်။

ကိတ်မုန့်ဆိုလည်း ကရင်(မ်)ပါမှ ကြိုက်တာ။ အပေါ်က ကရင်(မ်)တစ်ထပ်ပါမှ စားလို့ ကောင်းသည်ဟုထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိတ်မုန့်ဆိုရင် ကရင်(မ်)ပဲကပ်ကပ်၊ အချိုပဲဖြစ်ဖြစ်၊ အငန်ပဲဖြစ်ဖြစ် အကုန်ကြိုက်သည်။

ချိစ်ကိတ် (Cheese cake)...

ဘာဒါကိတ် (Butter cake)...

မာဘဲလ်ကိတ် (Marble cake)...

ရိုးရင်းကိတ် (Rolling cake)...

ဖရုကိတ် (Fruit cake)...

အဆော့တစ်ကိတ် (Assorted cake)...

ချောကလက်ကိတ် (Chocolate cake)...

ဂျယ်လီကိတ် (Jelly cake)...

ပူတင်းကိတ် (Pudding cake)...

လေရာကိတ် (Layer cake)...

ပလိန်းကိတ် (Plane cake)...

ဖန်စီကိတ် (Fancy cake)...

ကိတ်မုန့်ဆိုပြီးရော အကုန်ကြိုက်ပါသည်။

ထိုအထဲမှာ ပူတင်း (Pudding cake)ကို အကြိုက်ဆုံးပဲ။





ပူတင်းတစ်ထပ်၊ ကိတ်သားတစ်ထပ်၊ ကရင်မ်တစ်ထပ်။ အရည်တစ်မျိုးပဲ သောက်ရလျှင် တစ်ခုခု လစ်ဟာနေသလိုပဲ။ ကိတ်မုန့်ပါမှ ပြည့်စုံ သလိုထင်မိသည်။ ကိတ်မုန့်ကို ဘယ်တော့မှ ရိုးအီပြောင်းလဲမသွားနိုင်အောင် နှစ်ခြိုက်လွန်းပါသည်။ ငယ်ငယ်ကတည်းက။

ဒီနေ့လည်း ဘွားဘွား ဖင်မီစားဖို့အတွက် အစုံဝယ်ပေးတာကြောင့် ဖင်မီ ဘာမှလုပ်စရာမလို အသင့်စားရုံပဲ။

"ဟဲ့...မြေးလေး စားလေ၊ ဘာမှလည်း မစားပါလား"

"စားပါတယ် ဘွားရဲ့၊ ဘွားလည်း လာစားပါလား၊ မုန့်ဟင်းခါးက အရမ်းစားလို့ကောင်းတယ်"

"မြေးလေးသာစားပါ၊ ဘွားတို့က အသက်ကြီးပြီဆိုတော့ အဲဒါတွေ စားလို့မဖြစ်ဘူးကွယ့်၊ အစားအသောက် ဆင်ခြင်မှ"

"ဘွားဘွား...ဒီနေ့ လမ်းမလျှောက်ဘူးလား"

"လျှောက်တာပေါ့ မြေးရဲ့"

"ဟင်...ဘွားကလည်း နောက်နေ့ကျရင် သမီးကိုလည်း ခေါ်နော်၊ ဘွားတစ်ယောက်တည်း သမီး စိတ်မချပါဘူး"

www.burmeseclassic.com



"ဟင်း…ဟင်း"

ဘွားဘွားက ဇင်မီစကားကို ရယ်ပါသည်။ ပြောင်းပြန်စကားမဟုတ်လား။

"အေးပါကွယ်…နောက်နေ့ကျ မြေးလေးကိုပါ နှိုးမယ် ဟုတ်ပြီလား"

"ဟေး…ဒါမှ တို့ဘွားဘွားကွ"

ဇင်မီ ဘွားဘွားကို ဖက်ကာ ချွဲလိုက်သည်။ ကိုယ့်အဘွားမို့ မြှောက်ပြောတာ မဟုတ်။ ဘွားဘွားက ရင်ဖုံးလက်ရှည် နုံ့သာရောင်နှင့် ချိတ်ထဘီနှင့် နုပျိုနေတုန်းပါ။

ဇင်မီက ဘွားဘွားကို အရမ်းချစ်ပါသည်။ အဘွားဆိုလို့ ဒီတစ်ယောက်ပဲရှိတာ။ အဘိုးကတော့ ဇင်မီတို့ ငယ်ငယ်ကတည်းက ဆုံးသွားခဲ့တာ။ ဖေဖေကျတော့လည်း ငယ်ငယ်ကတည်းက မိဘတွေ ဆုံးသွားတော့ ဖေဖေ့ဘက်က အဘိုးရော အဘွားရော မမြင်ဘူးခဲ့ပါ။ ဒီတော့ ဘွားဘွားကိုပဲ အချစ်ပိုရတာပါ။

ခုလည်း ဘွားကို ခြံဝင်းတံခါးနေရာထိ လိုက်ပို့ပေးပြီး လှည့်ဝင်မည်လုပ်တုန်းမှာ…





"ဟင်"

အောက်က ရှပ်ပန်းရောင်နှင့် ဘောင်းဘီအနက်ကို ခါးပတ်နှင့် ဝတ်ထားပြီး ရှူးဖိနပ်အနက်လေးနှင့် အိတ်တစ်လုံးလွယ်လျက် လျှောက်သွားသူကြောင့် 'ဇင်မီ' မျက်လုံးလေး အဝိုင်းသားနှင့် လိုက်ကြည့်နေမိသည်။

ဟုတ်မှ ဟုတ်ရဲ့လားဟု သေချာကြည့်နေမိသည်။ သူမှသူ အစစ်ပါ။ သူက ဒီလမ်းထဲ ဘာလာလုပ်တာလဲ။ အစက မတွေ့ဘူးပါလား။

သေချာအောင် 'ဇင်မီ' က ဖွင့်ထားသော ခြံတံခါးဝအထိ ပြေးသွားကာ လိုက်ကြည့်မိသည်။ လက်ကလေး နောက်ပစ်ပြီး ခါးလေးကိုင်းကာ ကြည့်မိ၏။ သူက 'ဇင်မီ' တို့ နှစ်အိမ်ကျော်က 'လရောင်' စတူဒီယိုထဲကို ဝင်ရောက်သွားသည်အထိ မျက်စိတဆုံး လိုက်ကြည့်မိပါသည်။

"ဟယ်တော့"

သူက အဆိုတော်ပေါ့။ ငါ ဘာလို့မသိရတာလဲ။ အဲဒီနေ့က လည်း သီချင်းလာဆိုတာပဲ ဖြစ်ရမယ်။

www.burmeseclassic.com



ဒီလမ်းထဲမှာ (Studio)တစ်ခု လာဖွင့်ထားတာ ကြာပါပြီ။ သီချင်းသံတွေလည်း အမြဲကြားနေရသည်။ လှတပတ ကောင်မလေး သန့်ရှင်းသပ်ရပ်သောကောင်လေးတွေနှင့် လမ်းမှာ အမြဲကြုံရပါသည်။ ဒီကောင်လေးလောက်ချောတာ မရှိခဲ့။ ဇင်မီကပဲ သိပ်ချောတယ် ထင်တာလား။

ကောင်မလေးက သက္ကကို အထူးအဆန်းသဖွယ် လိုက်ကြည့်နေတာ သက္ကသိပါသည်။ ဟိုတစ်နေ့က သူမဝင်သွားခဲ့တဲ့ ခြံလေးကို မှတ်မိနေတာကြောင့် သူမတို့ခြံမရောက်ခင်ကတည်းက ကြည့်နေခဲ့တာပါ။ ခုတော့…

သူမကလည်း သက္ကကို ခြံဝအထိ လိုက်ကြည့်နေသေးသည်။ ဘယ်လိုကောင်မလေးပါလိမ့်။ သက္ကကို အဲလိုမျိုးကြီး လိုက်ကြည့်တော့ ဘဝင်တောင် မြင့်ချင်လာပြီ။

သူမက အိမ်နေရင်း ဂါဝန်အဖြူလေးနှင့် အနက်တီကြီးတစ်ယောက်ကို နှုတ်ဆက်နေပြီး၊ သက္ကကိုလည်းမြင်ရော အံ့သြသွားပုံပါ။

ဒါဆို သူမ သက္ကကို မှတ်မိတာပဲ။ သက္ကကို ခုလိုမှတ်မှတ်ရရ ရှိနေတဲ့အတွက် ဝမ်းသာသွားရသည်။ သက္ကက စိတ်ပူနေခဲ့တာ။





သူမ သက္ကကို မှတ်မိပါ့မလားလို့ စိုးရိမ်နေခဲ့ရတာ။ ခုတော့ အရှမ်းပျော်သွားပြီ။

ပျော်လွန်းလို့ ခြံထဲကို ရယ်မောဝင်လာမိသည်။ မျက်နှာကလည်း ရယ်တပြုံးပြုံး။

“ဟေ့ကောင် သက္က၊ မင်းဘယ်လိုဖြစ်လာတာလဲ၊ တစ်ယောက်တည်း ရယ်နေပါလား”

ဟု ကိုမျိုးဇော်က လှမ်းမေးသည်။

“ဟဲ…ဟဲ၊ ဘာမှမဖြစ်ပါဘူး”

“မင်းကတော့ကွာ ဖြစ်လိုက်ရင် အဆန်းကြီးပဲ”

ဘယ်သူတွေ ဘာပြောပြော သက္ကမမှုနိုင်တော့ဘူး။ ရင်ထဲမှာ ဖြောင်းဆန်အောင် လှုပ်ရှားနေမိသည်။ သက္ကစိတ်ဝင်စားမိတဲ့ ကောင်မလေးက ကိုယ့်ကို ပြန်စိတ်ဝင်စားနေပုံပေါ်တာကြောင့် စိတ်ထဲမှာ ကျေနပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဇင်မီ' က ညေ့်ခန်းကိုလျှောက်လာပြီး ချို့ဆီ ဖုန်းဆက်သည်။

ပြီးခဲ့သည့်တစ်ပတ်က ဇင်မီတို့ သူငယ်ချင်းတွေစု အလှခေတ် ပုံလျှောက်ရိုက်ကြသည်။

ခေတ်ပုံတွေက ရတာကြာပြီဖြစ်ပေမယ့် ဇင်မီ့ဆီ မရောက်သေးတာကြောင့် ချို့ဆီ ဖုန်းဆက်မေးခြင်းပါ။

"ဇင်မီလား"

"ဟုတ်တယ် ချို"





"ဟဲ့...ဇင်မီ၊ နင့်ခေတ်ပုံက အလှဆုံးပဲသိလား"

"ပျော်စရာကြီး"

"နင်လာရင် ယူခဲ့နော်၊ ဟဲ့...ငါ အခုတောင် ကြည့်ချင်လာပြီ"

"ဟဲ့...ယုယတို့က ဒီနေ့ ဟိုတယ်နီကိုးမှာ ရှိုးပွဲသွားကြည့်မယ်တဲ့"

"ငါတို့လိုက်သွားရင် မကောင်းဘူးလား"

"ငါလည်း ပျင်းနေတာနဲ့အတော်ပဲ"

"ဒါဆို နပဲလာခဲ့ပါလား၊ နင် ဒီရောက်မှ ငါတို့အတူတူ စုသွားကြတာပေါ့"

"ခေတ်ပုံလည်း ယူလာဖို့မမေ့နဲ့နော်"

"အေးပါဟဲ့"

"ဒါဆို...ဒါပဲနော်"

"အိုကေ"

ဇင်မီ ဖုန်းချပြီးတာနဲ့ မြန်မြန်ရေချိုးဖို့ပြင်ရတော့သည်။ ကြွေရေကန်လေးမှာ ရေဝင်ချိုးပြီးသောအခါ ရေငွဲပတ်စုံ

www.burmeseclassic.com



အပြာလေးကို ခါးကြိုးရှည်၍ ဝတ်ဆင်လိုက်ပါသည်။ ဆံပင်တွေကို အပြာရောင်တဘက်နှင့် ပေါင်းထားလိုက်၏။

မှန်ရှေ့ထိုင်ချကာ Skin Lotion လိမ်းဖို့ ပြင်သည်။

ဇင်မီကိုယ်လုံးလေးက…မပိန်မဝ အနေတော်လေး၊ မော်ဒယ်လ် ကိုယ်လုံးလေးပါ။

လှပတဲ့ စနစ်ကိုယ်ကောက်ကြောင်းနှင့် အရပ်က မြင့်မြင့် ဆိုတော့ ပိုပြီး ကြည့်ကောင်းလှသည်။ အသားလေး မဖြူမညိုနှင့် တစ်မျိုးလေး ဝင်းနစ်နေသည်။

ရယ်လိုက်တိုင်းလည်း ပါးချိုင့်နှစ်ဖက်နှင့် မျက်နှာအလွန် ချိုတာပါပဲ။

စကားပြောတိုင်း၊ မျက်နှာအမူအရာလေး လှုပ်ရှားတိုင်း ထိုပါးချိုင့်လေးတွေ ခွက်ဝင်သွားတတ်ပုံမှာ တစ်မျိုးတစ်ဖုံ ဆန်းကြယ် ကြည့်ကောင်းလှသည်။

ဆံပင်ပုံကို အပေါ်က အဖြောင့်၊ အောက်ဖက် Wave ကြီးကြီးနှင့် အကောက်ပုံလေးကို အညှိလေး ဆိုးထားခဲ့သည်။

မှန်တင်ခုံရှေ့လေးထိုင်ပြီး ပထမဆုံး Bio-essence Face





Lifting Cream လေးကို ပွတ်လိမ်းသည်။ ပြီးလျှင် မိတ်ကပ်ရည် ပါးမါးလေးကို လက်နှင့် ဖြည်းဖြည်း ပွတ်ဆွဲလိမ်းချယ်သည်။

မိတ်ကပ်လိမ်းပြီးသောအခါ မျက်နှာလေးက ဝင်းပစိုလက် သွားသည်။

အိုင်းရှဲဒိုးကို Midtone Shade အလယ်အလတ်အရောင်၊ သိပ်မထင်အောင်၊ ပါးပါးလေးလည်း မဖြစ်အောင် ဂရုတစိုက် လိမ်း လိုက်သည်။

ပြီးတော့ နှုတ်ခမ်းကို Mineral Lipgluze အမျိုးအစား နှုတ်ခမ်းနီအဆီ Unique Mineral complex က နှုတ်ခိုးဆေးလေး က နှုတ်ခမ်းသားကို နူးညံ့ချောမွတ်ပြီး စိုလက်နေစေသည်။

နှုတ်ခမ်းလေး စိုလက်သွားမှ ဇင်မီ စိတ်ကြိုက် မှန်ထဲသို့ ကြည့်သည်။

ဇင်မီက နှုတ်ခမ်းနီဆို အရမ်းကြိုက်သည်။ နှုတ်ခမ်းနီ အဆီရွှဲရွှဲလေးတွေကို ပိုကြိုက်သည်။

မနက်ဆို အိပ်ရာနိုးလို့ မျက်နှာသစ်ပြီးတာနှင့် နှုတ်ခမ်းနီ အရင်ဆိုးတာ၊ နှုတ်ခမ်းမဆိုးထားလျှင် မနေတတ်သလို ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မီက နှုတ်ခမ်းလေးမှာ အမြဲတမ်း အရောင်တစ်မျိုးပြီး တစ်မျိုး တင်ထားမှကြိုက်တာ။

ဆံပင်ကိုတော့ ဒီအတိုင်းကျောပြင်မှာ ဖားလျားလေးပဲ ချထားလိုက်သည်။

ဆံပင်လေးက ဝဲဖြာကျသွားတော့ မျက်နှာကလေး ပို ပေါ်လွင်ပြီး နုပျိုလန်းဆန်းသွား၏။

ဆံနွယ်လေးတွေကို Shine ဖြစ်နေစေဖို့ Ushido ခေါင်း လိမ်းဆီလေးပဲ လိမ်းဖြစ်သည်။

မျက်နှာလေးကို ပြင်လို့ပြီးပြီဆို့ ဗီရိုလေး ဖြေးဖွင့်လိုက်သည်။ တန်းလေးမှာခေါက်ထားတဲ့ ဝတ်စုံတွေက အစီအရီ။

ခင်မီက အင်္ကျီလေးတွေကို ဒီဇိုင်းဆန်းလျှင် ဆန်းသလို ဝယ်တာ။

ဟိုတစ်လောက ဝယ်လာတာဆို ညနေခင်းဝတ်စုံရှေး အဖြစ် ဖန်းတီးထားတဲ့ အသားရောင်ပိတ်စအပေါ်မှာ ပုတီးစေ့ စီးကွင်း လေးတွေနဲ့ ခေါင်းမြီးပုံသဏ္ဌာန်ပြုလုပ်ထားပြီး ခေါင်းမွေးအစစ်နဲ့ ရောပြီး ဖန်တီးထားတဲ့အတွက် Fantasy ဒီဇိုင်းလေးပါ။





ရှိုးပွဲသွားကြည့်မှာဆိုတော့ Cattlley သစ်ခွလေးတွေကို ဖန်တီးထားတဲ့ ငွေရောင်သစ်ခွလေးတွေကို ဇာတွန့်အနားသတ် ပြုလုပ်ထားတဲ့ ဂါဝန်ပေါ်မှာ ပြန့်ပြီး တန်ဆာဆင်ထားတဲ့ ဝတ်စုံလေးပဲ ဝတ်ဆင်လိုက်၏။

"အဲ..မေ့တော့မလို့"

နှုတ်ကနေ ရေရွတ်မိလျက် လက်ဝတ်လက်စားတွေကို ဝတ်ဖို့ သတိရသည်။

ဝတ်ထားတဲ့ အင်္ကျီလေးနှင့် လိုက်ဖက်မည့် စိန်ထည်လေး တွေပဲ ရွေးချယ်လိုက်သည်။

ခင်မီက လက်မှာ နာရီလေးပတ်ရင်း အခန်းပြင်ထွက်လာ ပါသည်။

အောက်ထပ်ကို ငုံ့ကြည့်တော့ ဘွားဘွားက ဧည့်ခန်းမှာ ထိုင်နေ၏။

လှေကားကဆင်းရင်း ဧည့်ခန်းကိုလှမ်းမြင်ရတာကြောင့် ခင်မီက စတီလက်ရန်းလေးကို ကိုင်ရင်း ဆင်းလာခဲ့သည်။

"ဟော့...မြေးလေး ဒါက ဘယ်သွားမလို့တုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ချိုတို့နဲ့ ချိန်းထားလို့ပါ၊ ချိုတို့နဲ့ ရှိုးပွဲသွားကြည့်မလို့ ဘွားရဲ့"

"အေး…အေး"

"သိပ်ညဉ့်နက်မနေနဲ့နော်"

"ဟုတ်ကဲ့…ဘွား"

"ခုမသွားသေးပါဘူး၊ ချိုတို့လာခေါ်တော့မှ သွားမှာ"

"ဟော…ကားသံကြားတယ်၊ ချိုတို့ လာပြီထင်တယ်"

ဇင်မီက ဘွားကိုနှုတ်ဆက်ပြီး ထွက်ခဲ့တော့သည်။

ဇင်မီတို့သူငယ်ချင်းတစ်စု ကားတစ်စီးနှင့် ထွက်ခဲ့သည်။ ဟိုတယ်နီကိုးလ်ရောက်တော့ လူတွေ များပြားစည်ကားနေသည်။

ဘေးနားလူတွေအားလုံးလိုလို က,နေပေမယ့် ဇင်မီကတော့ လိုက်မကမိပါ။

'သက္က…သက္က'လို့ ရုတ်တရက် ဘေးနားလူတွေက ထအော်ကြတာမို့ ဘယ်သူလဲလို့စင်ပေါ်ကို ကြည့်လိုက်တော့ မျက်လုံးကလေးဝိုင်းကာ ပါးစပ်ကလေးအဟောင်းသားနှင့် 'ဟင်'ကနဲ ဖြစ်ရသည်။





"သက္ကဆိုတာ သူလား"

"အေးလေ…နင်မသိဘူးလား"

လို့တောင် ချိုက မေးနေသည်။

အဖြူပေါ် ချောကလက်အစင်းသေးသေးလေးတွေပါသော အင်္ကျီလက်ရှည်နှင့် ကာကီရောင်ဘောင်းဘီရှည်ပေါ်-ကုတ်တစ်ထပ် ထပ်ဝတ်ရသောသူ့ပုံစံက အရမ်းချောနေတာမို့ မနာလိုတောင် ဖြစ်မိသည်။

သူကတော့ ဇင်မီ့ကို မြင်ပုံမရပါဘူး။ သူ့ဘာသာ အိုက်တင်နှင့် ဆိုနေတာကြောင့်လည်း ဖြစ်နိုင်သည်။

တချို့တွေ ပန်းစည်းတက်ပေးကြတာကြောင့် 'ဇင်မီ' လည်း ရုတ်တရက် လက်ထဲကိုင်ထားသော ပန်းစည်းလေးကို ပေးချင်မိသည်။

"ဟဲ့…ခဏနော်"

ဟု ချိုကိုပြောပြီး ဇင်မီ ပန်းစည်းလေး ကိုင်ကာ သူ့ရှိရာသို့ လျှောက်လာခဲ့သည်။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်စိတောင် ကိုယ်မယုံချင် ဖြစ်သွားရသည်။ ငေး ရှာင်ဝတ်စုံလေးနှင့် ကိုယ့်ဆီလျှောက်လာနေတဲ့သူဟာ ကိုယ် ရှေ့လင့်နေတဲ့သူလေးပါ။ ရင်ခုန်သံမြန်အောင် ဖမ်းစားခဲ့သူလေး။

တဖြည်းဖြည်း နီးကပ်လာတာကြောင့် မျက်တောင်ခတ်ဖို့ ပင် မေ့နေမိသည့်အဖြစ်။

သက္ကရှေ့မှာ ခြေစုံရပ်လိုက်သောအခါ သူမကို မယုံနိုင်စွာ ငေးစိုက်ကြည့်နေမိသည်။

သူမက နှင်းဆီညိုညိုများကို သက္ကဆီ လှမ်းပေး၏။ သက္ကက အလိုက်သင့် လှမ်းယူလိုက်ပါသည်။

အဆိုတော်ဘဝမှာ ပန်းစည်းလာပေးတာ ဘာများဆန်း သလဲ။ အခါပေါင်းများစွာလည်း ကြုံဖူးပါသည်။

ဒီတစ်ခါတော့ အပျော်ဆုံးပါပဲ။ ကိုယ်ချစ်နေတဲ့သူက လာပေးတာကြောင့် ပိုပြီးကြည်နူးရသည်။ သူမက သက္ကတို့ပွဲကို လာရောက်အားပေးသူလေးပေါ့။ သက္ကလာမှာသိလို့ ကြိုစောင့်နေ တာများလား။

သက္ကရဲ့ ရင်ခုန်သံနွေးနွေးက ပို၍မြန်လာ၏။





သက္ကက ပန်းရောင်ပြေးနေသော သူမရဲ့ ပါးပြင်မွတ်မွတ် လေးကို အနီးကပ် မြင်တွေ့လိုက်ရသည်။

သူက ရှက်စနိုးမျက်လွှာချပြီး ပြန်ဆင်းသွားသော ကောင် မလေးကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိပါသည်။ ရင်ထဲမှာ အလိုအလျောက် ပျော်လာသည်။ ကြည်နူးလာသည်။

ဒီတစ်ခါ သီချင်းဆိုတာ ပိုပြီး မြူးနေသည်။ အရင်တစ် ခေါက်တွေနှင့်မတူဘဲ သူမ လာအားပေးတဲ့ပွဲဟာ သက္ကအတွက်တော့ အပျော်ဆုံးပါပဲ။ မေ့လို့မရသည့် ပွဲတစ်ပွဲပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲကနေ သဏ္ဍကက တရှည်တလျားကြီး ရှင်းပြလိုက်ရလို့ မောသွားပေမယ့် မေမေက ပြောသမျှကို နားထောင်နေပြီး စကားဆုံးတော့ လက်မခံခဲ့ပါ။ လက်မခံတာကြောင့် သဏ္ဍ ပိုပြီး မောသွားရသည်။

"မင်းကို ရန်ကုန်လွှတ်တာတောင် လွန်လှပြီကွ၊ မဖြစ်ဘူး သား၊ မင်းအမေလည်း သဘောတူမှာ မဟုတ်ဘူး"

"အဲဒီလောကက အရမ်းရှုပ်ထွေးပါတယ် သားရယ်"

မေမေက သဏ္ဍကို ချော့ပြောပြန်သည်။





"ဒါကို သားမငြင်းပါဘူး ဖေဖေ၊ ဒါပေမယ့် ကိုယ်နေတတ်ရင် ဖြစ်တာပဲ"

"ဘယ်လိုလုပ်ဖြစ်မှာလဲ၊ မင်းနဲ့ ပတ်သက်နေရမယ့်သူတွေက အများကြီး၊ အဲဒီလောကမှာက လူကောင်း နည်းတယ်ကွ၊ ငါ မင်းဒုက္ခရောက်မှာစိုးလို့ ပြောနေရတာ"

"သား နားလည်ပါတယ် ဖေဖေ၊ ဒီတစ်ခါတည်းပါ၊ နောက်တစ်ခါဆို လက်မခံတော့ပါဘူး၊ ဒီတစ်ခါတော့ ပြောပြီးသား ဖြစ်နေလို့ပါ"

သဏ္ဍ ဖေဖေ့ကို တစ်ဆင့်လျှော့ကာ ပြောလိုက်သည်။

အရင်တည်းက ဖေဖေနှင့် မေမေက အစိုးရိမ်လွန်တတ်တာ ဂီတဝါသနာပါလွန်းလို့ ရန်ကုန်သွားဖို့ မနည်းပြောခဲ့ရတာ။ ခုကိုမျိုးဇော်ရဲ့သူငယ်ချင်းက သဏ္ဍကို နိုင်ငံခြားမှာ ရှိုးပွဲလုပ်ဖို့ ခေါ်သွားမယ်လို့ဆိုတာကြောင့် ဖေဖေထံမှာ ခွင့်တောင်းခြင်းပါ။ ဖေဖေတို့က ဒီအလုပ်ကို ကြည့်ရတာမဟုတ်။ ဖေဖေနှင့် သဏ္ဍက အမြင်ချင်းမတူပါ။ သဏ္ဍကတော့ ဂီတကို အရမ်းဝါသနာပါသည်။ ကိုကြီး ဇွဲကလည်း ဖေဖေလိုပဲ စက်မှုတက္ကသိုလ်တက်ပြီး အင်ဂျင်နီယာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ။ သက္ကကိုလည်း ဖေဖေက အင်ဂျင်နီယာ အရမ်းဖြစ်စေချင်တာ။ သက္ကကတော့ ဖေဖေတို့ဆန္ဒကို မသိဟန်ဆောင်ကာ ဂီတဖက်ကို ဦးစားပေးခဲ့တာ။

မေမေကတော့ ရန်ကုန်မှာ တစ်ယောက်တည်းနေဖို့ကို လုံးဝ သဘောတူတာ မဟုတ်ပါဘူး။ သက္ကသွားတဲ့နေ့ကဆို မေမေက ငိုနေခဲ့တာ။ သက္ကကလည်း ရည်ရွယ်ချက်ကြီးသူပါ။ ကိုယ်လိုချင်တဲ့ ဘဝပုံစံကို ကိုယ့်ဘာသာ ဖန်တီးယူချင်သည်။ ဖေဖေ့လမ်းစဉ်ဟောင်းအတိုင်း မလိုက်နိုင်ပါ။ အောင်မြင်ကျော်ကြားတဲ့ အဆိုတော်တစ်ယောက်ဖြစ်ဖို့ သက္ကဘဝကို မြှုပ်နှံခဲ့ကာ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ရမည်။ ခု ဒီပွဲမှာ ပါခွင့်ရတာကလည်း ကိုမျိုးဇော်ရဲ့ ကျေးဇူးကြောင့်ပါ။ ဒီလမ်းကြောင်းပေါ်မှာ လျှောက်နေသူအတွက်တော့ ဒီလိုအခွင့်ထူးမျိုးဟာ ရဖို့လွယ်တာ မဟုတ်။

ရှားတဲ့အခွင့်အရေး၊ ငမ်းငမ်းတက်လိုချင်ရင်တောင် ရဖို့မလွယ်။ ကိုယ့်ရဲ့အနုပညာတွေကို ပြသခွင့်ရမှာ။ ဒီအခွင့်အရေးက ဘယ်လောက်အရေးကြီးလဲဆိုတာ ဒီအနုပညာရှင်တွေသာ နားလည်ကြသည်။





ဖေဖေကတော့ သက္ကစကားကို စဉ်းစားနေတုန်းပါ။ မေမေကတော့ ဖေဖေသဘောတူရင် ဘာမှပြောမှာမဟုတ်။ အဓိကက ဖေဖေဖြစ်နေသည်။ ဖေဖေကလည်း အပြင်းအထန်ကန့်ကွက်တာမျိုး မဟုတ်။ သက္ကဘယ်လောက် စိတ်ပါနေတာ ဖေဖေသိပါသည်။ ဒီလို အခွင့်အရေးမျိုးကို ဘယ်လက်လွှတ်ချင်ပါ့မလဲ။ အဝင်းရအောင် ပူဆာနေတော့မှာကို နားလည်ပါသည်။

ဒါပေမယ့် ဒီလောကမှာ သက္ကကို မရှိစေချင်တာအမှန်ပါ။ ဖေဖေက လက်ခံလျှင် သက္က မေမေက ဘာမှပြောမှာမဟုတ်။ ဒါကို သိတဲ့သက္ကဟာ ဖေဖေ့ကိုပဲ ဦးတည်တောင်းဆိုနေရတာ။ ဒီကောင် ဒီလောက် အသဲအသန်ဖြစ်နေမှတော့ လိုက်လျောလိုက်ပါ့မယ်။

“ဒီတစ်ခါတည်းနော်၊ နောက်တစ်ခါ စကားမလွန်စေနဲ့၊ တစ်ခါတည်း ငြင်းလိုက်နော်”

“ဟုတ်ကဲ့ ဖေဖေ”

ဖေဖေက ခွင့်ပြုပေးတာကြောင့် အတိုင်းမသိဝမ်းသာသွားရသည်။ ခွင့်ပြုပါ့မလားလို့ စိုးရိမ်နေတာ။ တော်သေးတာပေါ့။ ဖေဖေက ခွင့်ပြုလို့၊ မဟုတ်ရင် အိမ်ကမသိဘဲလုပ်ရမှာ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ခွင့်ပြုချက်ကြောင့်လုပ်ရတော့ ပိုပြီး အားတက်တာပေါ့။

ဘာပဲဖြစ်ဖြစ် ကိုယ်လုပ်ချင်တာကို လုပ်ခွင့်ရတဲ့အတွက် ကျေနပ်မိပါသည်။

"မင်းတစ်ယောက်တည်း စိတ်မချဘူးနော်။ ဘယ်သွားသွား ကိုမျိုးဇော်ကိုခေါ်၊ တစ်ယောက်တည်း မေမေ လုံးဝခွင့်မပြုဘူး"

"ဟုတ်ကဲ့ပါ မေမေ၊ ကိုမျိုးဇော်လည်း ပါတာပဲ"

မေမေစိတ်မပူအောင် ပြောရသည်။ မေမေတို့က သားတွေကို ချစ်လွန်းလို့ စိုးရိမ်တာပါ။ ဒါကို သားနားလည်ပါတယ်။ သားက မေမေထင်သလောက် မဆိုးပါဘူး။ ရိုးရိုးသားသား အနုပညာလမ်းကို လျှောက်လှမ်းနေသူပါ။ ဒီလမ်းကို လျှောက်နေတာကြာပြီဆိုတော့ ဒီလောကအကြောင်း တော်တော်များများ သိနေပါပြီ။ အတွေ့အကြုံလည်း ရှိသင့်သလောက် ရှိပြီးသားပဲ။

မေမေလက်ခံလိုက်ပြီဆိုတာ ကိုမျိုးဇော်ကို ပြောရဦးမည်။ မေမေလက်ခံတာသိရင် ကိုမျိုးဇော်လည်း ဝမ်းသာမှာပါ။





I don't mind spending sometime just hanging here with you cause.

I don't find too mazy guys that treat me like you do those other guys all wanna take me for a ride. But when I walk their talk is suicide.

Some people never get beyond their stupid pride. But you can see the real me inside. And I'm satisfied oh no..oh..oh...oh.



www.burmeseclassic.com

www.burmeseclassic.com



Even thought the guys are crazy. Even thought the stars blind. If you show me real love baby I'll show you mine I can make you nice and naughty. Be the devli and soul and body let's see what this love can do Baby.

"မြေးလေးရေ...မြေးလေးဇင်မီ"

ဘွားဘွားခေါ်သံကြောင့် ဆိုဖာပေါ်မှာ ထိုင်ပြီး ipop နားထောင်နေရာမှ ဘွားဘွားရှိရာသို့ လှမ်းကြည့်မိသည်။ ခြံထဲက စားပွဲမှာ စာရင်းတွေလုပ်နေသောဘွားဘွားကို ဇင်မီ လှမ်းမမြင်ရ။ ဇင်မီတို့ခြံထဲမှာ အပျင်းပြေထိုင်ရအောင် အမိုးလေးပါသော စားပွဲဝိုင်းလေး လုပ်ထားတာကြောင့် ဘွားဘွားက အဲဒီမှာထိုင်နေတာဖြစ်မည်။

"မြေးလေးရေ...အိမ်ရှေ့သံပန်းတံခါး ဖွင့်ဦး၊ ဒီမှာ မြေးလေးသူငယ်ချင်း လာတယ်ဟေ့"

"ဟုတ်...လာပြီ ဘွားဘွား"

လက်ထဲက ipop လေးကို ဖြုတ်ထားခဲ့ပြီး အိမ်နေရင်း ဂါဝန်ဖြူလေးနှင့် ပြေးထွက်လာခဲ့၏။ ဒေါ်ပုက ဈေးသွားတာကြောင့် ဘွားဘွား သံပန်းတံခါးကို ပိတ်ထားခဲ့တာပါ။





လုံးလုံး အပြင်ထွက်သွားမှာစိုးလို့၊ လုံးလုံးက အပြင်ထွက်ဖို့ ချောင်းနေတတ်ကာ ဇင်မီကတော့ လုံးလုံးလေး အပြင်ထွက်မှာကို စိတ်မချပေ။

ဇင်မီတို့ဘေးခြံမှာ ခြံစောင့်ခွေးအကြီးကြီးတွေ ရှိသည်။ သူတို့တွေက လုံးလုံးကိုတွေ့ရင် အရမ်းဟောင်တာ။ တော်ကြာ လုံးလုံးလေးက လန့်သွားလိမ့်မည်။ ဒါကြောင့် ဘွားဘွားက ခြံတံခါး အမြဲပိတ်ထားတာပါ။

ဇင်မီ သံပန်းတံခါးသွားဖွင့်တော့ လုံးလုံးက နောက်က လိုက်လာခဲ့သည်။

"ဩော်...ချိုကိုး၊ ဘယ်သူများလဲလို့"

"လာလေ ချို၊ အပေါ်မှာ စကားသွားပြောအောင်"

ချိုကို ခေါ်ပြီး ဇင်မီတို့ အပေါ်ထပ် တက်ခဲ့ကြသည်။

"နင် ဘာတွေလုပ်နေတာလဲ အိမ်ထဲမှာ မပျင်းဘူးလား"

"ဟင့်အင်း မပျင်းပါဘူး...သီချင်းနားထောင်နေတာ"

"ငါလည်း ငါ့အမေ ပစ္စည်းတစ်ခုပြန်ခိုင်းလို့ဟ၊ အဲဒါ ဒီနား လမ်းကြုံတာနဲ့ နင့်ဆီ ဝင်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



ချို့အမေက စိန်ပွဲစားဆိုတော့ ချိုက ဝိုင်းကူညီရသည်။

"ဟာ…ဘာသောက်မလဲ"

"အံမယ်…ရပါတယ်၊ နင်က ဘာဖျော်တတ်လို့လဲ"

"ဟင်း…ဟင်း ဘာမှမဖျော်တတ်ပါဘူး၊ နင်ပဲ ငါ့ကိုဖျော်တိုက်တော့"

"ဟဲ့…အဲဒါအသာထားစမ်းပါ၊ နင့်ကို ငါ မေးစရာရှိလို့"

"မေးလေ…ဘာမေးမှာလဲ"

"ဟိုတစ်နေ့က စတိုတ်ရှိုးပွဲမှာ နင်က ဘာလို့ သဏ္ဍာကိုမှ ပန်းစည်းပေးရတာလဲ၊ သူ့ထက်နာမည်ကြီးတဲ့ အဆိုတော်တွေ အများကြီးဟာကို"

"နာမည်ကြီးကြီး မကြီးကြီးပေါ့၊ ငါက သူ့အသံကို ကြိုက်လို့ပါ"

"အသံကို ကြိုက်လို့ ဟုတ်လား"

ချိုက ဇင်မို့အပြောကို လိုက်ရေရွတ်ကြည့်၏။

"ဟဲ့…အသံမကြိုက်လို့ ငါက ဘာကြိုက်ရမှာလဲ"





"မသိဘူးလေ…အဆိုတော် သဏ္ဍာက အရမ်းချောတာ၊ နင်များ ကြိုက်သွားပြီလားလို့"

"မဟုတ်ပါဘူးဟယ်…နင်ကလည်း"

"ငါသိပါတယ်…နင် ဝန်မခံလည်း ရတယ်"

ဇင်မိက ရှက်စနိုး ရယ်သည်။

ချိုနှင့် ဇင်မိ အရင်းနှီးဆုံး သူငယ်ချင်းတွေဆိုတော့ ဇင်မို့မှာ ယောကျ်ားလေး အပေါင်းအသင်းမရှိတာ ချိုသိသည်။ ချိုတော့ ရိပ်မိနေပြီ ထင်ပါရဲ့။ သူ့အပေါ် ငြိတွယ်မိတော့ စိတ်က ဆန်းကြယ်လွန်းလှ၏။ ဒါကို သူက သိပုံမပေါ်။

သူက နာမည်ကြီးအဆိုတော်၊ ငါက သာမန် ကောင်မလေး တစ်ယောက်ကို သူက စိတ်ဝင်စားပါ့မလား။ သူ့မှာ ဆိုင်သူရှိပြီးသားလည်း ဖြစ်နိုင်တာပဲ။ ဒါကို ငါ ဘာလို့ မတွေးမိတာပါလိမ့်။

ချိုပြန်သွားတော့မှ ဘွားဘွားက စားစရာအချို့နှင့် လက်ဆောင်ပစ္စည်း ဝယ်စရာရှိတယ်ဟုဆိုတာကြောင့် ဇင်မိနှင့် ဘွားဘွားတို့ ဒဂုံစင်တာသို့ လိုက်ခဲ့ပါသည်။

ပထမတော့ ဇင်မိလည်း ပျော်နေတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက ကြာလွန်းတော့…အအေးတစ်ခွက် ရပ်သောက်ပြီး၊ စိတ်ရှည်ရှည် စောင့်နေမိသည်။

ဘွားဘွားက တစ်ပတ်စာ အစားအသောက်မျိုးစုံကို ရွေးနေရတာမို့ ဖင်မီ စိတ်မရှည်ဘဲ ဒဂုံစင်တာက ပထမထပ်သို့ တက်သွားပြီး ဂျေဒိုးနပ်ဆိုင်လေးထဲသို့ တစ်ယောက်တည်း ဝင်လာခဲ့သည်။

ဆိုင်ကလေးက လူတွေများပြီး စားပွဲလွတ် ရှာမရတာကြောင့် လူတစ်ယောက်တည်း သီးသန့်ထိုင်ကာ ဂျာနယ်ငုံ့ဖတ်နေသော စားပွဲကိုပဲ ရွေးချယ်လိုက်သည်။

ကော်ဖီတစ်ခွက်နှင့် မုန့်တစ်ခုကို ဗန်းကလေးထဲ ထည့်သယ်လာကာ ထိုင်လိုက်ရင်း၊ မျက်နှာချင်းဆိုင်က လူကို မကြည့်ဘဲ ခပ်လှမ်းလှမ်းက စားပွဲတွေဆီ လှမ်းကြည့်နေလိုက်၏။ သူများစားပွဲ ဝင်ထိုင်ရတာ အားနာနာရယ်ပါ။ စားပွဲလွတ်မရှိလို့သာ၊ သူမရဲ့ ရှေ့ကလူလည်း ဂျာနယ်ကိုပိတ်ပြီး ကော်ဖီခွက်ကို ယူသောက်တာ မကြည့်ဘဲ မြင်နေရသည်။

သူ့ကော်ဖီက တစ်ဝက်ကျိုးနေပြီ။

ဖင်မီ ချက်ချင်းပဲ သူငယ်ချင်းတွေကို သတိရလိုက်သည်။





ချိုတို့၊ ယုယတို့ပါလာရင် အကောင်းသား။ ခုတော့ တစ်ယောက်တည်း ငေါင်နေရသည်။ ရှေ့ကလူကိုလည်း မကြည့်ရဲတာမို့ မျက်လွှာ ချထားမိသည်။

ဒီမှာ ကြာကြာထိုင်ဖို့လည်း ဖင်မီ့မှာ စိတ်ကူးမရှိ။

ဘွားဘွားက ဈေးဝယ်လို့ပြီးလျှင် ဖင်မီ့ကို လိုက်ရှာနေမှာ ဘွားဈေးဝယ်လို့မပြီးခင် ဖင်မီ အမီသွားရမှာ။

ဂျာနယ်ဖတ်နေရင်းမှ ကိုယ့်ရှေ့မှာ တစ်ယောက်ယောက် ဝင်ထိုင်လိုက်တာ သိသည်။

ဘာရယ်မဟုတ် ကိုယ့်ရှေ့ထိုင်လိုက်သူကို မော့ကြည့်လိုက်မိသည်။

"ဟာ"

တိုက်တိုက်ဆိုင်ဆိုင် ရင်ထဲက ပုံရိပ်လေး ကိုယ့်ရှေ့ရောက်လာရသည်။ သဏ္ဍာန်ရင်ထဲ ပျော်သွားမိသည်။ သူမက ကိုယ့်ကို မကြည့်ဘဲ မျက်လွှာချနေ၏။ ကိုယ်ထိုင်နေမှန်းသိလို့ မင်းလေးလာထိုင်တာလား။ လိုရာဆွဲတွေး ကျေနပ်လိုက်၏။

သူမမျက်နှာလေးက. စိတ်ရှုပ်နေဟန်ပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်လေးကို နှစ်ဖက်ခွဲစည်းပြီး နားဆွဲပန်းရောင်လေးနှင့် မျက်နှာလေးက နုဖတ်ပြီး ချစ်စရာကောင်းလွန်းသည်။ ကြိုးသိုင်း အင်္ကျီလေး ဝတ်ထားတာကြောင့် သူမဂုတ်သားဝင်းဝင်းပေါ်က မှဲ့လေးက အထင်းသား။

သူမက သက္ကကို လုံးဝမော့မကြည့်တာကြောင့် အသည်း ယားသွားရသည်။

ရှေ့ကလူက ဖင်မို့ကို စူးစိုက်ကြည့်နေတာမို့ ဖင်မီ မနေ တတ်အောင် ဖြစ်ရသည်။ ဖင်မို့ကို ဘာလို့ ဒီလောက်တောင်ကြည့်နေ ရတာလဲ။ ရှေ့ကလူကို မကျေနပ်တာမို့ ဘုကြည့်ကြည့်ဖို့ မျက်လွှာ လှန်မိစဉ်…

"ဟင်"

သက္ကပဲ…ဖင်မို့ကိုပြုံးပြီး ကြည့်နေလိုက်တာ၊ ဖင်မီ ပိုလို့ ရှက်သွားရသည်။ ဖင်မီက သူ့ရှေ့လာထိုင်တာကိုး၊ စားလက်စမုန့်ကို ထားခဲ့ပြီး သူ့ရှေ့မှာ ဆက်မထိုင်ရဲတာမို့ ပိုက်ဆံအိတ်လေးကွယ်ကာ မြန်မြန်ထွက်လာခဲ့သည်။ အနောက်က သူလိုက်တာ သိသည်။

"ဟော့…ဟော့ နေဦးလေ၊ ခဏစောင့်ဦး"





"ဟင်…ငါ့ကိုခေါ်နေတာပဲ"

ခြေစုံရပ်စောင့်နေလိုက်သည်။ စားပွဲမှာ ထိုင်နေကတည်း က သူ အရမ်းစိုက်ကြည့်နေတာကို မော့မကြည့်ဘဲ သိနေခဲ့တာပါ။

အခုတော့ သူမနောက်လိုက်လာပြီး ခေါ်လိုက်သံက ပီပီ သသ သေသေချာချာ။

"မင်း…မုန့်း ကျန်ခဲ့လို့"

ဟုတ်သားပဲ။ ရှက်ရှက်နှင့် မြန်မြန်ထွက်လာခဲ့တာ စားပွဲ ပေါ် တင်ထားသောမုန့်းကို မယူခဲ့မိပါ။

"ကျွန်တော့်နာမည် သက္ကပါ"

သိသားပဲ။ သိပြီးသားကို ကြေညာနေသေးသည်။ သူ့ရှေ့ မှာတော့ ခေါင်းညိတ်ပြမိသည်။ စကားတွေအပိုမပြောချင်ပါ။

သက္ကက ခဏစဉ်းစားလိုက်ပြီး လိပ်စာကဒ်ကလေး အိတ် ထဲက ထုတ်ယူကာ သူမကို ပေးလိုက်၏။

သူမက ဝိုင်းစက်သော မျက်ဝန်းများနှင့် တစ်ချက်ကြည့်၏။ သူ့ကို စကားတစ်ခွန်းမှမဆို၊ ကျေးဇူးတင်ကြောင်းလည်း ပြောမိ မရ။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ပိုက်ဆံအိတ်လေးဖွင့်ပြီး လိပ်စာကဒ်ပန်းရောင်လေးကို ထုတ်ပေးပါသည်။

သဏ္ဍ ကျေနပ်စွာ ပြုံးမိ၏။

သူမက ခေါင်းတစ်ချက် ဆတ်ကာ နှုတ်ဆက်ပြီး ထွက်သွား၏။

သဏ္ဍ သူမကို ငေးကြည့်ရင်း ကျန်ရစ်၏။

ဇင်မီ ဆက်ရပ်နေလို့ မဖြစ်။ ဘွားဘွားမြင်သွားရင် တစ်မျိုးထင်သွားဦးမည်။ သူ့ကိုတော့ အားနာပါသည်။ ဇင်မီ့ကို တစ်မျိုးမြင်သွားမလား။ သူ့ကို မကျေးဇူးတင်စကားတောင်ပြောဖို့ မေ့သွားခဲ့သည်။ သူ့ကိုမြင်ရင် ရင်ခုန်နေတာနှင့် အကုန်မှားယွင်းကုန်ရတာ။





အိမ်ပြန်ရောက်သည်အထိ သူမနှင့် တွေ့ခဲ့တာလေးကို တွေးရင်း သဏ္ဍရင်ထဲ ကြည်နူးနေမိ၏။

ရောက်ရောက်ချင်းပင် စိတ်မထိန်းနိုင်တော့တာကြောင့် သူမပေးထားသော လိပ်စာကဒ်ထဲက ဖုန်းနံပါတ်လေးကို ခေါ်မိသည်။ 'နေရပ်လိပ်စာကတော့ သဏ္ဍ သိပြီးသားပါ။ သူမရဲ့အိမ်က သဏ္ဍတို့ စတူဒီယိုရှိရာလမ်းလေ။

မင်းရဲ့နွေးထွေးလိုက်လှဲလှန်းသော အကြည့်တွေက ပြောမပြတတ်အောင် အသက်ပါလှန်းတာကြောင့် သဏ္ဍ နေနိုင်မထိုင်



www.burmeseclassic.com

www.burmeseclassic.com



နိုင် ဖြစ်ရတာ။ မင်းလေးက ကိုယ့်ကိုစိုးမိုးလှချည်လား။ ခုချိန် အိပ်လိုက်ရင် အိမ်မက်ထဲအထိ မင်းက လိုက်နေဦးမှာ။ ကိုယ် ဖုန်းဆက်ရင် မင်း အနှောင့်အယှက်ဖြစ်မှာလား။ ကိုယ်ကတော့ မင်းအသံလေး ကြားချင်လွန်းလို့ အရဲစွန့်ပြီး ဆက်ရမှာ။

"ဟဲလို...ဘယ်သူလဲ"

တစ်ဖက်ကမေးလာမှ သဏ္ဌာက သူမနာမည် မသိတာ သတိရသည်။ နာမည်လေးပင်မသိဘဲနှင့် ဘယ်လိုမေးရမှာလဲ။ တကယ်ဆို နာမည်လေးမေးလိုက်ရမှာ။ ဘာလို့ သတိမရတာပါလိမ့်။

ဟာကွာ...တစ်ဖက်က ဘယ်သူလဲဟု မေးနေပြီ၊ ကိုယ် ဘယ်လိုပြောရမှာလဲ။ ကိုယ်ပြောလိုက်ရင် မင်းအဆူခံရမှာလား၊ မပြောတော့ပါဘူး။

တကယ်ဆို မင်းရဲ့ဟန်းဖုန်းနံပါတ်လေး တောင်းထားရမှာ။ လိပ်စာကဒ်မှာက ကုမ္ပဏီဖုန်းနံပါတ်နှင့် အိမ်ဖုန်းနံပါတ်ပဲပါတာ။ ကိုယ် တော်တော်ညံ့ပါလား။ ကိုယ့်ကိုယ်ကို မချင့်မရဲ ဖြစ်မိ၏။ တစ်ခါမှ အတွေ့အကြုံမရှိတဲ့ သဏ္ဌာဟာ အမှားအယွင်းပဲ ဖြစ်နေသည် မဟုတ်လား။





တစ်ဖက်က ဒေါက်ဆို ဖုန်းချသွားသည်။

"ဘယ်သူလဲ ဘွားရဲ့"

"ဘယ်သူလဲမသိပါဘူးကွယ်၊ သွားကိုင်တာ ဘာမှလည်း မပြောဘူး"

"ဟင်...ဟုတ်လား"

သဏ္ဌာများ ဆက်တာလား မသိဘူး။ ဒီလောက် အမြန်ဆက် လိမ့်မယ်လို့ မထင်မိပါ။

ကိုယ့်ကိုယ်ကိုယ်လည်း သိပ်အထင်မကြီးရဲ၊ သူဆက်တာ လည်း ဟုတ်ချင်မှဟုတ်မှာလေ။

သူ့လိုချောတဲ့သူမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေမှာ သေချာပါသည်။

သူမအသံလေး ကြားချင်လွန်းလို့ ဆက်လိုက်မိတာပါ။ သူမ လာမကိုင်တာကိုလည်း နေမရအောင် ခံစားအဖြစ်သည်းမိ သည်။

သူမနှင့် ပတ်သက်ရင် သဏ္ဌာစိတ်တွေက ပြင်းပြင်း ထန်ထန်ကို ဖြစ်နေမိပါပြီ။

www.burmeseclassic.com



လုံးဝကို ထိန်းမရ သိမ်းမရ။

အငမ်းမရ ရင်းနှီးချင်စိတ်တွေ ရင်ထဲ ရှန်းကြွနေကြပြီ။

ဒါဟာ အချစ်များလား။

အချစ်ဆိုတာ မြင်းတစ်ကောင်လိုရင်ဘတ်ထဲကို ကစုန်ပေါက်ပြီး ခပ်ပြင်းပြင်း ဝင်လာတတ်ပါလား။

မာနတွေ သိက္ခာတွေ ဘယ်ရောက်ကုန်ပြီလဲ မသိတော့ပါ။





ညဦးပိုင်းမှာ Computerရှေ့ ထိုင်မိတော့ ထုံးစံအတိုင်း Creamiနှင့် စကားတွေ ပြောဖြစ်ပါသည်။

ဒါက စတုတ္ထအကြိမ်လား၊ ပဉ္စမအကြိမ်လား သေချာ မမှတ်မိတော့ပါ။

ခုတလော ပျောက်နေပါလား Iceတဲ့ ...

ဟုတ်တော့ဟုတ်သည်။

လမ်းများနေတာ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေက တစ်နေရာကို ရောက်နေတာ ဒါတွေ Cream မှ မသိသေးပဲ။ ပြောပြသင့်လား၊ မပြောပြသင့်ဘူးလား နှစ်ခါသုံးခါ မက စဉ်းစားပြီးမှ…

"ဟေး…ရင်ဖွင့်စရာရှိတယ်"

ဟု ဖွင့်ဟဝန်ခံလိုက်၏။

"ဘာတွေများလဲ ပွင့်ပွင့်လင်းလင်းပြော" တဲ့။

"တို့ ကောင်မလေးတစ်ယောက်ကို ခိုက်နေပြီ"

"တကယ်…"

"တကယ်"

"အဟုတ်…"

"အဟုတ်"

"သေချာလား"

"ရာနှုန်းပြည့်ပဲ"

"အဟောင်း…ချောလား"

"အရမ်း…အရမ်း"

"ဘယ်မှာတွေ့တာလဲ"





"မပြောချင်ပါဘူး လျှို့ဝှက်ချက်"

"ဟွန်း…နေပေါ့"

"အသေအလဲခိုက်တာတော့ သေချာတယ်"

"ကြိုးစားပေါ့"

"ကြိုးစားရမှာပေါ့"

"ဒါဆို…လက်ရှိရည်းစားရော ဘယ်လိုလုပ်မလဲ ပြောပါဦး"

"ခေါက်လိုက်မယ်"

"ဟင်…အဲဒီလိုကြီးလား"

"တို့နာမည် သိတယ်မဟုတ်လား Iceတဲ့"

"ကြောက်စရာကြီး…တစ်ခါတလေ အရည်ပျော်တတ်တယ်နော် သတိထား"

"Creamမှာရော ဘာစတ်လမ်းမှ မရှိဘူးလား"

"ရှိတာပေါ့…အဲ…မရှိပါဘူး"

"ဝိုး…ပေါ်ပြီ မညာနဲ့ ပြောစမ်း ဘယ်သူလဲ ဘယ်အဆင့်အနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြဖူး…သတ်ချင်သတ်"

"ပြတ်လှခြည်လား"

"မိန်းကလေးဆိုတာ မသေချာဘဲ လျှောက်မပြောရဘူးလေ၊ မိန်းကလေးဣန္ဒြေ…"

"ရွှေပေးလို့မရ"

"Ice သိသားပဲ"

"သိတာပေါ့"

"မိန်းကလေးဆိုတာ ချစ်တယ်လို့ ဖွင့်ပြောခွင့်မရှိဘူး၊ စောင့်စားရတာ…မျှော်လင့်ရတာ"

"ပင်ပန်းလိုက်တာကွာ"

သက္ကက စာနာသလိုဆို၏။

"ရေလာမြောင်းပေးလေးဘာလေးလုပ်ပေါ့"

သက္ကက Idea ပေးသည်။

"နင့်အိုင်ဒီယာ Good သားပဲ"

Cream က လက်ခံ၏။

"နင်တို့ ယောက်ျားလေးတွေက ရဲရဲဝံ့ဝံ့ဖွင့်ပြောခွင့်ရှိတယ်"





"မထင်ပါနဲ့၊ ဒူးတုံ့နိုင်တယ်ဟာ ငြင်းလိုက်ရင် ခက်မယ်လေ"

"No နဲ့ Yes နှစ်ခုပဲ ရှိတာ"

"No မှ မလိုချင်ဘဲ"

"သတ္တိနည်းနေပြန်ပြီ"

အမှန်တိုင်းဝန်ခံရလျှင် Cream နှင့်ပြောရတာ သက္ကကျေနပ်သည်။ ပျော်သည်။

မိန်းကလေးတွေ၏ စိတ်သဏ္ဍာန်ကို မေးမြန်းတီးခေါက်ကြည့်လို့ရနိုင်သည်။

အရင်းနှီးဆုံး မိန်းကလေးသူငယ်ချင်းများ ဖြစ်လာမလားမသိနိုင်။

တစ်စတစ်စ ရင်ထဲမှာ တရင်းတနှီး ရှိလာတာအမှန်ပါ။

"ငါ ဘာကူညီရမလဲ Ice"တဲ့

"ကျေးဇူး…လိုအပ်ရင် ပြောမယ်"

Cream က စိတ်ရှည်သည်။ ကြင်နာတတ်ပုံလည်းရသည်။

တစ်ခါတလေတော့လည်း လူချင်းတွေပြီး ခင်မင်ချင်စိတ်ဖြစ်မိသား။



www.burmeseclassic.com

www.burmeseclassic.com



မာနပဝါတွေ ကွာကျလွင့်စဉ်သွားတဲ့တစ်နေ့ ရောက်ခဲ့ရင် ပေါ့။

Cream ဖက်ကလည်း ဆန္ဒရှိမှ။

ဆန္ဒချင်းညီမှ Ice Cream ဖြစ်လာမှာ မဟုတ်လား။

"နေပါဦး…မေးရဦးမယ်၊ နင့်ကို သူ့ဘက်က ခြေလှမ်း မစသေးဘူးလား"

"ဟင့်အင်း"

"နင်ကလည်း ညံ့ပါ့"

"အင်း…ပြောတော့ဟာ"

"မိန်းကလေးပဲ ဘာဘာညာညာ တတ်ရမှာပေါ့။ မျက်လုံး တစ်စုံရှိသားပဲ မျက်လုံးနဲ့ပြော"

"ခစ်…ခစ်…ခစ်"

"ဘာခစ်တာလဲ"

"ရယ်တာပေါ့ဟဲ့"

"ရယ်စရာလား"

"နင်သင်ပေးတာ ရယ်ရတယ်"





"မာနအရှိန်းမကြီးနဲ့၊ မာနက အသုံးမဝင်ဘူး"

"မာနမကြီးပါဘူး"

"ငါသိပါတယ်ဟာ"

"နင့်ကို မတွေ့တာ မာနမဟုတ်ဘူး။ အထင်သေး မခံချင် တာ"

"အတူတူပဲ"

"မတူပါဘူး"

"ထားပါတော့…မငြင်းတော့ဘူး"

သဏ္ဍကပဲ အရှုံးပေးလိုက်ပါသည်။

မိန်းကလေးတွေက အနိုင်လိုချင်သည်။

ဘာမဟုတ်တာလေးတွေပင် အနိုင်ရချင်သည်။ ဒီသဘော ကိုတော့ သူမက မပြောဘဲ သူ သိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နံနက်စာကို ဖေဖေနှင့် မေမေရှေ့မှာ ဟန်မပျက်စားနေရပေမယ့် ဖေဖေ တစ်ခုခုမေးလိုက်မှာကို စိုးရိမ်မိသည်။ စက္ကူနှင့် မေမီကို အန်ကယ်အောင်က တွေ့သွားခဲ့သည် မဟုတ်လား။

ခုလောက်ဆို အန်ကယ်အောင်က ဖေဖေ့ကို သတင်းပေးပြီးလောက်ပြီ။

အန်ကယ်အောင်ဆိုတာ ဖေဖေနှင့် လုပ်ဖော်ကိုင်ဖက် တစ်နည်းအားဖြင့် ဖေဖေ့လူယုံလို့လည်း ပြောလို့ရသည်။

အန်ကယ်အောင်က ဖေဖေ့ကို ပြောမှာ သေချာပါသည်။





“ဟဲ့...သားကြီး၊ စားလေ ဘာတွေစဉ်းစားနေတာလဲ”

ဟော...မေမေတောင် ရိပ်မိကုန်ပြီ။

စက္ကူ အမူအရာပျက်နေတာကို... မေမေက ချက်ချင်းသိသည်။

“သားကြိုက် မြီးရှည်ချက်ထားတာကို အဝစားစမ်းပါ”

“စားပါတယ် မေမေရဲ့”

“မင်းသားက လူကြီးဖြစ်နေပြီ အမေကြီးရဲ့”

“ဟင်...ဟုတ်လား၊ ဘာဖြစ်လို့လဲ သားက”

“မနေ့က ငါ့ကို ကိုအောင် ဖုန်းဆက်ပြောတယ်”

“ဟင်...ကိုအောင်က ဘာတွေပြောလို့လဲ”

မေမေက သိချင်တာမို့ မေးနေသည်။

“ငါလည်း သေချာသိရအောင် မင်းသားကို မေးမလို့ကွ”

မေမေကတော့ ဖေဖေ့စကားကြောင့် စိုးရိမ်စိတ်နှင့် ရင်ဘတ်ကလေး ဖိသည်။

“အဲဒီကိစ္စ ဟုတ်ပါတယ် ဖေဖေ”

စက္ကူ ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့တို့ကို ကြိုပြောသင့်တာပေါ့ကွ၊ ငါမှာ ခုတော့ သူများပြောမှ သိရတယ်"

"သားက ဖေဖေနဲ့ မေမေကို ပြောဖို့ စောသေးသလားလို့ပါ၊ ခေါ်မိတ်ဆက်ပေးဖို့ သား ရည်ရွယ်ထားပါတယ်"

"ကဲ...ရှင်တို့သားအဖပဲ ပြောနေတော့မှာလား၊ ဘာကိစ္စလဲဆိုတာ ကျုပ်ကိုလည်း ရှင်းပြပါဦး"

မေမေက ဝင်ပြောတာကြောင့် ဖေဖေ အော်ရယ်လေသည်။

"မင်းသားကို ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်လို့ မနေ့က ကိုအောင် ဖုန်းဆက်ပြောတယ်"

"ဟင်...သားက တော်တော်ပိရိပါလား၊ မေမေ့ကိုတောင် မပြောဘူး ကြည့်စမ်း"

မေမေက မကျေမနပ် ပြော၏။

"သား..ပြောမလို့ပဲ မေမေရဲ့"

"ခုမှလာပြီး ပြောမလို့လဲတဲ့၊ ကိုအောင်သာမပြောရင် မင်း ဘယ်အချိန်ထိ လျှို့ဝှက်ထားမလဲ မသိဘူး"

"မင်းသားက ရှက်နေတယ်ကွာ"





"ဘာမှ ရှက်စရာမလိုဘူး၊ မေမေ့ဆီခေါ်ခဲ့ မေမေတောင် မြင်ဖူးချင်လာပြီ၊ ငါ့သားလေး ရှာထားတဲ့ ချွေးမလောင်းလေးကို တွေ့ချင်လှပြီ"

"ဟုတ်ကဲ့...မေမေ၊ သား...ခေါ်ခဲ့ပါ့မယ်"

"အေး...ဒီလိုမှပေါ့ကွာ"

ဖေဖေနှင့် မေမေက မျက်နှာရွှင်လို့ သဘောကျနေကြသည်။ မေမိကို ခေါ်လို့ရပါ့မလား။ မေမိက စက္ကူကို ကြိုပြောထားခဲ့သည်။

မေမိ ဘယ်တော့မှ မလိုက်နိုင်ဘူး၊ မေမိ တစ်ခါ အရှက်ရဖူးလို့ ကြောက်နေတာ၊ ခေါ်လို့ရမယ်မထင်။

ဘယ်လိုလုပ်ရမလဲ၊ ဒီမှာ ဖေဖေနှင့် မေမေက မြင်ဖူးချင်နေကြပြီ။ မောင်ဘယ်လိုလုပ်ရမလဲ မေမိရယ်။ မောင့်ဘက်က မင်း နေကြည့်ပါဦး။

ငယ်ငယ်တည်းက ကျွေးမွေး စောင့်ရှောက်လာခဲ့တဲ့ ဖေဖေနှင့် မေမေ၊ ခုချိန်ထိလည်း သားတွေကို တစ်ခါမှ မဆူဘူး။

ဒီလိုသဘောကောင်းတဲ့မေမေကို ဘယ်လိုလုပ်ပြီး မေမိ အကြောင်း ပြောရမလဲနော်။



www.burmeseclassic.com

www.burmeseclassic.com



"မေကြီးရေ…သားကြီးအတွက် စိတ်ချရပြီ၊ သားငယ်လေးပဲ ကျန်တော့တယ်"

"မင်းလိမ္မာတယ်ဆိုတဲ့သားကြီးတောင် သူ့ဟာသူ ရှာသေးတာပဲ၊ ငါတို့စကား နားမထောင်တဲ့သားငယ်အတွက် ငါတော့ မပူပါဘူး"

"အဲလိုအပြောပါနဲ့၊ သားငယ်လေးက တဇွတ်တိုးဆန်တာလေးပဲ၊ စိတ်ရင်း ကောင်းရှာပါတယ်"

ဖေဖေနှင့် မေမေကတော့ သင်္ချိုင်းဘက် လှည့်သွားတာကြောင့် စက္ကူ နေသာထိုင်သာ ရှိသွားရ၏။

ဆက်ပြောနေရင် မေမေတို့ရှေ့မှာ နေရဲမှာ မဟုတ်တော့။ ဒါကို စက္ကူပဲ သိသည်။

တစ်ခုခုဆို အမြဲတိုင်ပင်တတ်သော စက္ကူဟာ ဒီတစ်ခါတော့ ဘယ်သူနှင့် တိုင်ပင်ရမှာလဲ။

ကိုယ့်ချစ်သူလေးက သူများနှင့်မတူတာ ဘယ်သူက နားလည်ပေးမှာလဲ။ ဖြစ်နိုင်ရင် ဒီကိစ္စတွေကို ခဏမေ့ထားပြီး မေမီနှင့် ပျော်ပျော်နေချင်ပါသည်။





ခုတော့ ဖေဖေက မေးနေပြီဆိုတော့ မေမီကို သေချာအောင် ဆုံးဖြတ်နိုင်းရတော့မည်။ အချိန်တွေက တစ်နေ့ထက်တစ်နေ့ မောင့်ဘက်မှာ နီးကပ်အရေးကြီးလာခဲ့ပါပြီ။

ခုဆို ဖေဖေက စက္ကူ ရွေးချယ်ထားသော ချစ်သူလေးကို တွေ့ချင်နေပါပြီ။

မောင်က ခေါ်လာမယ်လို့ပြောလိုက်ပြီ။

မောင် ဘာဆက်လုပ်ရမှာလဲ။

ဒီနေ့နံနက်စာ စားတာ အကြာဆုံးဖြစ်လိမ့်မယ်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



စက္ကူက ကိုယ့်ရှေ့မှာ ခြေစုံရပ်လိုက်သော ချစ်သူလေးကို ချစ်မဝသလို ကြည့်မိသည်။

သူမကိုကြည့်ရတာ မောပန်းလာပုံနှင့် မျက်နှာလေးက နွမ်းနေသည်။

"နောက်ကျလိုက်တာ မေမီရယ်"

ရေရွတ်မိသည်။ တခြားလူတွေ အကုန်နီးပါး သွားသည်အထိ မေမီက ရောက်မလာ။ နောက်ဆုံးမှ ထွက်လာသည် မဟုတ်လား။

"ဆောရီးနော် မောင်၊ မေမီထွက်လာခါနီးမှ လူနာတစ်ယောက် ရောက်လာလို့"





မောင်က မေမီ့လက်ထဲက ထမင်းချိုင့်၊ ဂျူတီကုတ်နှင့် ပိုက်ဆံအိတ်တွေ လက်ပြောင်းယူလိုက်တာမို့ မေမီလက်ထဲမှာ ဘာမှ မကျန်တော့ဘဲ လွတ်လပ်သွားရသည်။

"လာလေ…ကားက ဟိုဖက်ထိပ်မှာ ရပ်ထားတာ"

မောင်က မေမီ့လက်ကလေးကိုဆွဲခေါ်တာမို့ မေမီအလိုက်သင့် ပါသွားရသည်။

"မောင်"

"အင်း…ပြောလေ"

"ဘာပြောစရာရှိလို့လဲ"

မောင်က လျှောက်လက်စခြေလှမ်းတွေကို အရှိန်လျှော့ပစ်လိုက်သည်။ မောင်က လမ်းလျှောက်အရမ်းမြန်တာမို့ မေမီ့မှာ မနည်းလိုက်ရတာ။ တစ်ခါတလေတော့ မောင်က မေမီနှင့်အတူ နှေးနှေးလိုက်လျှောက်တတ်သည်။

"မောင့်ကို အရမ်းသတိရတာပဲ"

မေမီ မောင့်လက်မောင်းလေးကို မှီပြီး ချွဲလိုက်သည်။

မောင်က မေမီ့စကားကို ရယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ် သတိရတာပါဆို"

"ဟုတ်ပါပြီ…မောင်လည်း မေမီ့ကို သတိရတာပဲ"

"ဆေးရုံမှာ အရမ်းပင်ပန်းတာပဲ မောင်ရယ်၊ တစ်ချိန်လုံး မအားရဘူး"

"ခုတော့ မောင့်ကိုတွေ့လိုက်ရလို့ ပင်ပန်းတာတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီ"

မေမီ တစ်နေကုန် ပင်ပန်းထားသမျှ မောင့်မျက်နှာလေး မြင်လိုက်ကာ အမောပြေသွားရသည်။ မောင့်ရဲ့ အကြင်နာမျက်ဝန်းတွေက ချိုမြိန်လွန်းသည် မဟုတ်လား။

"မောင်…မင်းကို ပြောစရာရှိတယ်"

"အင်း…ပြောလေ"

"ဖေဖေ မနက်က မောင့်ကို မေးတယ်၊ မောင်ထင်ထားသလိုပဲ"

"အန်ကယ်အောင် သတင်းပေးလိုက်တာနဲ့တူတယ်"

ကြားရသောစကားအပေါ် မေမီ တုန်လှုပ်သွားလေသည်။

မောင်က မေမီ့မျက်လုံးများနှင့် ဆုံကြည့်လာသည်။





"မောင့်ဖေဖေက ဘာပြောလဲဟင်"

"ဆူတာပေါ့ မေမီရဲ့"

"ဟင်…ဆူတယ်ဟုတ်လား"

"နောက်တာပါ မေမီရယ်"

မေမီမျက်နှာက ခုမှ စိတ်အေးသွားပုံ။

"ဖေမေက သူ့ချွေးမလောင်းကို ခေါ်ခဲ့တဲ့"

"ဟင့်အင်း…မေမီ မလိုက်ဘူးနော်"

မေမီက ခပ်ပြတ်ပြတ် ငြင်းလေ၏။ မောင်က မေမီ့ကို စူးစိုက်ကြည့်လာသည်။ အမြဲငြင်းတတ်သော မေမီပါ။

မောင် ဘယ်လိုပဲ ရှင်းပြ ရှင်းပြ၊ သူမရဲ့ဆုံးဖြတ်ချက်ကို မပြင်။ သူမရဲ့ဆုံးဖြတ်ချက်က အမြဲ ပြတ်သားနေတတ်သည်။ မောင် ဘယ်လိုပြောမှရမှာလဲ မေမီရယ်။ အဲဒီအကြောင်းနှင့် ပတ်သက်ပြီး မောင်နှင့် မေမီတို့ အငြင်းအခုံ ဖြစ်ရသည်။

"ဟုတ်တယ် မောင်…မေမီ မလိုက်ဘူးနော်"

မေမီ နောက်တစ်ခါထပ်ပြောလာ၏။

"အမိပ္ပာယ်မရှိလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



မောင့်ထံမှ မကျေမနပ် ရေရွတ်သံ ထွက်လာ၏။

"အဲဒါကြောင့် မောင့်ကို ကြိုပြောတာပေါ့"

မေမီက ခပ်တင်းတင်း ဆိုလေသည်။ ဆက်ပြောနေရင် မောင်နှင့် အခြေအတင်ဖြစ်တော့မည်။ ဒါပေမယ့် ဆက်ပြောမှလည်း ဖြစ်မှာပါ။ တစ်ခုခုတော့ သေချာဆုံးဖြတ်ရလိမ့်မည်။

"မေမီ မင်းတစ်ခါဖြစ်ဖူးတာနဲ့ အမြဲဖြစ်နေတော့မှာလား၊ လှပတဲ့အနာဂတ်မှာ မင်းရဲ့အတိတ်တွေကို မရောထွေးသင့်ပါဘူးကွာ၊ မင်းရဲ့ အတွေးတွေက တစ်ဖက်စွန်း ရောက်လွန်းတယ်၊ မောင်က အဲဒီလို ယောကျ်ားမျိုးလား၊ မောင့်မိဘတွေကလည်း မင်းတွေ့ဖူးတဲ့ အသိုင်းအဝိုင်းလို မဟုတ်ဘူးကွ၊ မောင် မင်းဆီက ဒီတစ်ခုပဲ တောင်းဆိုတာပါ၊ မောင့်ကို လိုက်လျောပေးပါ၊ မောင် ကတိပေးပါတယ်၊ မောင့်မိဘတွေ မင်းနဲ့ အဆင်မပြေရင် မောင် မင်းဘက်က ရပ်တည်ပေးမှာပါ၊ မောင်က နည်းလမ်းကျကျပြောနေတာပါ မေမီရယ်"

မောင်က တရှည်တလျား ရှင်းပြနေတာကို မေမီ ငြိမ်သက်နားထောင်နေပေမယ့် လက်မခံပါဘူး။ ဒီကိစ္စက မောင်နှင့် မေမီကြားမှာ တံတိုင်းကြီးတစ်ခုလို ရပ်တည်နေခဲ့တာ ကြာပါပြီ။





"နှစ်ဦးသဘောတူ လက်ထပ်ဖို့ပဲ"

မေမီက အမြဲဆိုသည်။

လက်ထပ်ပွဲတွေ မလုပ်နိုင်ကြောင်း ကြိုပြောထားသည်။ တကယ်တော့ မေမီက အစိုးရိမ်လွန်နေတာပါ။ သူမဘက် မရပ်တည်ပေးခဲ့သော ချစ်သူနှင့် သူမအပေါ် ရိုင်းပြစွာ ဆက်ဆံခဲ့သော အသိုင်းအဝိုင်းတစ်ခုကို ကြုံခဲ့ဖူးသော မေမီက လန့်နေတတ်ပါသည်။ ဘယ်လောက်ပြောပြော၊ ဘယ်လိုပဲ ဘာကတိတွေ အထပ်ထပ်ပေးပေး မေမီက မယုံကြည်ပါ။

သဘောမတူခဲ့လျှင်လည်း မောင့်တို့ နိုးပြေးကြမယ်လို့ ပြောတာကိုပင် မယုံ။ မောင် ဘယ်လို ဆုံးဖြတ်ရမလဲ။

"မောင့်မိဘတွေက အရမ်းရိုးကြတာ...မောင့်တို့ကို ယုံကြည်ထားကြတာ၊ အဲဒီယုံကြည်မှုကို မောင် အလွဲသုံးစားလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ မောင်တို့ နှစ်ဦးသဘောတူလက်ထပ်လို့ ဘယ်ဖြစ်မလဲ၊ မောင့်မိဘတွေ မောင့်ကို နာကျည်းသွားမှာပေါ့၊ မောင်က ညီအစ်ကိုနှစ်ယောက်မှာ အကြီးဆိုတော့ ရှေ့ဆောင်လမ်းပြဖြစ်ရမှာ အငယ်ရှေ့မှာ ဆိုးလို့ဘယ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်···မေမီကို ထပ်ပြောမနေနဲ့တော့၊ မေမီ ဆုံးဖြတ်ပြီးသား၊ မေမီနဲ့ မောင် တရားရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးမယ်၊ ပြီးရင် မေမီ မောင်နဲ့ လိုက်ခဲ့မယ်"

မောင်က မေမီစကားကို ဟင်းကနဲ သက်ပြင်းချလေသည်။

"မေမီဘက်က မောင်ရပ်တည်ရဲတယ်ဆို၊ မေမီ ဆုံးဖြတ်ချက်ကို နာခံမယ်ဆို၊ ဘာလဲ ခုတော့ မောင်က စိတ်ကုန်သွားပြီလား"

မေမီမှာ ထိုခံစားမှုကြီးက အရိပ်တစ်ခုလို အမြဲလိုက်နေတာ၊ ဘာကြောင့် ဘယ်လိုမှ ဖျောင်းဖျ၍ မရပါ။

"မေမီဘက်က မောင်ရပ်တည်မှာပါ···မေမီက မောင့်ရဲ့ ချစ်သူပဲ၊ ဒါပေမယ့် မေမီဆုံးဖြတ်ချက်က မှားနေတာကို မင်းသိရဲ့လား၊ မင်းပြောသလို လုပ်ချင်ပါတယ်၊ ဒါပေမယ့် အဲဒီလို လုပ်ဖို့ လိုမှမလိုဘဲ၊ မောင့်မိဘတွေက မေမီကို လက်ခံမယ်ဆိုတာ မောင် ရဲရဲကြီး ပြောရဲပါတယ်၊ မောင့်မိဘတွေ မေမီ အဆင်မပြေခဲ့ရင် မေမီကြိုက်သလို ဆုံးဖြတ်လို့ မောင်ပြောသားပဲ"

မောင့်ဘက်ကပြောရင်း ပိုပိုကျယ်လာသည်။ မောင့်အသံ ဝမ်းနည်းသံ စွက်နေသည်။





ဒီကိစ္စကို မေမီဘက်က မလိုက်လျောနိုင်တော့ မောင် အရမ်း စိတ်ထိခိုက်ပုံရသည်။

"မောင် မေမီတို့ ဒီလို ကပ်မပြောသင့်ဘူး"

မေမီက မကျေမနပ် ပြန်ပြောသည်။

"တစ်နေ့ ဒီလိုတွေဖြစ်လာမှာကြိုသိလို့ မောင့်ကို ကြိုပြောခဲ့တာပဲ"

"မင်းကြိုပြောတာ မှန်ပါတယ်၊ ဒါပေမယ့် မင်းရဲ့ အဲဒီအစွဲကြီး ကြာရင်ပျောက်သွားမှာပဲလို့ ယုံကြည်တယ်လေ"

လူတစ်ယောက် လက်ထပ်ထိမ်းမြားတယ်ဆိုတာ တစ်ချိန်တစ်ခါသာလုပ်ခွင့်ရတာ။ ဒီလိုအခွင့်အရေးကို မေမီဘာလို့လက်လွှတ်ချင်ရတာလဲ။ မေမီက မိန်းကလေးဆိုတော့ ပိုတောင်အရေးကြီးပါသည်။

မောင်က မေမီကို မြတ်မြတ်နိုးနိုး တန်ဖိုးထားလွန်းလို့ လက်ထပ်တောင်းယူချင်တာကို မေမီ ဘာလို့ လက်မခံရတာလဲ။ မေမီရဲ့ ပြင်းထန်တဲ့စွပ်စွဲချက်တွေနဲ့ ဇွတ်တရွတ် ငြင်းဆန်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင် မင်းကို လက်လျှော့ရတော့မှာလား မေမီရယ်။

မောင်-စိတ်မကောင်းစွာနှင့် မေမီ့ကို ကြည့်မိသည်။

ခုဆို ဖေဖေနှင့်မေမေက မေမီ့ကို တွေ့ချင်နေပြီ။ မေမီက ချစ်စရာကောင်းပြီး မိန်းမပီသတာကြောင့် ဖေဖေနှင့်မေမေက သဘောကျမှာပါ။

မိဘတွေက သဘောတူမှာကိုသိလျက်နဲ့ နှစ်ဦး သဘောတူ လက်ထပ်လိုက်ရင် ဖေဖေတို့ တစ်သက်လုံး ခွင့်လွှတ်မှာ မဟုတ်တော့ ဘူးဆိုတာ မောင်အသိဆုံးပါ။ မေမေလည်း အရမ်း စိတ်မကောင်း ဖြစ်မှာ။

"ဟာ...ဘာလို့ ငိုနေရတာလဲ"

မေမီရဲ့မျက်ရည်တွေက မောင့်ကို ထိတ်လန့်စေသည်။

"မေမီရယ်...မင်း ထပ်စဉ်းစားပါဦးလား"

မေမီရဲ့ မျက်ရည်တွေကို သုတ်ပေးနေရင်း တိုက်တွန်းမိ သည်။

"မေမီ ခံခဲ့ရတာ မှန်ပါတယ်၊ အရင်ကိစ္စတွေက မောင်နဲ့ ဘာဆိုင်လို့လဲမေမီ၊ မောင့်ကို မေမီ ဘာလို့မယုံကြည်ရတာလဲ၊





မောင့်ရဲ့စိတ်ဓာတ်ကို မေမီ ဘာလို့ တန်ဖိုးမထားရတာလဲ၊ သူတို့ လုပ်ခဲ့တဲ့အပြစ်က မောင်နဲ့ဆိုင်သလား၊ မှားနေပြီ မေမီ..မင်း သိပ် မှားနေပြီ၊ မောင့်ဖေဖေနဲ့ မေမေက အပြစ်မဲ့သူတွေပါ၊ မိဘတွေ အရှက်ကွဲအောင် မောင် မလုပ်ချင်ဘူး၊ မောင့်မိဘတွေကို အသိအမှတ် မပြုသလို မလုပ်ပါနဲ့၊ မေမီ မောင့်ကို အဲလိုအကြပ်မကိုင်ပါနဲ့၊ မေမီရဲ့ တယူသန်တဲ့စိတ်နဲ့ မောင် ရင်ကျိုးအောင် မရက်စက်ပါနဲ့"

"မောင်"

မေမီက မောင့်စကားတွေကို မကြားနိုင်တော့လို့ ခေါ်လိုက် မိတာ။

မင်း ငါ့ကို ဘယ်လိုများ နှစ်သိမ့်အနိုင်ယူဦးမလို့လဲ မေမီ။ မင်း မတရားဘူးကွာ။

မောင့်မိဘတွေဆီကို မလိုက်ရဲဘူး။ မောင့်မိဘတွေက မင်းကို ဘာလုပ်မှာမို့လို့လဲ။

လုံးဝမလိုက်ဘူးလို့ ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်တဲ့ မင်းကို မောင် အရှုံးပေးလိုက်ရတော့မှာလား။

"မင်း ဘယ်လိုစကားတွေနဲ့ နှစ်သိမ့်ဦးမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင့်အသံက အေးစက်ပြတ်သားနေ၏။

"မောင်နဲ့ မေမီ ဒီနေ့တွေ့ကြတာ နောက်ဆုံးလည်း ဖြစ်နိုင်ပါတယ်"

အားတင်းပြီးပြောချလိုက်တော့ ဆတ်ကနဲ ဖြစ်သွားသူကစ္ဆ။

"မေမီ မင်း ဒီလိုစကားမျိုးပြောရက်သလား"

"ပြောရက်တယ်မောင်၊ မောင်မှ မေမီ့ဆန္ဒကို မလိုက်လျောနိုင်တာ"

"ဒါ မင်းသက်သက် အနိုင်ကျင့်တာပဲ မေမီ၊ ကြိုက်တဲ့သူကို မင်းမေးလိုက်စမ်းပါ၊ ဘယ်သူမှားလဲလို့ မောင့်ဘက်က မင်းနေကြည့်ပါဦးကွာ"

မောင်ကပြောရင်း မေမီ့ကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး တင်းကြပ်ကြပ် ဖက်ထားလိုက်၏။

"မေမီ မင်း နောက်တစ်ခါ ဒီစကား ထပ်ပြောရဲပြောကြည့် မင်းက မောင်နဲ့ ခွဲနိုင်လို့လား၊ မင်းဘာလို့ ဒီစကားမျိုးပြောထွက်ရတာလဲ၊ မခွဲနိုင်မှန်းသိလို့ မင်း တမင်ပြောတာမလား"





မေမီကို တင်းတင်းဖက်ကာ မေးနေသော မောင့်မျက်နှာ မေမီမော့ကြည့်မိသည်။

"မေမီလည်း မောင်နဲ့ မခွဲနိုင်ပါဘူး၊ မေမီ့စကားအတွက် မေမီ တောင်းပန်ပါတယ်၊ မေမီပြောတာကို လိုက်လျောပေးပါနော်၊ မေမီ ဒီတစ်ခုတောင်းဆိုတာပါ၊ ကျန်တာအားလုံး မောင့်ဆန္ဒအတိုင်းပါ၊ မေမီ့အပေါ် မောင် အမြင်ရှင်းပါနော်"

မောင့်ရင်ခွင်ထဲမှ တိုးလျှိုးတောင်းပန်နေသော မေမီ့ကို ကရုဏာသက်ရပါသည်။ အမြဲတမ်း အရာရာကို အလျှော့ပေးတတ်သော ချစ်သူလေးပါ။ မောင် မေမီကို သိပ်ချစ်ရပါသည်။ မေမီ့ဆန္ဒကို မလိုက်လျောနိုင်တာ တစ်ခုတည်းပါ။ ခုတော့ မောင်သိသွားပါပြီ မေမီ။

အရှက်အကြောက်ကြီးသောချစ်သူလေးက နောက်တစ်ခါ ဒီလိုမျိုးကြုံရမှာ သေမလောက်ကြောက်နေတဲ့ မင်းကို မောင် စာနာမိပါသည်။

မောင် လက်လျှော့လိုက်ပါပြီ မေမီရယ်။ မင်းနေရာမှာ တခြားတစ်ယောက်ဆိုရင်လည်း ဒီလိုပဲ ဖြစ်နေမှာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ခံစားမှုတွေကို မောင် နားလည်နေပါပြီ။

မေမှီဆန္ဒကို လိုက်လျောမှုဖြစ်မယ်ဆိုတာ မောင် နားလည်နေပါပြီ။

ဖေဖေနှင့်မေမေ သားကို ခွင့်လွှတ်ပါနော်။ ဖေဖေနှင့်မေမေ သားကိုချစ်မှန်း သိပါသည်။ သား ဒီလိုမလုပ်သင့်မှန်း နားလည်ပါတယ်။ ဒါပေမယ့် သားရဲ့ချစ်သူလေးက သူဖြစ်ခဲ့ဖူးတဲ့ အဖြစ်အပျက်အတွက် ကြောက်လန့်နေသည်။ သူ့ရဲ့ စိတ်အစွဲတွေကို ဖျောက်ဖို့ သားမှာ ဒီတစ်လမ်းပဲရှိလို့ပါ။ သူ့ဆန္ဒကို လိုက်လျောမှုဖြစ်မှာမို့လို့ပါ။

အမြဲ ဆွေးနွေးကာ အဖြေမရခဲ့သောကိစ္စသည် ခုတော့ တိကျတဲ့အဖြေကို ရသွားခဲ့ပြီ။ တခမ်းတနား ထိမ်းမြားလက်ထပ်ဖို့ စိတ်ဒဏ်ရာရခဲ့ဖူးသော မင်းဆီက မောင် ထပ်မတောင်းဆိုတော့ပါဘူး။

လမ်းခွဲစကားကိုဆိုခဲ့သော ချစ်သူလေးကြောင့် မောင် အရမ်းခံစားနေသည်။ မင်း ဒီလိုပြောလိုက်မှပဲ မောင် မင်းနဲ့ မခွဲနိုင်တာ သေချာသွားခဲ့သည်။

"မေမီ မောင့်ကို တခြားဘာမဆို လိုက်လျောဖို့ အဆင်သင့်ပါ"





"ကောင်းပြီ...မပြောပါနဲ့တော့၊ မောင် နားလည်ပါပြီ၊ မောင် မင်းဆန္ဒကို လိုက်လျောမှာပါ"

"ဟင်...မောင် တကယ်ပြောတာနော်"

မေမီက မောင့်စကားကြောင့် ပျော်သွားရသည်။

"မောင်ရယ်"

မောင်နှင့်မေမီ တစ်ယောက်ကိုတစ်ယောက် မလွှတ်တမ်း အကြာကြီး ဖက်ထားပါသည်။ စိတ်ထဲမှာတော့ ဖေဖေနှင့်မေမေကို အကြိမ်ကြိမ် တောင်းပန်နေမိသည်။

"ဒါဆို မောင်တို့ ဘယ်နေ့လက်မှတ်ထိုးမလဲ"

မောင့်အသံက မတက်ကြွဘဲ ခပ်လေးလေးအသံနှင့် မေးလာသည်။

"ရပါတယ်... မောင်စီစဉ်ပါ၊ မေမှီဆန္ဒကို လိုက်လျောပေးတဲ့အတွက် မောင့်ကို ကျေးဇူးတင်ပါတယ်"

ရင်ထဲကလာသောစကားမှန်း သူယုံပါသည်။

မောင် မင်းကို ဖြစ်နိုင်ရင် အကောင်းစားဟိုတယ်ကြီးမှာ မင်္ဂလာဧည့်ခံပွဲ တခမ်းတနားကျင်းပချင်တာ။ မတတ်သာလို့သာ

www.burmeseclassic.com

www.burmeseclassic.com



မင်းဆန္ဒကိုလိုက်လျှောရတာ။ ဖေဖေနှင့်မေမေက စက္ကကို ခွင့်လွှတ်ပါ့မလား။ စက္က ဘယ်ကိစ္စမဆို မေမေနှင့် တိုင်ပင်နေကြ။ မေမေ သိဘဲ ဘာမှလုပ်တာမဟုတ်။

ဒီတစ်ခါတော့ စက္ကရဲ့ မိုက်မဲမှုကို ခွင့်လွှတ်ပေးပါ မေမေရယ်။

သားချစ်သူက အစွဲအလမ်းကြီးသူပါ။ သူ့ရင်ထဲက အစွဲတွေကို ဖယ်ရှားစေဖို့ စက္က ကြိုးစားရတော့မည်။ သူစိတ်ထဲက ခံစားမှုတွေ၊ နာကျည်းမှုတွေက ခုထိ မပျောက်သေးဘူး။

"စိတ်ချ မေမီ…မောင် အားလုံးစီစဉ်လိုက်မယ်၊ မင်းဘာမှ မစိုးရိမ်နဲ့တော့"

မောင့်ကို ခေါင်းညိတ်ပြပြီး မောင့်လက်မောင်းလေးကို မှီနေလိုက်သည်။



"ဟင်…မမကလည်း လုံးဝအဓိပ္ပာယ်မရှိဘူး"

ညီမလေးက မေမီ့ဆန္ဒကို အားမပေး။

"အစွဲအလမ်းမထားပါနဲ့ မမရာ၊ မမချစ်သူကို မမပိုင်ရင်ပြီးတာပဲ၊ သွားတွေ့လိုက်ပေါ့၊ ညီမလေး အဝတ်ရွေးပေးရမလား"

ညီမလေးက မေမီကို စနေ၏။

"ညီမလေး မမကို လိုက်နှောက်မနေနဲ့၊ မမ အတည်[illegible]နေတာ၊ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူး"





www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မမ ရိုင်းရာကျမှာပေါ့၊ လူကြီးတွေကို မလေးစားသလို ဖြစ်တာပေါ့၊ ဟိုဘက်ကို ဘယ်လောက်အားနာစရာကောင်းလဲ"

ဇင်မီ မမသဘောထားကို အားမပေးချင်ပါ။ ကန့်ကွက်ချင်သည်။

"မမလူကြီးမှာလည်း အသိုင်းအဝိုင်းဆိုတာရှိမှာပဲ၊ အားနာစရာကြီး မမရာ"

ညီမလေးကို စစ်ကူခေါ်ကာမှ ညီမလေးက မောင့်ဘက်က ဝါနေသည်။

"မတတ်နိုင်ပါဘူး…ငါ အဲဒီလိုလုပ်ဖို့ စိတ်မကူးဘူး"

"တစ်ခါဖြစ်ဖူးတာနဲ့ နောက်တစ်ခါထပ်ဖြစ်ရတယ်လို့ မရှိပါဘူး"

"ဟုတ်တယ်…ဒါပေမယ့် ငါမှမယုံဘဲ"

"မမချစ်သူက မမကို အရမ်းချစ်တာဆို မမပဲ ပြောပြီးတော့"

"အင်းလေ"





"ဒါဆို မမက ဘာကိုစိုးရိမ်နေတာလဲ"

"မောင်က ငါ့ကို နားလည်တယ်ဟာ၊ ငါ့ဆန္ဒကို လုံးဝသဘောတူတယ်တဲ့"

"ဟင်…ဟုတ်လား"

မမချစ်သူက မမကို တော်တော်ချစ်တာပဲ။ မမအပေါ် နားလည်နိုင်တာပဲ။

မမဆန္ဒကို လိုက်လျောတယ်ဆိုတော့ တော်တော် သဘောထားပြည့်ဝတဲ့သူပဲ ဖြစ်ရမယ်။

ဘာပဲဖြစ်ဖြစ် မမအတွက် စိတ်ချရတာပေါ့။ ဒီလိုချစ်တဲ့ ချစ်သူမျိုးကိုတောင် မမက မယုံမကြည် ဖြစ်နေသေးသည်။

တကယ်ဆို မမက သနားဖို့ကောင်းပါသည်။ မမချစ်ရသော ချစ်သူက မမဘက်က မရပ်တည်ဘဲ သူ့မိဘဆန္ဒအတိုင်း တခြားတစ်ယောက်နှင့် လက်ထပ်သွားခဲ့တာ။ သူ့မိဘတွေက မမကို ဘာတွေပြောလိုက်လည်း မသိ။ မမမှာ အရမ်းကို နာကျည်းသွားခဲ့တာ။ အဲဒီလို လှည့်စားတဲ့ချစ်သူတွေရှိသလို၊ မမဆန္ဒကို လိုက်လျောနိုင်တဲ့ ချစ်သူလည်း ရှိတာပဲ။ မမ အရမ်းကံကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမအတွေးတွေ မှားနေပြီ မမရဲ့"

ဇင်မီလည်း မပြောချင်ပါဘူး။ မမချစ်သူနဲ့ မမက ပြေလည်ပြီးသားပဲ။ ဇင်မီ ဘာပြောပြော မမက ခက်ခဲမှာမဟုတ်။

မမကို တခမ်းတနား မင်္ဂလာဆောင်စေချင်တာ ဇင်မီ့ဆန္ဒပါ။ ဒါမှ ဇင်မီလည်း မင်္ဂလာပန်းကိုင်ရမှာပေါ့။ နှစ်ဦးနှစ်ဖက်သဘောတူပြီး သဘာဝကျကျမင်္ဂလာဆောင်မှသာ ဒီမင်္ဂလာကြီးဟာ အထမြောက်မှာပေါ့။

လူကြီးမိဘတွေရဲ့ ဆန္ဒဟာ အရေးကြီးပါသည်။ လူကြီးတွေရဲ့ ဆုတောင်းပါမှသာ အရာအားလုံး အဆင်ပြေချောမွေ့တာ မဟုတ်လား။

နှစ်ဦးသဘောတူ လက်ထပ်ခြင်းဟာ လူကြီးတွေကို နေရာမပေးသလို ဖြစ်သည်။ မလေးစားရာ ရောက်ပါသည်။

မမချစ်သူက မမကို နားလည်ပေမယ့် မမချစ်သူဘက်က ဆွေမျိုးအသိုင်းအဝိုင်းတွေ မမကို နားလည်ပါ့မလား။ မမချစ်သူကိုလည်း သူ့မိဘတွေက မျက်နှာရှသွားနိုင်သည်။ မမကိုလည်း ရှုံ့ချကြမှာပါ။ ဒါကို မမလည်း သိမှာပါ။





ဇင်မီကတော့ မမကို ပိုပြီး တင့်တင့်တယ်တယ် ဖြစ်စေချင်သည်။ မမရဲ့မင်္ဂလာပွဲကို ခမ်းခမ်းနားနား ကျင်းပစေချင်သည်။ မမလည်း ဒီလိုဘယ်လုပ်ချင်ပါ့မလဲ။

မမလည်း သူ့ချစ်သူကို တုန်နေအောင်ချစ်မြတ်နိုးသူပါ။

"မေမေ့ကို ပြောပြီးပြီလား"

"ဟင့်အင်း…မပြောရသေးဘူး၊ ငါ ကြောက်တယ်ဟ"

"ဇင်မီ ပြောပေးရမလား"

"ဟင့်အင်း…မပြောနဲ့၊ နောက်မှ မေမေ သိသွားမှာပေါ့"

"ဒါဆိုလည်း ပြီးရော"

"ညီမလေး အိမ်ကိုပြန်လာခဲ့ဦးလေ၊ မမကို လိုအပ်တာ ကူညီဖို့"

"ခုတော့ လာလို့မရသေးဘူး မမရဲ့…ဇင်မီ့သင်တန်းက တစ်လလိုသေးတယ်၊ ဒီတစ်လသင်တန်းပြီးရင် ဇင်မီ လာခဲ့မယ်လေ"

"အင်း…အင်း"

"ဂွတ်နိုက် ညီမလေး"



www.burmeseclassic.com

"ဥတ်နိုက်ပါ မမ"

ဇင်မီ ဖုန်းချပြီး မမအတွက် ရင်ခုန်မိသည်။ မမကတော့ စွန့်စားခန်းဝင်ရတော့မည်။

ဖေဖေနှင့်မေမေကတော့ မမကို ခွင့်လွှတ်မှာပါ။

တစ်ခါ အရှက်ကွဲဖူးတာကို စွဲနေအောင်နာနေတဲ့ သမီးလေးကို ခွင့်လွှတ်ကြမှာပါ။

အစွဲအလမ်းကြီးစွာ ကြောက်လွှန်းနေရှာတာ ညီအစ်မချင်းမို့ သိသည်။





"သဏ္ဍ"

"ဗျာ"

ကိုမျိုးဇော်ခေါ်သံကြောင့် သီချင်းခွေ ရွေးနေရင်းမှ လှည့်ကြည့်လိုက်မိသည်။

"ဖုန်း"

ကိုမျိုးဇော်က တယ်လီဖုန်းလာနေကြောင်း သတင်းပေးသည်။

"ဖေဖေဆီကလား"



www.burmeseclassic.com

www.burmeseclassic.com



သက္ကဆီကို မကြာခဏ ဖုန်းလှမ်းဆက်တာက ဖေဖေပါ။

"အေး…ဟုတ်တယ်"

သက္ကက တယ်လီဖုန်း အနီလေးဘေးနား ရောက်သွားပြီး ထူးလိုက်သည်။

"ဟယ်လို"

"ဖေဖေလား…သားပါ"

"အေး…သားရေ၊ မင်း ဒီညနေပဲ လေယာဉ်နဲ့ပြန်ခဲ့တော့ကွာ"

"ဟင်…ဘာဖြစ်လို့လဲ ဖေဖေ"

"အရေးကြီးကိစ္စ ရှိတယ်ကွ"

"ဘာကိစ္စလဲ…သားမသိရဘူးလား"

"မင်းလာမှ ပြောမယ်ကွာ"

"ဒါပဲနော်…ဖေဖေ ဖုန်းချလိုက်တော့မယ်"

ဖေဖေပြောရင်း တကယ် ဖုန်းချလိုက်တော့သည်။

ခေါင်းထဲမှာ ပဟေဠိဖြစ်သွားသည်။ ဖေဖေ့အသံက အေးအေးဆေးဆေးပါပဲ။





သူ ချက်ချင်းမလာမှာစိုးလို့ အကြောင်းရင်းကို ပြောမပြတာ။ ဘာကိစ္စရှိလို့ပါလိမ့်။ ဘာကိစ္စမို့လို့ အရေးတကြီး ခေါ်ရတာလဲ။ သက္ကကို လိမ်ခေါ်ခြင်းများလား။ ဒီလိုတော့ ဖေဖေလုပ် မည်မထင်။

နိုင်ငံခြားမှာ သီချင်းဆိုဖို့တောင် ဖေဖေက ခွင့်ပြုသေးတာ တမင်ခေါ်ခြင်းဟု မထင်။ သက္ကစိတ်ထဲမှာ ဘာကိစ္စလဲဆိုတာ အရမ်းသိချင်နေမိသည်။

ခုလောလောဆယ် ရှိုးပွဲမရှိလို့ တော်သေးသည်။ ပြည်ပ ရှိုးပွဲအတွက်သာ ပြင်ဆင်နေရတာ။

"မင်းအဖေက ဘာပြောလို့လဲ"

ကိုမျိုးဇော်က သက္ကကိုမေးလာသည်။

"ဒီညနေ ပြန်လာခဲ့တဲ့"

"အေးကွ သွားရင်လည်းသွားပေါ့…မင်းလည်း ရန်ကုန် ရောက်ပြီးကတည်းက တစ်ခါမှ ပြန်သေးတာမဟုတ်ဘူး၊ သွားလိုက်ပါကွာ၊ သူတို့ မင်းကို သတိရနေမှာပေါ့၊ မင်းရဲ့သီချင်းပိုင်းက ပြီးသလောက်ရှိနေပြီဆိုတော့ ကျန်တာတွေ မင်း ဟိုမှာ ကြိုတင်ပြင်ဆင်ထားပေါ့ကွာ၊ လိုရင် ငါဖုန်းဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သွားတော့မယ်နော်၊ အိမ်မှာ ယူစရာရှိတာ ယူရဦးမယ်"

"အေး...အေး ရတယ်"

တကယ်တော့ သူမရှိရာ ရန်ကုန်မြို့လေးက သဏ္ဍ လုံးဝ မပြန်ချင်ပါ။ ဖေဖေခေါ်လို့သာ သွားရမှာ။ သူမနှင့် ရင်းနှီးမှုတောင် မရသေး။ သူမကိုထားခဲ့ရမှာ စိတ်မချ။ ဖြစ်နိုင်ရင် သူမကိုပါ ခေါ်ပြီး သွားချင်သည်။

မဖြစ်နိုင်တာကို သဏ္ဍ စိတ်ကူးယဉ်နေမိသည်။ ဟိုမှာ ဘယ်လောက်နေမယ်ဆိုတာ မသိသေးဘူး။

သူမက သဏ္ဍရဲ့ စိတ်တွေကို ရစ်နှောင်ထားသည်။

ခုတော့ သူမနှင့် ပိုပြီးဝေးရတော့မည်။ ဖြစ်နိုင်ရင် ရန်ကုန်မြို့က ဘယ်မှသွားချင်တာ မဟုတ်။ အာဇာနည်သီချင်းထဲကလို ဖြစ်နေပြီထင်ပါရဲ့။

*ရေမြေခြားသွားရတော့...*

*မင်းလေးကို ထားခဲ့ရပြီပေါ့...*

*မျက်ကွယ်ရာမှာ ကိုယ်စိတ်ချပါရစေ...*





*ဒါပေမယ့် ကိုယ့်အတွက်တော့ ယုံကြည်ပြီး...*

*စောင့်နေပါနော် လွမ်းရက်တွေကို တဖြည်းဖြည်းကျော်မှာ..*

*ကိုယ် ပါးအဝေးမှာ နေတဲ့အခါ...*

*ပြန်ဆုံနိုင်မယ့် နေ့ရက်လေးတွေ မရောက်သေးခင်...*

*ညှိမှန်သောကိုယ့်ရဲ့သစ္စာတွေကြောင့် ဆုတောင်းပြည့်ခဲ့ရင်*

*အချစ်ဆုံးသာ ကိုယ့်အနားရှိစေချင်...*

အာဇာနည်ရဲ့သီချင်းလေးတစ်ပုဒ်ကို လိုက်ဆိုနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့မှာကားရပ်ပြီးတာနှင့် သက္ကက ကားပေါ်ကဆင်း လိုက်ပြီး နောက်ဖုံးကိုဖွင့်ကာ ခရီးဆောင်အိတ်ကို ဆွဲယူလိုက်သည်။

(Taxi) အငှားယာဉ်လေးက သက္ကဆင်းပြီးတာနှင့် ပြန် ကွေ့ထွက်သွားလေသည်။

ဘဲ(လ်)တီးပြီး ခဏကြာတော့ မေမေက ပြေးထွက်လာပြီး တံခါးဖွင့်ပေးလေသည်။

"ဟယ်...သားငယ် ပြန်လာပြီ"





ဒီညနေလာမယ်ဆိုတာ သိပြီးသားပေမယ့် တကယ်လာ တော့လည်း အတိုင်းမသိ ပျော်ရပါသည်။ ကိုယ့်သားလေးက အခုဆို နာမည်ကြီးအဆိုတော်တောင် ဖြစ်နေပြီ။

သူဝါသနာပါရာကို ဖေဖေနှင့် အတိုက်အခံလုပ်ပြီး ရန်ကုန် ကို သွားခဲ့သည်။ သားငယ်လေးဟာ စိတ်ရင်းကောင်းရှာပါသည်။

တစ်ခါတစ်ရံ ဇေါင်းမာပြီး စိတ်ဆတ်တာပဲ ရှိတာ။ အမေနှင့် အဖေကိုတော့ အလွန်ချစ်ပါသည်။ ကိုယ့်သားမို့ ပြောတာမဟုတ်၊ တော်တော်ချောပါသည်။

ကိုယ်မွေးထားတဲ့သားကို ပြန်ငေးရတယ် အဟုတ်ပဲ။ သားကြီးကလည်း ချောပေမယ့်၊ သားငယ်လိုတော့ ဆွဲဆောင်မှုမရှိ။ အနေအေးတာလည်း ပါသည်။

သားငယ်ကတော့ ခေတ်နှင့်အညီ ဝတ်စားတတ်သည်။ သားငယ်လေးက သူ့အဖေလိုပဲ ထူတန်းတဲ့မျက်ခုံး၊ စူးရှ တောက်ပ မျက်လုံးတွေကို ပိုင်ဆိုင်ထားပြီး စိုရဲနေတဲ့နှုတ်ခမ်းလေးနှင့်ဆိုတော့ ပိုပြီး ပြည့်စုံသလိုဖြစ် သွားသည်။ အရပ်ကမြင့်မြင့် အသားကလည်း ဖြူသည်။



www.burmeseclassic.com

www.burmeseclassic.com



အနုပညာအလုပ်ကို လုပ်နေတော့ ပါးသိုင်းမွေး ရေးရေး လေး ပုံသွင်းထားပုံရသည်။

အခုခေတ် မင်းသားတွေတောင် အရှုံးပေးရမည်။

ဒေါ်ခင်ထားမှာ သားငယ်လေးကို ထားစရာမရှိ၊ နေစရာ မရှိအောင်ကို အဖြစ်သည်းမိပါသည်။

ဒါကို…သားငယ်လေးက နားမလည်။ သူဖြစ်ချင်တာပဲ သိသည်။

အခုခေတ်မိန်းကလေးတွေက ခပ်ရှုပ်ရှုပ်ရယ်။ သားငယ်လေး အရွေးမှားသွားမှာစိုးရိမ်မိသည်။ သူက ကိုယ့်မျက်စိအောက်မှာ မနေဘဲ တစ်ယောက်တည်းနေတော့ စိတ်မချပေ။ မတော်တရော်နှင့် တွေ့သွားမှဖြင့်။

အခုခေတ်မိန်းကလေးတွေ ဒေါ်ခင်ထားတို့ခေတ်က မိန်းက လေးတွေနှင့်ကွာပါ့။ ခုခေတ်မိန်းကလေးတွေက ချွဲချွဲပြစ်ပြစ်နှင့် နားကြားပြင်းကတ်စရာ။

"ဟာ…မေမေ ဘာတွေဒီလောက်တောင် ငေးနေတာလဲ။ ဘာလဲ သားချောလာလို့ မဟုတ်လား"





"ဟင်း…ဟင်း ဟုတ်ပါရဲ့၊ ငါ့သားလေးက ရန်ကုန်မှာ နေပြီး၊ ချောလာလိုက်တာ"

သဏ္ဍာ မေမေ့ကိုဖက်ပြီး အလွမ်းသယ်လိုက်သည်။ မေမေ့ ပါးလေးကို ရွှတ်ကနဲ တစ်ချက်နမ်းလိုက်သည်။ မေမေကလည်း သဏ္ဍာကို ပြန်နမ်းသည်။ မေမေ့မျက်နှာမှာ အမြဲအေးချမ်းနေသည်။ ဘယ်အချိန်ကြည့်ကြည့် သနပ်ခါးမှုန်မှုန်နှင့် ရင်ဖုံးလက်ရှည်နှင့် ထဘီနှင့် တစ်ပတ်လျှိုဆံထုံးလေးနှင့် မေမေ့ကိုကြည့်ရတာ အမောပြေသည်။

မေမေဟာ သဏ္ဍာတို့ သိတတ်စအရွယ်တည်းက ဖေဖေနှင့် စကားများခြင်း၊ ရန်ဖြစ်ခြင်း မရှိပေ။

ဖေဖေကလည်း မေမေ့ကို အလွန်ချစ်သည်။ တစ်ယောက် တစ်ယောက် နားလည်ပုံရလေသည်။

"သားရယ်…သွားလိုက်တာများအကြာကြီး၊ ပြန်တောင် မလာဘူးနော်၊ မင်းအဖေ ဖုန်းဆက်ခေါ်မှဘဲ လာတော့တယ်"

"ဟင်…မေမေကလည်း သားက လာချင်ပါတယ်၊ ရိုးရှိုး ပွဲတွေက ဆက်တိုက်ရှိနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ...အေး...ယုံလိုက်ပါ့မယ်"

"အခုရောက်လာပြီပဲ မေမေရဲ့"

"ဒီနေ့ ငါ့သားငယ်လေးလာမှာသိလို့ သားအကြိုက်တွေ ချည်း မေမေချက်ထားတယ်၊ သား ဆာပြီလား"

"ဟင့်အင်း..ဖေဖေနဲ့ ကိုကြီးလာမှပဲ အတူတူစားမယ်လေ၊ ခုတော့ ရေချိုးလိုက်ဦးမယ်"

"အေး...အေး"

"ဩော်...မေမေ သားရဲ့ခွေးလေးတွေရော"

"ရှိပါ့တော်...အပေါ်ထပ်မှာထင်တယ်"

"ဒါဆို...သား တက်သွားလိုက်မယ်"

'ဆော့(ဖ်)ကီရေ...စန်းကာရေ' ပါးစပ်က တကြော်ကြော် အော်ရင်း တက်လာခဲ့သည်။ သက္ကကိုမြင်တော့ ခွေးလေးနှစ်ကောင် က ပြေးလာပြီး လျှာနှင့်လျက်သည်။

သက္ကက ဒူးထောက်ထိုင်ချလိုက်ပြီး ခွေးလေးနှစ်ကောင် ရဲ့ခေါင်းလေးတွေကို သပ်ပေးနေမိသည်။ သက္ကရဲ့ ခွေးလေးတွေမှ သူမနှင့် သူမရဲ့ခွေးလေးကိုလည်း သတိရလိုက်မိသည်။





သူမရော ကိုယ့်ကို သတိရနေမလား။ မျှော်လင့်ချင်ပါ သည်။

"ဟော့ကောင်တွေ...မင်းတို့ဖို့ မုန့်ပါတယ်ကွ"

သက္ကက ဝယ်လာခဲ့သော ခွေးအစာသီးထုတ်ကိုဖောက်ပြီး ချကျွေးလိုက်သည်။ သူတို့နှစ်ကောင်က အားပါးတရ စားနေကြ သည်။ ပြီးမှ ခရီးဆောင်သေတ္တာလေးဆွဲပြီး အခန်းထဲသို့ဝင်ခဲ့သည်။ သက္ကရဲ့အခန်းလေးဟာ မနေတာကြာပေမယ့် ဖုန်မတက်ဘဲ အားလုံး ဟာ နေရာတကျနှင့် သပ်သပ်ရပ်ရပ်ရှိနေတယ်။ ဒါဟာလည်း မေမေ့ ကျေးဇူးကြောင့်ပါ။ မေမေက သက္ကအခန်းကိုဆို ကောင်မလေး တွေနှင့် မလွှဲဘဲ ကိုယ်တိုင် ဝင်စီစဉ်ပေးသည် မဟုတ်လား။ လိုက်ကာ လေးတွေကလည်း အသစ်လေးတွေ လဲပေးထားသည်။ အိပ်ရာခင်း ပန်းရောင်လေးက လဲထားပုံရသည်။ သက္ကအခန်းဟာ အဝတ်ဗီရို တစ်လုံးနှင့် ခုတင်ကျယ်ကြီးနှင့် ဝရံတာလေး ပါရှိသည်။ နံရံမှာ တော့ သက္ကရဲ့ ဂီတာလေးက နေရာယူထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ရေ…အဆင်သင့်ဖြစ်နေပြီ လာကြ ကော်ဖီသောက်ရအောင်"

မေမေက နံနက်ဆို စောစောထပြီး ဘုရားရှိခိုး၊ တရားထိုင်ပြီးတာနှင့် မိသားစု စုံစုံလင်လင် နံနက်စာစားမှ ကြိုက်တတ်သည်။

သက္ကက မအိပ်တာကြာပြီဖြစ်သော ကိုယ့်အခန်းထဲမှာ တစ်ဝကြီး အိပ်ပစ်လိုက်သည်။ နံနက်ကို အိပ်ရာနိုးတာနှင့် ရေချိုးလေ့ရှိသည်။ ရေချိုးခန်းထဲက ထွက်လာတာနှင့် မေမေ့ ခေါ်သံကြားတာကြောင့် ရှိုးရှိုးတီရှပ်တစ်ထည်နှင့် ဂျင်းဘောင်းဘီကိုသာ မြန်မြန်





ဝတ်လိုက်ပြီး ဆံပင်ရေစိုတွေကို ဘီးလေးနှင့် တစ်ချက်နှစ်ချက်ဖြီးလိုက်ပြီး လှေကားကို ပြေးဆင်းလာခဲ့သည်။

စားပွဲဝိုင်းမှာ ထိုင်လိုက်တာနှင့် မေမေ့လက်ရာ ထမင်းကြော်က စားချင်စရာ မွှေးမွှေးလေး။ မေမေက ထမင်းဟင်းကိုတော့ ကိုယ်တိုင်ချက်သည်။ ဖေဖေကလည်း မေမေ့လက်ရာမှ အကြိုက်တွေသည် မဟုတ်လား။ ဒါကြောင့် မေမေက ချက်ပြုတ်ရေးတာဝန်ကို တခြားလူတွေနှင့် မလွှဲဘဲ ကိုယ်တိုင် ဝင်ချက်ပါသည်။

မေမေက သက္ကအတွက် ကြက်ဥအချပ်လိုက်လေး ကြော်ပေးထားသည်။ ဒါကြောင့် မေမေ့ကို အချစ်ပိုရတာပေါ့။ မေမေက သက္ကအကြိုက်ကို သိနေသည်မဟုတ်လား။ သက္ကက ထမင်းကြော်ဆို ကြက်ဥအချပ်လိုက်ကြော်လေးပါမှ ကြိုက်တတ်သူ။

"ဖေဖေပြောတဲ့အရေးကိစ္စဆိုတာ ဘာလဲ၊ သားကို ဘာလို့ အမြန်ခေါ်ရတာလဲ"

သက္ကက ဖေဖေ့ကို ဦးတည်မေးလိုက်သည်။

"မင်း မရှိးရတော့မယ်ကွ၊ အဲဒါကြောင့် မင်းကို ငါ မြန်မြန်ခေါ်ရတာ"



www.burmeseclassic.com

"ဟင်…ဟုတ်လား ကိုကြီး"

ကိုကြီးက ချက်ချင်း မျက်နှာပျက်သွားလေသည်။ သဏ္ဍကို ပြောတာ ကိုကြီး မကြိုက်လို့လား။ သဏ္ဍက ဘာလုပ်မှာမို့လို့လဲ။ ကိုကြီးကို နားမလည်နိုင်တော့ပါ။

"ဟုတ်တယ်…သဏ္ဍ"

ကိုကြီးက မဖြေချင်သလို ခပ်ပေါ့ပေါ့ဖြေ၏။

"ကွန်ဂရက်ကျူလေးရှင်းပါ…ကိုကြီး"

သဏ္ဍ အရမ်းဝမ်းသာပါသည်။ ဖေဖေနှင့် မေမေကလည်း ကျေနပ်နေပုံရသည်။ ကိုကြီးကောင်မလေးကို သဏ္ဍ မသိပါ။

"မေမေ ကိုကြီးကောင်မလေးက ချောလား"

သဏ္ဍက မေမေ့ကို လှည့်မေးလိုက်သည်။

"ဟင့်အင်း…မသိဘူးသား၊ မင်းကိုကြီးက တစ်ခါမှ မိတ်မဆက်ပေးဘူး"

မေမေ့အပြောကို ကိုကြီးက ဘာမှတုံ့ပြန်ပါ။

ဘာမှပြန်မပြောနိုင်တဲ့ကိုကြီးမှာ ပြဿနာတစ်ခုခုတော့ ရှိနေတယ်ထင်ပါရဲ့။





ဖေဖေနှင့် မေမေကလည်း ကျေနပ်ပြီးသား။ ကိုကြီးက ဘာကိုစိုးရိမ်နေတာလဲ။ ကိုကြီးက ငယ်ငယ်တည်းက ဘာပဲလုပ်လုပ် ဖေဖေနှင့်မေမေကို အသိပေးတတ်သူ။ ဒီတစ်ခါဘယ်လိုဖြစ်ပါလိမ့်။

သဏ္ဍကသာ ကိုယ်ထင်ရာကို ခွတ်တိုးလုပ်တတ်တာ။ ကိုကြီးက အဲလိုမဟုတ် သားအလိမ္မာလေးပါ။

အမြဲ ပွင့်ပွင့်လင်းလင်းရှိခဲ့သော မိသားစုနှင့် အရမ်း 'close' ဖြစ်သော ကိုကြီးက ဒီတစ်ခါမှပဲ လျှို့ဝှက်ကာ မပြောချင် မဆိုချင် ရှိနေတာကို သဏ္ဍ ဘယ်လိုမှ နားမလည်။

တစ်ခုခုတော့ မှားနေပါပြီ။

ဒါဟာ ကိုကြီးရဲ့ ပုံစံမှန်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက သက္ကကို သူ့ချစ်သူအကြောင်းကို တစ်စွန်းတစ်စ ရင်ဖွင့်လာ၏။

"ဟာ…မဟုတ်သေးပါဘူးဗျာ၊ အဲဒါ အကြောက်လွန်နေတာ…စိုးရိမ်စိတ်ကဲနေတာ၊ ကိုကြီး စည်းရုံးပေါ့ … ခိုးပြေးစရာလား"

သူက လက်မခံချင်ပါ။

"ငါလည်း ပြောတာပဲ"

"ကိုကြီးအပေါ် သူ မယုံကြည်တာလား"





"အဲဒီလိုလည်း မဟုတ်ပါဘူး"

"မိုးပြိုမှာထိုင်တွေးပြီး လန့်နေသလိုပဲ"

"သူက ခဲမှန်ဖူးတဲ့စာသူငယ်လေ"

"ဘာဆိုင်လဲဗျာ…ကိုကြီးက အဲဒီလိုလူစားလား၊ သူ ယုံကြည်ရမှာပေါ့"

ကိုကြီးက စိတ်ညစ်နေပုံရသည်။

"ကိုကြီး အဲ့ဒီလိုတော့ မလုပ်နဲ့ဗျာ၊ ကိုကြီးက ရှေ့ကား… ခမ်းခမ်းနားနား လက်ထပ်ယူမှပေါ့"

သက္ကက အားမရချင်။

"ကျွန်တော် ပြောပေးရမလား"

ကိုကြီးက ခေါင်းယမ်းသည်။

"မလုပ်ပါနဲ့ကွာ၊ ပိုဆိုးနေပါ့မယ်"

"ဒါဆို ကိုကြီးရအောင်ပြောပေါ့"

ကိုကြီးစက္ကက ခေါင်းညိတ်၏။

ကြားလိုက်ရတာ ဆန်းနေသည်။

တခြားကောင်မလေးတွေများ တခမ်းတနား လက်ထပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းလို့ သတို့သမီးဝတ်စုံဝတ်ချင်လွန်းလို့ ကိုယ့်ချစ်သူနှင့် လက်ထပ်မှော ဘယ်လောက်ကြည်နူးစရာကောင်းသလဲ။

ကိုကြီးကောင်မလေးကျမှ…

သူ ပုခုံးတွန့်မိ၏။

ကိုကြီးကို သိပ်ဝေဖန်လို့မရ။ သတ္တရော ဘယ်လိုလာမလဲ မသိသေးပါ။





"ဟာ"

ဘုရားပေါ်က ဆင်းလာနေရင်းက မျက်စိထဲလာသောပုံရိပ်တို့ကြောင့် ရင်ထဲ ဝုန်းကနဲမြည်သွားရ၏။ ဒီနေ့ ပြည့်စုံရဲ့မွေးနေ့မို့ နံနက်စောစော ဘုရားကို ရောက်နေခြင်းပါ။ သူငယ်ချင်းပြည့်စုံက မွေးနေ့ဆို မနက်ပိုင်း ဘုရားသွားသည်။ ညနေပိုင်းမှ မွေးနေ့ပွဲကျင်းပမှာ။ ဒီနေ့တော့ ပြည့်စုံနှင့် လိုက်လာခဲ့တာ အကျိုးရှိသွားရသည်။ သူမ ဘယ်လိုလုပ် ဒီရောက်နေတာလဲ။ ကိုယ်မျက်စိကိုယ်တောင် မယုံ။



www.burmeseclassic.com

www.burmeseclassic.com



သူမက ရင်စေ့အင်္ကျီလက်ရှည်လေးနှင့်၊ ထဘီအနက်လေနှင့် ဆံပင်ကို ကျစ်ဆံမြီးနှစ်ချောင်းကျစ်ထားသည်။ လည်ပင်းမှာ ပဝါလေးကို စည်းနှောင်ထားသည်။ သူမက သူမရဲ့သူငယ်ချင်းတွေနှင့် စကားပြောရင်း တက်လာနေသည်။

"ဘာလဲ သက္က၊ ဘာတွေ့လို့လဲ"

သက္ကနှင့်အတူ ဆင်းလာသောသူငယ်ချင်းပြည့်စုံက ဟာကနဲ အော်လိုက်သောကြောင့် သက္ကကို မေးလိုက်ခြင်းပါ။

"သက္က…ဘာလဲကွ"

ပြည့်စုံက ဒုတိယအကြိမ်ထပ်မေးတော့မှ သက္က ဟက်ကနဲရယ်လိုက်မိ၏။

သက္က၏ရယ်သံတွင် အုံ့သြရိပ်၊ ကြည်နူးရိပ်တွေက ဖုံးမရဖိမရ ပေါ်လွင်နေသည်မို့ သူပါ သက္ကကြည့်နေရာကို လိုက်ကြည့်မိသည်။

ကောင်မလေးငါးယောက် လှေကားကိုတက်လာနေသည်မှလွဲ၍ ဘာမှထူးခြားတာ မမြင်။

'ဒီကောင် ဘာဖြစ်တာလဲ'





ဟု တွေးရင်း ပြည့်စုံအံ့သြနေဖြစ်၏။

ဟိုကောင်မလေးတွေကိုမြင်လို့ 'ဟာ' ကနဲအော်တာ မဖြစ်နိုင်ပါ။

သူ့သူငယ်ချင်းသက္ကက မိန်းမကိစ္စ လုံးဝကင်းရှင်းသည် မဟုတ်လား။

သူငယ်ချင်းတွေထဲမှာ သက္ကတစ်ယောက်သာ အတွဲမရှိသေးတာ။ ကျန်တဲ့သူအားလုံးက အတွဲကိုယ်စီနှင့်။ သက္ကက သူ့ရင်ထဲမှာ တကယ်နှစ်နှစ်ကာကာမရှိတဲ့ ဘယ်မိန်းကလေးကိုမှ မကြိုက်ချင်ဘူး။ အပျော်သဘောလည်း ငါရှောင်တယ်ဟု ကြိုပြောထားခဲ့သည်။

သူငယ်ချင်းတွေထဲမှာ သက္ကက ရုပ်ရည်ချောမောကြည့်ကောင်းသည်။ ပညာလည်းတက်၊ ငွေကြေးလည်း ပြည့်စုံပါသည်။ အဆိုတော်ပေမယ့် အနေမှန်တာမို့ သက္ကက အားလုံးထဲမှာ 'စံ' ထားရသူ မဟုတ်လား။

တွေ့မြင်ရာ မိန်းကလေးတိုင်း လိုက်ကြည့်တတ်တဲ့အထဲမှာ သက္က မပါ။



www.burmeseclassic.com

www.burmeseclassic.com



တော်ရုံမိန်းကလေးကို လှည့်ပင်မကြည့်တတ်။

သူ့နှုတ်မှ တန်ဖိုးထားပြောဖူးတာမျိုး တစ်ခါမှမရှိခဲ့။

"သက္က"

"လာလေကွာ…သွားကြမယ်၊ ဘာငေးနေတာလဲ"

သက္ကလက်ကိုဆွဲပြီး အတင်းဆင်းစေလိုက်သည်။

"ငါ မင်းကိုပြောပြစရာတွေ ရှိတယ်ကွ"

"ပြောလေ"

"ငါ ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားနေပြီကွ"

"ဟာ"

ဒီတစ်ခါတော့ ပြည့်စုံ အံ့ဩသွားသည်။ သက္ကဆီက ဒီစကားမျိုးကြားရမည်ဟု ထင်မထားတာကြောင့် အံ့ဩသွားရခြင်းပါ။

"ဘယ်ကလဲကွ"

"ပြောရရင် နည်းနည်းတော့ရှည်တယ်ကွ"

"ရပါတယ်"

"အေးအေးဆေးဆေး မင်းအိမ်ရောက်မှ ပြောရအောင်"





ဒီနေ့ တော်တော်ကိုထူးခြားသည်။

သက္ကက ကောင်မလေး တစ်ယောက်ကို စိတ်ဝင်စားနေပြီတဲ့။

မယုံချင်သလိုတောင် ဖြစ်သွား ရသည်။

ပြည့်စုံက သက္ကပြောသည့်အကြောင်းကို အရမ်းစိတ်ဝင်စားတာကြောင့် အိမ်ကို မြန်မြန်မောင်းလိုက်သည်။

ခြံထဲမှာထိုင်ဖြစ်ပြီး…

"ကဲ…ပြောမှာဖြင့် မြန်မြန်ပြောတော့ကွာ"

"ငါ သူ့ကို ရန်ကုန်မှာတွေ့ခဲ့တာ၊ ခုတော့ သူက ဒီရောက်နေတယ်၊ အရမ်းအံ့ဩသွားတယ်ကွာ"

"အဲဒီကောင်မလေး နာမည်ကကော"

"မသိဘူး"

"ဟင်…မင်းသိတာ ဘာရှိလဲ"

"သူ့ကို ချစ်တယ်၊ ဒါပဲကွာ"

"ဟာ…ဖြစ်မလား၊ ဘာမှမသိသေးဘဲနဲ့"

"ငါတို့ Studio ရှိတဲ့လမ်းမှာ သူနေတာ၊ သူက ဒီကိုဘာ



www.burmeseclassic.com

www.burmeseclassic.com



လာလုပ်တာလဲ မသိဘူး၊ ဟိုမှာတော့ သူ့အမေလား၊ အဘွားလား တော့ မသိဘူး၊ အဲဒီတစ်ယောက်နဲ့ နေတယ်"

"ငါတို့ဘုရားပေါ်ကဆင်းလာတဲ့အချိန်မှာ သူတို့က တက်လာနေတာလေ၊ တွေ့လိုက်တယ်မဟုတ်လား"

"အေးလေ…တွေ့တယ်လေကွာ၊ ငါးယောက်တောင်၊ မင်းဟာက ဘယ်တစ်ယောက်လဲ"

"လည်ပင်းမှာ ပဝါလေးစည်းထားတဲ့ ကောင်မလေး"

"အေး…တွေ့တယ်၊ အဲဒီတစ်ယောက် တော်တော်လှတယ်ကွ"

"ကောင်မလေးက မင်းကိုသိလား၊ မင်းနဲ့ ဘယ်နှစ်ခါလောက်ဆုံဖူးလဲ"

ဟု ပြည့်စုံက မေးလာ၏။

"သိတယ်လို့ ငါထင်တယ်ကွ၊ သူနဲ့ငါ လေးခါ ဆုံဖူးတယ်"

"ဟင်…လေးခါပဲ ဆုံဖူးသေးတာလား"

"အင်း"





သက္ကက ခေါင်းညိတ်၏။

"ပထမတစ်ခါ ဆုံတာက ရန်ကုန်က ကရဝိတ်မှာ"

"မင်းသိချင်းသွားဆိုရင်းနဲ့ တွေ့တာလား"

"အင်…ဟုတ်တယ်"

"နောက်တော့ကော"

"ငါတို့ရှိုးပွဲကို သူကလာအားပေးတာ၊ ငါ့ကိုတောင် ပန်းစည်းလေး တက်ပေးသေးတယ်၊ နောက်တစ်ခါက ဂျေဒိုးနပ်ဆိုင်လေးမှာဆုံတာ၊ ခု ဘုရားမှာ ဆုံတယ်"

"အင်း"

ပြည့်စုံက ခေါင်းညိတ်သည်။

"မင်း ဝါသနာကို သူက အားပေးသူလေးပေါ့"

"ဟုတ်တယ်ကွ"

သက္ကက သူ့စကားကိုထောက်ခံလိုက်သည်။ ပြည့်စုံက သက္ကစကားဆုံးတာနှင့် အိမ်ပေါ်တက်သွားပေမယ့်၊ သက္ကကတော့ သူမနှင့် တွေ့ဆုံခဲ့ပုံကို ပြန်စဉ်းစားရင်း ကြည်နူးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် သက္က ဟိုမှာ မင်း မဒီလေးမလား"

"ဟင်…ဘယ်မှာလဲ"

ပြည့်စုံအပြောကြောင့် သက္က လိုက်ရှာမိသည်။

"ရှေ့ကကား တောင်းအေ့စ်ကားလေးထဲမှာ"

"ဟာ…ဟုတ်တယ်ကွ၊ သူနှင့် နောက်တစ်ယောက်လည်း ပါတယ်၊ ပြည့်စုံ လိုက်ကွာ သူတို့နောက်က လိုက်ကြည့်ရအောင်"

"ဟာ…မင်းကလဲ ငါသွားစရာရှိသေးတယ်ကွ"

"ခဏလေးပါကွ၊ မင်းကလည်း သူငယ်ချင်းတွေပဲ၊ ကူညီ ကောင်းပါတယ်"





တောင်းအေ့စ်ကားလေးနောက်က သက္ကနှင့် ပြည့်စုံ ထက်ကြပ်မကွာ လိုက်ခဲ့သည်။

"ဟဲ့…မေမီကို ဟိုနောက်ကကားဖြူလေးက ငါတို့နောက် လိုက်နေသလိုပဲ"

"ဟင်…နင်ကလည်း သူတို့လည်း သူတို့လမ်း သူတို့ သွားတာနေမှာပါ"

"အင်းလေ…ဟုတ်မှာပါ"

မေမီကို စကားကို မေသူက လက်ခံလိုက်သည်။ မေမီကို အဲဒီကောင်လေးကို မှတ်မိပါသည်။ သူ့ပုံစံက လူငယ်စတိုင်လ် ခပ်မိုက်မိုက်လေးပါ။ ခပ်ကဲကဲထဲက ဟုတ်ပုံမပေါ်။ နွေးထွေးတဲ့ သူ့အကြည့်တွေက မေမီ့ကို စိတ်ရှုပ်စေသည်။

ခုလည်း မေမီကိုတို့ကို မြင်သွားပြီး နောက်က လိုက်လာနေသည်။ တကယ်ဆို မေမီကို့မှာက ချစ်သူ ခိုင်ခိုင်မာမာရှိပြီးသား။ ဒါကို သူ မသိသေးလို့နေမှာပါ။

မောင့်ကို မေမီကို သိပ်ချစ်ရပါသည်။ မောင်ကလွဲပြီး တခြား ဘယ်သူ့ကိုမှ စိတ်မဝင်စားလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကလည်း မေမီကိုကိုပဲ ချစ်သည်။ မောင်က တခြား ကောင်လေးတွေနှင့်မတူဘဲ မေမီ့အပေါ် အချစ်ပိုသည်။ မေမီ့ဆန္ဒ ကို ဦးစားပေးသည်။ မေမီ စိတ်ဆင်းရဲမည့်ကိစ္စမျိုးကိုလည်း မောင် မလုပ်။ အတတ်နိုင်ဆုံး ဆင်ခြင်သည်။ ဒယ်ကောင်မလေးနှင့်မှ မောင်က အရောတဝင်မနေ။ မောင့်ဘက်က စောင့်ထိန်းမှုကို မေမီ အသိဆုံးပါ။

"ဟဲ့..နင်ပြောတော့ ငါတို့နောက်ကလိုက်လာတာ မဟုတ် ဘူးဆို"

ဆေးရုံဝင်းထဲမှာ မေမီကိုတို့ကားရပ်လိုက်တော့ သူတို့က လည်း မေမီတို့ကားဘေးမှာ လာရပ်သည်။

မေမီကိုနှင့် မေသူက ငယ်ငယ်ကတည်းက ခင်လာတော့ သူငယ်ချင်းတွေမို့ အကြောင်းသိတွေပါ၊ မေသူ့ယောကျ်ားက မေသူနှင့် လက်ထပ်ပြီး ဘာမှမကြာသေး။ မေမီ့မှာ ရည်းစားရှိတာ လည်း မေသူသိပါသည်။

"ဟဲ့...မေမီကို နင်နဲ့ သိတယ်မဟုတ်လား၊ နင်တို့ကြည့် ရတာ သိနေပုံပဲ"





"ဟင့်အင်း...မသိပါဘူး"

မေမီကိုက အပြတ်ငြင်းလိုက်သည်။

"လာပါဟာ...သူတို့ ဆေးရုံလာတာနေမှာပေါ့"

"နင်ပြောတာလည်း ဖြစ်နိုင်ပါတယ်"

မေမီကိုနှင့် မေသူတို့က သူတို့အကြောင်းပြောရင်း ဆေးရုံ ထဲ ဝင်သွားလေသည်။

မေမီကိုက ဂျူတီကုတ်နှင့် နားကြပ်နှင့် လူနာတစ်ဦးကို ကြည့်နေစဉ် သူတို့နှစ်ယောက် ဖြတ်လျှောက်သွားတာ သိသည်။

"ဩော်..လက်စသတ်တော့ သူမက doctor မလေးဘဲ"

ရင်ထဲ ပိုလို့လေးစားမြတ်နိုးသွားရသည်။ သူမရှေ့သွားပြီး နှုတ်ဆက်ဖို့ကိုလဲ မဝံ့မရဲဖြစ်နေမိသည်။ သူမက ကိုယ့်ကို မသိဟန် ဆောင်နေသည်မဟုတ်လား။ သူမ ဒီလိုချက်ချင်းကြီးပြောင်းလဲသွား လိမ့်မယ်ဟု သက္က မယုံကြည်။ သူမမျက်ဝန်းရဲ့ နွေးထွေးမှုတွေဟာ ပေါ့ပျက်ပျက်မဟုတ်ခဲ့တာ သက္က သေချာသိနေပါသည်။ ဒါကြောင့် လည်း သူမကို အမှတ်တရရှိနေခဲ့တာပါ။ ခုတော့သူမက ပြောင်းလဲ သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ အကြည့်လေးကိုပဲ သတ္တရင်ထဲ သိမ်းဆည်းလိုက်တော့မယ်။

သူမအပေါ် မကျေမနပ်မဖြစ်တော့ပါဘူး။ သတ္တခံနိုင်စွမ်းရှိအောင် ကြိုးစားရမှာပါ။

"သတ္တ…မင်းဟာက မဟုတ်သေးပါဘူး။ မင်းက သိတယ်လည်း ပြောသေးတယ်၊ သူကြည့်ရတာ မင်းကို သိနေပုံမရပါဘူး၊ တကယ်ဆို မင်းက နှုတ်ဆက်လိုက်ပေါ့ကွ"

"အေးကွ…ငါနှုတ်ဆက်လိုက်သင့်တယ်"

သတ္တ မချင့်မရဲဆိုသည်။

"ခုမှတော့ မကောင်းပါဘူးကွာ၊ နောက်တစ်ခါဆုံဦးမှာပဲ"

ပြည့်စုံပြောသလိုပဲ သူမနှင့် နောက်တစ်ခါဆုံဦးမှာပါဟု သတ္တရင်ထဲ အလိုလိုသိနေသည်။





"ဟော့ကောင်…သတ္တ၊ ဟာ…စောစောစီးစီး ဘာလာလုပ်တာလဲ"

"သွားစရာရှိလို့ကွ မင်း မြန်မြန်လုပ်ကွာ၊ ငါ ကားထဲမှာ စောင့်နေမယ်"

သတ္တတစ်ယောက် အထူးအဆန်းပါပဲ။

"ဟဲ့…သား၊ မြန်မြန်လုပ်လေ၊ သူငယ်ချင်းက စောင့်နေတာကို"

မေမေကတောင် ဝင်ပြောနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…မေမေ"

"ဟာ"

ကားထဲဝင်ထိုင်လိုက်တာနှင့် နှင်းဆီပန်းရနံ့တွေက တိုးဝင်လာသည်။ ပန်းစည်းတွေရယ်၊ မွှေးပွရုပ်ရယ်၊ လက်ဆောင်ပစ္စည်းထည့်ထားတဲ့ ခြင်းတစ်ခြင်းရယ်။

"ဟေ့ကောင်…ဒါတွေက ဘာလုပ်ဖို့လဲ"

ပြည့်စုံက ပန်းစည်းနှင့် လက်ဆောင်ပစ္စည်းတွေကို လက်တွန်း၍ ပြောလိုက်ခြင်းပါ။

"ငါ့ကောင်မလေးကို သွားပေးမလို့"

"မင်းကွာ…နာမည်တောင်မသိဘဲနဲ့ ဘယ်လိုပေးမှာလဲ"

ပြည့်စုံပြောတာလည်း မှန်တာပဲ။

"ငါလည်း နည်းနည်းတော့လန့်တယ်ကွ၊ ငါပေးတာကို လက်ခံပါ့မလား"

"ဟာ…မင်းကလည်း အဲလောက် သတ္တိမနည်းစမ်းပါနဲ့"

သက္က ခေါင်းယမ်းမိပါသည်။ မတတ်နိုင်ပါ။ ယူလာပြီးမှတော့ ရအောင်ပေးချင်မိသည်။





"ဟော…ဟိုမှာ ကားပေါ်ကဆင်းလာနေပြီ၊ ငါ သွားပေးလိုက်မယ်"

"အေး…အေး၊ ငါ ကားထဲက စောင့်နေမယ်"

ပြည့်စုံကိုပြောပြီးတာနှင့် သူမရှိရာသို့လျှောက်သွားမိသည်။ သက္ကရှက်စိတ်နှင့် မျက်နှာက ထူအမ်းတက်လာသည်။

သူမရှေ့မှာ ခြေစုံရပ်လိုက်ပြီး လက်ထဲမှာကိုင်ထားသော ပန်းစည်း၊ အရုပ်နှင့် လက်ဆောင်ခြင်းလေးကို လှမ်းပေးလိုက်သည်။

သူမက သက္ကကို မမြင်ဘူးသလို ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများနှင့် ကြည့်လာသည်။

"ဘာကိစ္စရှိလို့လဲ"

ခပ်ပြတ်ပြတ်ပဲ မေးမိသည်။

မေမီက ကိုယ့်ရှေ့ကကောင်လေးကို စိတ်ပျက်မိပါသည်။

"ဒါလေးကို လက်ခံပေးပါ"

သက္ကက ယဉ်ယဉ်ကျေးကျေး ဆိုမိသည်။

"ဟင့်အင်း…ကျွန်မ ဘယ်သူပေးတဲ့လက်ဆောင်မှ ယူလေ့မရှိဘူး၊ ဆောရီးပဲ၊ ကျွန်မ လုံးဝမယူနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနှင့် သူ့ကိုကျော်၍ ဖြတ်လျှောက်လာခဲ့သည်။ ဒီကောင်လေးကြည့်ရတာ ခေါင်းမာမည့်ပုံပါ။

မေမို့မှာက ချစ်ရသူရှိပြီးသား။

ဒါကို သူ မသိသေးဘူးလား။ မင်း နောက်ကျသွားပြီ။

တို့မှာ လက်ထပ်ဖို့ရည်ရွယ်ထားသူရှိပြီးသား။

ဟာကွာ ရက်စက်လိုက်တာ။ မင်း ဘာလို့ ပြောင်းလဲသွားရတာလဲ။ အရင်တုန်းကလို မင်းရဲ့ နွေးထွေးလှိုက်လှဲလွန်းတဲ့ အကြည့်တွေ ပြန်မရနိုင်တော့ဘူးလား။

ခုလိုမျိုး ကိုယ့်အပေါ် အေးစက်သွားမယ်လို့ မထင်ခဲ့မိပါ။

ခုတော့ မင်းလုပ်ရက်တယ်ကွာ။ သဏ္ဍာအသည်းတွေ တစ်စစီ ပဲ့ကြွေသွားခဲ့ရပြီ။

ခေါင်းငိုက်စိုက်ပြီး လျှောက်လာနေသော သူငယ်ချင်းကို ကြည့်ကာ ပြည့်စုံ မကျေနပ်နိုင်ပါ။ ယူလိုက်တော့ ဘာဖြစ်မှာလဲ။ သဏ္ဍာဘက်က မကျေမနပ်ဖြစ်မိသည်။ ငါ့သူငယ်ချင်းမှာ ဘာအပြစ် ရှိလို့လဲ။

သဏ္ဍာ ဒီလောက်ဝမ်းနည်းသွားတာ မမြင်ဘူးခဲ့ပါ။





"မင်းဟာကလည်းကွာ မိန်းကလေးတစ်ယောက်အတွက် ဒီလောက် မဖြစ်စမ်းပါနဲ့"

ပြည့်စုံက မကျေနပ်သလို ဆိုသည်။

"ငါ အရမ်းဝမ်းနည်းတယ်ကွာ၊ သူ ဒီလိုလုပ်လိမ့်မယ်လို့ ငါ မထင်ထားဘူး"

သဏ္ဍာက တစ်လမ်းလုံး ဘာမှမပြောဘဲ ကားပေါ်မှာ ငြိမ်သက်စွာ ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com

“ဟဲလို…သဏ္ဍနဲ့ ပြောချင်လို့ပါ”

“ဘယ်သူလဲ မသိဘူးကွယ်”

“သူ့သူငယ်ချင်း ပြည့်စုံပါ”

“သြော်…မောင်ပြည့်စုံလား၊ ခဏကိုင်ထားနော်၊ အန်တီ ခေါ်ပေးမယ်”

“ဟုတ်ကဲ့…အန်တီ”

“သားရေ…မင်း သူငယ်ချင်းပြည့်စုံဆီက ဖုန်းလာနေတယ်”





“ဟုတ်ကဲ့…လာပြီ မေမေ”

သဏ္ဍ ခွေကြည့်နေရင်းမှ မေမေခေါ်သံကြောင့် ဖုန်းအဖြူလေးဘေးကို ချက်ချင်း ရောက်လာခဲ့သည်။

“အေး…ပြည့်စုံပြော၊ ဘာကိစ္စရှိလို့လဲ”

မေမေက အလိုက်သိစွာ ထွက်သွားပေးသည်။ လွတ်လွတ်လပ်လပ် ပြောလို့ရအောင်ပါ။ သူငယ်ချင်းတွေဆိုတော့ ပြောချင်ရာပြောကြတာ။ မေမေအနားမှာ မရှိတာ ကောင်းပါသည်။

“မင်း…ငါ့သူငယ်ချင်း့ ဇော်ဇော်ကို သိတယ်မလား”

“အေး…သိတယ်လေ၊ ဘာဖြစ်လို့လဲ”

“မင်းကလည်း ငါပြောတာကို ဆုံးအောင်နားထောင်ပါဦး”

“အေးပါ…ပြော….ပြော၊ နားထောင်နေတယ်”

“ငါဒီနေ့ ဇော်ဇော့်အိမ်ရောက်သွားတော့ မင်းကောင်မလေးကိုတွေ့ခဲ့တယ်၊ သူက ငါ့ကို မမှတ်မိဘူးကွ၊ ဇော်ဇော့်ကြီးမေကသူ့လူနာတဲ့၊ အိမ်မှာ နှစ်ရက်ခြားတစ်ခါ လာကြည့်ပေးတယ်တဲ့ကွ၊ သူ့နာမည်က မေမီကိုတဲ့ အရမ်းသဘောကောင်းတယ်၊ ဇော်ဇော့်ကြီးမေကတောင် ဆရာမလေးသတင်းမေးလိုက်ရင် အသံလေးက



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာလွန်းလို့ တကယ်ကို ရောဂါတစ်ဝက်လောက် ပျောက်တဲ့ အတိုင်းပဲ၊ သိပ် စိတ်ကောင်းစေတနာကောင်းတဲ့ဆရာဝန်မလေးတဲ့၊ ရုပ်လေးက အရမ်းလှတာပဲတဲ့၊ မင်းကို ဘက်ဆံပုံနဲ့တော့ ကွာပါ့၊ ခော်ခော့်ကြီးမေကတော့ သူ့ကို အရမ်းချီးမွမ်းတယ်ကွ၊ ဆရာဝန် တွေထဲမှာ သူမလောက် ဂရုတစိုက်လိုက်လုပ်ပေးတာ မရှိဘူးတဲ့၊ သူ့လောက် မျက်နှာချိုတာ ကြည်လင်တာလည်း မရှိဘူးတဲ့၊ ငါက မင်းလိုချင်မှန်းသိလို့ သူ့ရဲ့လိပ်စာကော၊ ဖုန်းနံပါတ်ပါ မေးခဲ့တယ်ကွ၊ ငါ့အမေ နေမကောင်းရင်ပြမလို့ ဘာညာပေါ့ကွာ၊ ငါ့မှာ လျှောက် ပြောခဲ့ရတယ်ကွာ"

"ဟာ...မင်းတကယ်ပြောနေတာလား၊ တကယ်ဆိုရင် တော့ ကျေးဇူးပဲကွာ"

"ဟေ့ကောင် ဒီအတိုင်းတော့ ငါမပြောဘူးနော်၊ ဒီညနေ မင်း ငါကြိုက်တဲ့ဆိုင်မှာ လိုက်ကျွေးရမယ်ကွ"

"ကျွေးပါ့မယ်ကွာ၊ မင်းစားချင်တဲ့ဆိုင်သာပြော ဟုတ်ပြီ လား၊ လိပ်စာနဲ့ ဖုန်းနံပါတ်တော့ ငါ့ကိုပြောပေါ့ကွာ"

"အေး...ဒီလိုမှပေါ့၊ ဒါဆို မင်း ညနေ အိမ်လာခဲ့လေ"





"ဟာ...မင်းကလည်း ငါက အခုသိချင်နေပြီကွ၊ အခုပဲ လာခဲ့လိုက်မယ်"

"ဟား...ဟား မင်းကလည်း အေးဆေးပေါ့၊ ဘယ်လိုဖြစ် တာလဲ"

"ဒါပဲကွာ...ငါ အခုလာခဲ့မယ်"

သက္ကက ပြောပြီးတာနဲ့ ဖုန်းကို ဦးအောင် အရင်ချလိုက် သည်။

"ဟဲ့...သား၊ ဒါက ဘယ်သွားမလို့လဲ"

သက္ကက ကားသော့ကိုယူလိုက်ပြီး ဖိနပ်စီးနေရင်းမှ...

"ပြည့်စုံတို့အိမ်ပါ မေမေ"

ဟု ပြန်ဖြေသည်။

"မြန်မြန်ပြန်ခဲ့နော် သား"

"ဟုတ်ကဲ့...မေမေ့ သား သွားလိုက်ဦးမယ်"

"အေး...အေး၊ ကားကို ဂရုစိုက်မောင်းဦး"

"စိတ်ချပါ မေမေရဲ့"

မေမီကိုတဲ့ကွာ။ လှလိုက်တဲ့နာမည်လေး။



www.burmeseclassic.com

www.burmeseclassic.com



လူကလေးကလည်း ခန့်ခန့်ကလေးနှင့် ချစ်စရာကောင်းလှပါသည်။ သူမကို စတွေ့ကတည်းက နှလုံးသားတွင် အကျွမ်းတဝင်ရှိလှသည်။ မြင်မြင်ချင်း ချစ်မိသွားပုံမှာ အံ့ဩစရာကောင်းပါသည်။ ပေါ့ပေါ့ကလေး ချစ်ခဲ့တာမျိုးလည်းမဟုတ်ရပါ။

သူမနှင့် တွေ့မှ လွမ်းဆွတ်ခြင်းကို ခံစားဖူးသည့် သက္ကမှာ အလုံးအလဲ ဖြစ်နေပါသည်။

အချစ်ဆိုတာကို မကြုံကြိုက်ဘူးသေးသည့် သက္ကအဖို့ ချစ် မိသည်ဆိုသည်နှင့် တစ်ပြိုင်နက် တွဲ၍စဉ်းစားမိသည်မှာ သူမကို လက်ထပ်ယူဖို့ပင်။

မေမီကိုဆိုတဲ့ သူမကို အံ့ဩစရာကောင်းလောက်အောင် ချစ်နေမိသည်။ သူ့နှလုံးသားက ယတိပြတ် သေချာနေပါသည်။





Gtalk မှာ Cream နှင့်စကားပြောဖြစ်ကြတော့ သူက သူ့ဘက်က သေချာနေတာတွေကို ပြောပြမိပါသည်။

" Ice"

"ဟော"

"နင့်ဘက်က သေချာနေတာတော့ ဟုတ်ပါပြီ၊ သူ့ဘက်က မသိသလိုကြီးဆို"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အသည်းတွဲနေဦးမယ်"

"မတတ်နိုင်ဘူးလေ"

"ငါ ကူညီချင်ပါတယ်ဟာ"

Cream က စိတ်ရင်းနှင့် ပြောရှာတာပါ။ သူမစေတနာကို သူ ယုံပါသည်။

"အခုတလော ငါ ခဏခဏ နင့်ကိုရှာတယ် နင်မရှိဘူး"

"ဟုတ်တယ်"

"ငါက နင် တိုးတက်သွားပြီထင်တာ"

"ဒီအတိုင်းပါပဲဟာ"

"လက်လျှော့မလို့လား"

"ဘယ်တော့မှ လက်မလျှော့ဘူး"

သဏ္ဍက ပြတ်ပြတ်သားသား ဆိုသည်။

"နင် အရည်ပျော်နေပြီ Ice ရယ်"

သူမက သူ့ကို အားပေးတာလား၊ ကရုဏာသက်တာလား၊ ဘာလားညာလား သူမသိ။

အဓိပ္ပာယ်တစ်မျိုးမျိုး ပါဝင်နေတာတော့ သိသည်။





ထို အဓိပ္ပာယ်ကို သူ မဖွင့်ဆိုတတ်။

"Cream"

"ဟင်"

"ငါ တခြားတစ်ယောက်အကြောင်း တသသပြောနေတာ နင် ကျေနပ်ရဲ့လား"

"တစ်ခါတလေတော့ ခါးသက်သက်ပဲ"

သူမက ပွင့်လင်းပါသည်။

ထိုပွင့်လင်းမှုလေးကို သူက နှစ်သက်နေမိတာပါပဲ။

"ငါ ရှေ့တစ်လှမ်းတိုးမယ်"

"Good Luck ပါ Ice ရယ်"

သူမက သူ့အတွက် ဆုတောင်းပေးသည်။

သဏ္ဍဆိုသည့် နာမည်ရင်းကိုပင် မသိရှာသော သူမက သူ့အပေါ် စေတနာရှိရှာသည်။

"နင် ကံကောင်းမှာပါ"

"အားပေးတာ ကျေးဇူးပဲ"

Chatting ဝင်ရင်း ရင်းနှီးခင်မင်လာသော Cream ဆို



www.burmeseclassic.com

www.burmeseclassic.com



သည့် ကောင်မလေးကို 'မေမီကို' လောက် ရင်ထဲ မလေးနက်နိုင်တာ တကယ်ပါ။

ခင်မင်ရုံသက်သက်။

သူ့အတွက် ဆုတောင်းပေးတော့လည်း အတိုင်းမသိ ကျေနပ်ရပြန်သည်။

"နင်တို့အခြေအနေကရော"

"ဒီအတိုင်းပါပဲ"

"ဘယ်လို ဒီအတိုင်းလဲ"

"ခုတလော မတွေ့ဘူး"

"ဟုတ်လား"

"ယောက်ျားလေးတွေက နားလည်ရခက်တယ်"

"မိန်းကလေးတွေက ပိုပြီး ပဟေဠိဆန်တာပါ"

"ယောက်ျားလေးတွေ မာယာများတယ်"

"တချို့…တချို့ပါ"

"နင်ရော"

"ငါလား…မာယာမရှိလို့ ခက်နေတာ"





"ငါ့သူငယ်ချင်း မာယာနဲ့ မိတ်ဆက်ပေးမယ်"

"ကောင်းသားပဲ"

Cream နှင့် ပြောရတာ ပေါ့ပါးလန်းဆန်းလာသလိုပင်…

"ငါ မင်္ဂလာဆောင်ရင် နင်လာရမယ်"

" Ok...Promise ကတိပေးတယ် လာကိုလာမယ် Ice မုန့်နဲ့"

ချက်ချင်းပဲ သူမက လက်ခံသည်။

"နင် အရင်ဆောင်ဖြစ်ရင်ရော"

"နင့်ကို မပျက်မကွက် ဖိတ်မှာ"

"ငါ မလာဘဲ မနေဘူး"

သူတို့နှစ်ယောက် သဘောတူညီမှုတစ်ခု ရရှိသွား၏။

ပြောသာပြောရတာ။

မေမီကိုက သက္ကအပေါ် ဘယ်လိုသဘောထားမယ်မှန်း မသိရသေးပါ။

သူ့အခြေအနေကို သူ အားမရ။

တကယ်ဆိုသူတို့ချင်း မျက်လုံးချင်း နားလည်မှုရှိပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



'မေဓီကို' က သူ့အပေါ် အေးစက်စက်နိုင်နေသလို သူ့ကို ဆေးသလိုလိုနှင့် ဘယ်လိုယူဆရမလဲ မသိတော့ပါ။

မိန်းကလေးတွေရဲ့ စိတ်သဘောကိုက အဲဒီလိုပဲလား။





"သမီး…မေဓီရေ"

"ရှင်…လာပြီ မေမေ"

မေမေ့ခေါ်သံကြောင့် ဆေးရုံသွားဖို့ ပြင်ဆင်နေရင်းမှ အခန်း ပြင်သို့ထွက်လာခဲ့သည်။

"ဧည့်သည်ရောက်နေတယ် သမီးရဲ့"

"ဟင်…ဟုတ်လား၊ သမီး ဘယ်သူနဲ့မှ မချိန်းထားပါဘူး"

"ဟုတ်လား၊ ဒါတော့ မေမေလည်းမသိဘူးကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ခပ်ငယ်ငယ်ပဲ၊ မေမီကိုနဲ့ တွေ့ချင်လို့ပါတဲ့၊ မေမေ ဧည့်ခန်းမှာ ခဏစောင့်ခိုင်းထားတယ်၊ သမီး ထွက်တွေ့လိုက်ပါဦး"

"ဟုတ်ကဲ့...မေမေ၊ သမီး သွားတွေ့လိုက်ပါ့မယ်"

"ဟင်"

လိုက်ကာပန်းရောင်လေးကို ဟပြီး ဧည့်ခန်းကိုကြည့်လိုက်တော့ နှုတ်ခမ်းလေးဟပြီး အံ့သြသွားရသူက မေမီကို။ Sport Shirtအစင်းလက်တိုနဲ့ ဂျင်းဘောင်းဘီရှည်က ချောကလက်ရောင်ဖျော့ဖျော့နှင့် သူ့ပုံစံက Smartကျကျထိုင်ကာ မဂ္ဂဇင်းဖတ်နေသည်။

Styleကျကျ သူ့ပုံစံက မေမီနေရာမှာ တခြားမိန်းကလေးတစ်ယောက်ယောက်သာဆို ချက်ချင်း ကြွေလောက်ပါရဲ့။ မေမီကတော့ သူ့ကို လုံးဝကြည့်မရပါ။ အိမ်အထိရောက်လာပြီး ဘာနှောင့်ယှက်ဦးမလို့လဲ မသိ။ သူ့ကို ဘယ်သူကမှ အိမ်လည် မခေါ်ထား။ သူနှင့် မေမီကြားမှာ ဘာပတ်သက်မှုမှ မရှိပါ။

စာအုပ်ထိုင်ဖတ်ကာစောင့်နေရင်းမှ ကိုယ့်ကို တစ်စုံတစ်ယောက်ကြည့်နေသလို ခံစားရတာကြောင့် မော့ကြည့်လိုက်တော့...

"ဟာ"





ပန်းရောင်အင်္ကျီလက်ပြတ်လေးနှင့် ထဘီလေးကပန်းရောင်အပွင့်အခက်လေးတွေနှင့် မျက်နှာကိုလည်း ပန်းရောင်ပြေပြေလေးခြယ်မှုန်းထားသည်။ နှုတ်ခမ်းကိုလည်း Babypinkပန်းနုရောင်လေးဆိုးထားသည်။ ပန်းရောင်နားကပ်အဝိုင်းလေးက မျက်နှာနှင့်ဟပ်နေပြန်သည်။ ဆံပင်လေးကို ပန်းရောင်သိုးမွေးကွင်းလေးနှင့်နှစ်ဖက်ခွဲစည်းထားပုံက ကပိုကရိုလေး ပုခုံးနှစ်ဖက်မှာကျနေသည်။

လက်သည်းဆိုးဆေးကလည်း ပန်းရောင်ပေါ်မှာ ပန်းပွင့်လေးတွေ ဖော်ထားသည်။

ရုတ်တရက် ပန်းရောင်မင်းသမီးလေးကို မြင်လိုက်ရသလိုအကြည့်ကို ရုတ်တရက် လွှဲမဖယ်နိုင်။

သူမက ကိုယ့်ကို အံ့သြသလို စူးစူးစိုက်စိုက် ကြည့်နေလေသည်။

ခပ်ကြာကြာကြည့်နေမိရာမှ သူမက ရုတ်တရက် စကားစလာ၏။

"ရှင်...ဘာလာလုပ်တာလဲ"

သူ့ကို စူးစူးစမ်းစမ်းကြည့်ကာ မေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အိမ် လာလည်တဲ့လူကို မင်း အဲ့ဒီလိုပဲ ပြောသလား"

သူက ရယ်ပဟဟနှင့် ဆိုတော့ မေမီဒေါပွသွားရသည်။

"ရှင့်ကို ဘယ်သူက လာခိုင်းလို့လဲ"

"မင်းမလာစေချင်တာ သိပါတယ်ကွာ"

ချက်ချင်း အကြည့်လွှဲသွားကာ နာကျင်သလိုဆိုဖာမို့ အားနာသွားရသည်။

အဲလိုပြောဖို့ မေမီ မရည်ရွယ်တာ အမှန်ပါ။ သူပြန်ပြောပုံကို ကြည့်ပါလား။ အထက်စီးဆန်ဆန် သူ့အပြောကြောင့် စိတ်ဆိုးပြီး ပြန်ပြောလိုက်ရခြင်းပါ။

"ကျွန်တော် မေမီ့ကို ကျွန်တော့်ရှီးပွဲ လာဖိတ်တာပါ"

ရုတ်တရက် သူ့အပြောကြောင့် အံ့သြမိသည်။ သူက အဆိုတော်ပေါ့။

ဒါကြောင့် ဒီလောက် ရှိုးများတာနေမှာပါ။ မေမီက ဆေးရုံ အိမ်နှင့် အလုပ်ရှုပ်နေတာမို့ အဆိုတော်တွေကို မသိရခြင်းပါ။ ကိုယ် ကိုယ်ကို တော်တော်ညံ့တာပဲဟု တွေးမိသည်။ သူက မေမီကို ဟားမှာပဲ။ သူ့ကိုတောင် မသိဘူးလို့။





"ဘာလဲ...ဘာလို့လာဖိတ်ရမှာလဲ၊ ရှင်နဲ့ ဘယ်တုန်းက သိလို့လဲ"

ခပ်ပြတ်ပြတ်ပဲ ဆိုမိသည်။

'မေမီ' မင်းဘာလို့ ညာပြောနေရတာလဲ။ တကယ်ပဲ မင်း ကိုယ့်ကို မသိဘူးလား။ ဘာလို့ ဟန်ဆောင်နေရတာလဲ။ ချက်ချင်း ပြောင်းလဲသွားတဲ့ မင်းကို နားမလည်အောင်ပါ။

"ကျွန်တော်က မေမီ့ကို ခင်မင်လို့ လာဖိတ်တာပါ၊ အဲ လောက် သူစိမ်းမဆန်ပါနဲ့"

သူက ကြေကွဲသလို ဆိုလာသည်။

အမှိပ္ပာယ်မရှိလိုက်တာ။ မေမီ့ကို သူက ဘာလို့ သူ့ရှိုးပွဲ လာဖိတ်ရမှာလဲ။ မဆိုင်လိုက်တာ။

"ဟင့်အင်း..ကျွန်မ ဝါသနာမပါဘူး၊ လာလည်း မကြည့် နိုင်ဘူး"

သူ့ကိုစိုက်ပြီး ခပ်စိမ်းစိမ်း ဆိုမိသည်။

'မေမီ' မင်း အဲလိုအပြတ်မငြင်းပါနဲ့။ အစတုန်းက မင်းပဲ ကိုယ့်ဝါသနာကို အားပေးခဲ့ပြီး၊ အခုမှ ဘာလို့ ပြောင်းလဲသွားရတာ



www.burmeseclassic.com

www.burmeseclassic.com



ထဲက ကိုယ်ဘာမှားလို့လဲ။ မင်း အဲလောက် မစိမ်းကားပါနဲ့ကွာ။ ကိုယ့်နှလုံးသားက ခံနိုင်ရည်မရှိဘူး။ မင်းကို ကိုယ် ဘယ်လိုနားလည်ရမှာလဲ။ မင်းရဲ့ တုံ့ပြန်မှုတွေက အေးစက်စိမ်းပြတ်လွန်းမနေဘူးလား၊ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ တသမတ်တည်းမရှိတဲ့ မင်းရဲ့စိတ်ကို ကိုယ် ဘယ်လိုနားလည်ရမှာလဲ။ ဒါဆို မင်းဘာလို့ ကိုယ့်ကို ရှိုးပွဲမှာ ပန်းစည်းလာပေးရတာလဲဟု မေးလိုက်ချင်ပါသည်။ သို့ပေမယ့် မမေးဖြစ်ပါ။ ကိုယ့်ဘက်က မင်းကို မှတ်မှတ်ရရ စွဲလမ်းနေခဲ့သည်။ မင်းက ဘာမှအလေးမထားဘဲ ပေါ့ပျက်ပျက်နိုင်လွန်းတာ သိပါသည်။ ခုတော့ မင်းအကြောင်း သိသွားပါပြီ။ သိနေပေမယ့်လည်း မင်းကို ကိုယ် မုန်းလို့မရဘူး။ အရမ်းကို ချစ်မိသွားပြီ။

"ရပါတယ်...မေမီမကြည့်ချင်လည်း နေပါ၊ ကျွန်တော် အတင်းမတောင်းဆိုပါဘူး၊ မေမီသာ လာကြည့်မယ်ဆိုရင်တော့ ကျွန်တော် ဝမ်းသာရမှာပေါ့"

မင်းတောင်းဆိုတိုင်း မေမီက လိုက်နာရမှာလား။ ဝေးသေးတယ်။ သူ့စကားတွေက နာကျင်မှုလည်း ပါသည်။ မြတ်နိုးမှုလည်း ပါသည်။





သူက ရုတ်တရက် ထရပ်လိုက်ပြီး ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားလေသည်။ မေမီ သူ့ကို မတားမိ။ မေမီ့ကို သူ စိတ်ခုသွားတာလည်း ဖြစ်နိုင်သည်။ ရှင့်ကို ဒီတစ်သက် မေမီ စဉ်းစားမှာမဟုတ်ဘူးဆိုတာ သေချာပါသည်။ ဘာကြောင့်မှန်းမသိ သူ့ပုံကိုမြင်ယောင်ပြီး ရင်ထဲက လေးလံလာမိသည်။ ဒီအကြောင်းတွေကို မောင့်ကို ပြောပြရင် ကောင်းမလား။ မဖြစ်ပါဘူး။ မောင့်ကို စိတ်ပူအောင် မလုပ်ချင်ပါ။ မေမီ စိတ်ကိုငြိမ်သက်အောင် ကြိုးစားနေမိသည်။ မောင်နှင့် မေမီအကြားမှာ ဘာလို့ အနှောင့်အယှက်တွေဝင်လာရတာလဲ။ တစ်နေ့လုံး မေမီအတွေးတွေ ရှုပ်ယှက်ခတ်နေခဲ့၏။ သေချာတာက မေမီအသက်ရှင်နေသရွေ့ မေမီ့ချစ်သူဟာ မောင်ပဲဖြစ်ရမယ်။ တခြား ဘယ်သူမှဖြစ်မလာရဘူး။ ဘယ်တော့မှ မပြောင်းလဲမယ့် မေမီ့ဆန္ဒပါ။ ရှင် မေမီ့အတွက် အချိန်ကုန်မခံပါနဲ့။ လုံးဝဖြစ်လာမှာမဟုတ်ဘူး။ ရှင့်လိုရုပ်ရည်မျိုးနဲ့ ရှင့်အနားမှာ မိန်းကလေးတွေ အများကြီး ရှိနိုင်ပါတယ်။ မေမီ့ရင်ထဲမှာက မောင် ရှိနေပြီးသား။ မဖြစ်နိုင်တာကိုသိလျက်နဲ့ ဘာလို့ ဖွတ်တိုးချင်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်ငေးငေးရပ်ကြည့်နေတာကိုသိပေမယ့် မျက်နှာလွှဲကာ မသိသလိုနေမိသည်။

ခုခါ ပြောနှုတ်ဆက်စရာ မလိုပါ။

သူ့ဘက်က မရိုးသားသောစိတ်ကို မေမီ မြင်ပြီးသားပဲ မဟုတ်လား။

မေမီ့အပေါ် မျှော်လင့်ချက် မထားစေချင်။ ရှေ့ဆက် မတိုး လာစေချင်။





သူ့အတွက် အဖြေက အကောင်းမဖြစ်နိုင်။ သူ့ကို မေမီ လက်မခံနိုင်ပါ။

စိတ်ပျက်နောက်ဆုတ်သွားဖို့ မျှော်လင့်သည်။ မောင် စိတ်အနှောင့်အယှက် မဖြစ်ချင်။

မောင်နှင့်လည်း သက်ဆိုင်ရာမရှိစေချင်။

မောင် သံသယဖြစ်မှာ မလိုလား။

မေမီက တည်တည်တင်းတင်း နေခဲ့သူပါ။

သူ့ကြောင့် မေမီ မောင်နှင့် အခြေအတင်ဖြစ်ရမှာ မလိုလားပါ။

သူ့အကြောင်းကို တစ်ယောက်ယောက်ကသိပြီး မောင့်ကို ပြန်ပြောမှာစိုးသည်။

မောင့်ဘက်က အဲဒီလို သတင်းမျိုး မကြားချင်သလို မေမီ့ဘက်ကလည်း စောင့်ထိန်းချင်ပါသည်။

ဘာဘာညာညာသံ မထွက်ချင်။

မောင်အထင်လွဲမှာစိုးသည်။

ခုထက်ထိ မောင်က ဘာမှသိသေးတာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မောင်က အရမ်းသဝန်တိုတတ်သူ။

ဟင်း…

မေမီ ပင့်သက်ဖွဖွ ရှိုက်မိ၏။

သူ့ကို မေမီ တစ်ခါမှလည်း ဖျော်လင့်ချက်မပေးဘူးခဲ့ပါ။

ဘာလို့ သူက ပိုင်ပိုင်နိုင်နိုင် 'ရှေ့သို့…' ဖြစ်နေရတာလဲ။

မေမီ့မှာ ချစ်သူရှိတာ မသိဘူးလား။

သူ့ကို ဘယ်လိုပြောပြရမလဲ။

တကူတကကြီးလည်း မကြွားချင်။ အားနာမိပါသည်။





စာဖတ်နေရင်းမှ တံခါးခေါက်သံဖွဖွကြားရတာမို့ မေမီကိုက ဖတ်လက်စ ရင်ခေါင်းပိုင်းဆိုင်ရာရောဂါများစာအုပ်ကို ပြန့်လှပ်သား မှောက်ကာ စာကြည့်စားပွဲမှ ထလိုက်ပါသည်။ မေမီ ညဖက် စာဖတ်နေချိန်ဆို မေမေက မုန့်တစ်မျိုးမျိုး လာပို့တတ်ပါသည်။ မေမီ အိပ်မငိုက်ရအောင် လက်ဖက်ချဉ်စပ်လေးကို ခရမ်းချဉ်သီးနှင့်သုပ်ကာ လာပို့ပေးတတ်ပါသည်။

ခုလည်း မေမေလာတာပဲဖြစ်ရမည်။

ဖေဖေက မေမီ့ဆီ လာလေ့မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ညဖက်ဆို စောစောအိပ်လေ့ရှိပါသည်။ အလုပ်မှာ ပင်ပန်းလို့လည်း ဖြစ်နိုင်ပါသည်။ မနက် မေမီ နိုးချိန်ဆို ဖေဖေက အိမ်မှာ မရှိတော့။

မေမီကို တံခါးဖွင့်ပေးလိုက်တော့ မေမေက ဝင်လျက် တံခါးကို ပြန်ပိတ်သည်။

"သမီး…ဒီမှာ ကော်ဖီနဲ့မုန့် စားလိုက်ဦး"

"ဟုတ်ကဲ့…မေမေ"

"ဪ…သမီး၊ နေ့လယ်က လူငယ်လေးတစ်ယောက် မွေးနေ့ဖိတ်စာ ပေးသွားတယ်၊ မေမေလည်း ဘယ်သူဆိုတာ မေး မထားလိုက်ဘူး၊ သမီး သိမယ်ထင်လို့"

"ဟင်…ဟုတ်လား၊ သမီးသူငယ်ချင်းတွေရဲ့မွေးနေ့ဆို သမီး သိမှာပေါ့၊ ဒီလထဲမှာ ဘယ်သူ့မွေးနေ့မှ မရှိပါဘူး"

"သမီးရဲ့ လုပ်ဖော်ကိုင်ဖက်တွေနေမှာပေါ့"

"မေမေလည်း မသိပါဘူးကွယ်၊ ဒီမှာ ဖတ်ကြည့်လိုက်လေ သမီး"

မေမေက ဖိတ်စာပန်းရောင်လေးကို လှမ်းပေးလေသည်။





"ဟင်…သက္က"

ဟိုအဆိုတော်ပဲ နေမှာပေါ့။

ဒီနာမည်မျိုး မေမီ့အသိမိတ်ဆွေထဲမှာမှ မရှိဘဲ။ နာမည် ဖတ်လိုက်ပြီး ကဒ်ကလပ်စာကို အကြည့်အရောက်…

"ဟင်"

လုံးဝ မထင်မှတ်ထားခဲ့ပါ။ သက္ကရဲ့လိပ်စာက ချစ်ရသူ မောင်၏လိပ်စာနှင့် တူနေသည်။ ဒါ မောင့်ရဲ့လိပ်စာပဲ။ တစ်ခါမှ မရောက်ဘူးပေမယ့်၊ မေမီ ခေါင်းထဲမှာ မောင့်လိပ်စာက အလွတ်ရ နေသည်။ မောင်ပြောဖူးတဲ့ မောင့်ညီလေးအဆိုတော်ဆိုတာ သက္က ပါလား။ မေမီဘာလို့ မတွေးမိရတာလဲ။ သက္ကကရော မေမီကို သိနေလား။ ဒါကြောင့် သက္ကမျက်ဝန်းတွေက မေမီအပေါ် နွေးထွေး နေတာများလား။

မဖြစ်နိုင်ပါဘူး။ သူ့အစ်ကိုရဲ့ ချစ်သူမှန်းသိရင် ဒီလို လုပ်ပါ့ မလား။

မောင်ကရော မောင့်ညီလေးပြန်ရောက်နေတာ မေမီ့ကို ဘာလို့ မပြောရတာလဲ။ စကားမစပ်မိလို့လည်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကလည်း အမြဲ အလုပ်များနေသူမဟုတ်လား။ ဒါတွေကို သိနိုင်ပါ့မလား။ မေမီ ဘယ်လိုလုပ်ရမလဲနော်။

မင်းဘက်က မသိလို့ဆိုပေမယ့် အခု မေမီက သိသွားပြီ။ ဘယ်လိုလုပ်ရမလဲ။ မေမီ မင်းကို အားနာမိပါသည်။ တကယ်ဆို မင်းနဲ့ မေမီက အမျိုးတော်ရမှာလေ။ မင်းဘက်က လက်လျှော့သွားအောင် မေမီ တစ်ခုခုဆုံးဖြတ်မှရတော့မယ်။ ဒါတွေကို မောင်သာ သိရင် စိတ်မကောင်း ဖြစ်ရမည်။

ဒါပေမယ့်လည်း မတတ်နိုင်ပါ။ မေမီကြောင့် မောင်တို့ ညီအစ်ကို စိတ်ဝမ်းကွဲရရင် မောင့်ဖေဖေနှင့် မေမေပါ စိတ်ရှုပ်ရလိမ့်မယ်။

မင်းသိမှဖြစ်တော့မယ်။ မင်းသိသွားရင် ဒီလိုဆက်လုပ်မှာမဟုတ်ဘူးဆိုတာ မေမီယုံပါတယ်။ မင်းကို တမင်အရှက်ရစေချင်တဲ့ဆန္ဒ မေမီ့မှာ မရှိပါဘူး။ မောင့်ညီကြောင့် မေမီရင်ထဲက ကြောက်စိတ်တွေ လွင့်ပြယ်ခဲ့ရပြီ။ ခုချိန်မှာ မေမီကို မောင်ရဲ့ချစ်သူအဖြစ် မောင့်မိဘတွေကို သိစေချင်မိတယ်။

မောင့်ညီကိုလည်း သိစေချင်တယ်။





မောင့်ချစ်သူမှန်းသိမှသာ မောင့်ညီလေးက လက်လျှော့လိုက်မှာပေါ့။ အဲဒါဟာ အကောင်းဆုံးသော နည်းလမ်းပါ။ မေမီ မောင့်ဆန္ဒအတိုင်း မောင့်မိဘတွေနဲ့ လိုက်တွေ့မယ်။ ပြီးရင် မောင်နဲ့ ခမ်းခမ်းနားနား မင်္ဂလာဆောင်ပွဲ ကျင်းပမယ်။ ဒါဆို မောင်လည်း ဝမ်းသာမှာပါ။ မောင့်ညီအတွက်တော့ စိတ်မကောင်းဖြစ်မိတာအမှန်ပါ။

မောင်ကလည်း မောင့်ဆန္ဒကို လက်ခံတာသိရင် အရမ်းပျော်သွားမှာပါ။ မေမီရဲ့ မဝံ့မရဲတွေဝေနေတဲ့စိတ်တွေက ခုချိန်မှာ မောင်နဲ့ မဝေးချင်တဲ့စိတ်၊ မောင့်ကိုချစ်တဲ့စိတ်နဲ့ ပျောက်ပြယ်ခဲ့ရပြီ။ အဲဒါဟာ မောင်နဲ့မခွဲနိုင်လို့ပါ။ မောင့်ညီကိုလည်း စိတ်မဆင်းရဲစေချင်ပါဘူး။ ဒါတွေကို သူရော နားလည်ပါ့မလား။ ခုနားမလည်တောင် တစ်ချိန်ချိန်တော့ သူ နားလည်မှာပါ။

မေမီမှ သူ့ကိုမချစ်ဘဲ။ မနက်ဖြန် မောင်နှင့်တွေ့ရင် ပြောလိုက်တော့မယ်။ ဒါမှ မေမီ့ကို သူသိသွားမှာ။ သူသိသွားပြီး နောက်ဆုတ်ဖို့က အဓိကမဟုတ်လား။ မေမီနဲ့ မင်းရဲ့ အစ်ကိုအတွက် မင်း ဟန့်ဆောင်နေပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်း မသိလိုနေပေးရမယ်။ မင်းဘက်က အလိုက်သင့် ဟန်ဆောင်ဆက်ဆံပေးဖို့ မေမီ မျှော်လင့်ပါတယ်။ မောင့်ညီလေးကြောင့် မေမီရဲ့စိတ်တွေ ပြောင်းလဲကုန်ရပြီ။

ခုချိန်မှာ မေမီ တစ်ခါအရှက်ကွဲဖူးတာကို ကြောက်တာထက်၊ သက္ကက မေမီကို မရီးအဖြစ် လက်ခံပေးဖို့က ပိုပြီး အရေးကြီးပါသည်။

မေမီ မင်းကို မမုန်းပါဘူး။ မောင့်ညီလေးဆိုတော့ မေမီရဲ့ မောင်လေးလို ခင်ပါတယ်။ မင်းကို တမင်အရှက်ကွဲစေမှာ မဟုတ်ဘူး။ မလုပ်မဖြစ်မို့သာ မေမီလုပ်ရမှာ။

မွေးနေ့ဖိတ်စာလေးကိုကိုင်ပြီး စဉ်းစားနေမိတာ အချိန်ဘယ်လောက်ကြာသွားမှန်း မသိ။ မေမေတောင် ဘယ်အချိန်က ပြန်ထွက်သွားလဲ မသိ။ မေမေက မေမီကို မနှောင့်ယှက်ဘဲ အသာလေး ပြန်ထွက်သွားပုံရသည်။ မေမီပင် မသိလိုက်ပါ။

မေမေ ဖျော်လာပေးသော ကော်ဖီကလည်း အေးစက်သွားခဲ့ပြီ။ ကော်ဖီခွက်အဖြူလေးကို ယူကာ တစ်ရှိန်ထိုး မော့သောက်လိုက်သည်။





ခါးတဲ့အရသာက လည်ချောင်းထဲကို ရောက်လာသည်။ အဲလို ခါးတဲ့အရသာလေးကိုကြိုက်လို့ အမြဲသောက်နေကြပါ။ ဒါပေမယ့် သောက်ဖူးသမျှထဲမှာ ဒီတစ်ခါ အခါးဆုံးလို့ထင်ပါသည်။

စားပွဲပေါ်က စာအုပ်တွေကို သိမ်းလိုက်ပြီး စာကြည့်မီးလေး ကိုပါ ပိတ်လိုက်သည်။ တစ်ခန်းလုံး မှောင်သွားမှ မွေ့ရာလေးပေါ် အသာလှဲချလိုက်သည်။

ဒီည မေမီ တော်တော်နှင့် အိပ်မပျော်ဘဲ အတွေးထဲ နစ်မျောနေမှာသေချာပါသည်။ မေမီအတွေးထဲမှာ အမြဲနေရာယူနေတဲ့ မောင့်အကြောင်းကလွဲလို့ ဘယ်သူ့အကြောင်း ရှိဦးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com





နှင်းဆီပန်းများ၏ ချိုအီသောရနံ့တို့သည် သူ့အာရုံကို မြူးဆွတ် လန်းဆန်းလာစေ၏။

မွှေးလိုက်တာ။

"နိုးပြီလား မောင်"

ချစ်စရာကောင်းသောအသံကလေးက နီးကပ်စွာ ထွက်ပေါ်လာ၏။

နှင်းဆီပန်းတွေကို လက်ထဲကိုင်ထားသော မိန်းကလေး မျက်နှာတစ်ပြင်လုံး ပြုံးနေလိုက်တာ။





သက္က ဝုန်းကနဲ ထထိုင်မိသည်။

သူ့ကို ဘယ်လိုခေါ်လိုက်ပါလိမ့်။

ဒီ...ဒီအသံ သဲကွဲစွာ ကြားလိုက်တာပါ။

မောင်တဲ့။

ရင်းနှီးကျွမ်းဝင်သော ခေါ်သံလေး။

ရှက်စနိုး ဟန်ပန်ကလေး။

"ဘာလဲ...မမြင်ဘူးသလို ကြည့်နေလိုက်တာ၊ ကျွန်မတို့ လက်ထပ်ပြီးပြီလေ မောင်"

"ဘယ်လို"

"ဟောတော့...မင်္ဂလာဦးည၊ ခုမှ မိုးလင်းတာ၊ မောင်က မိန်းမကို မေ့ချင်ပြီလား၊ သူ့ကိုယ်သူ လူပျိုမှတ်နေသလား ဟွန်း"

နှင်းဆီပန်းတွေကို စားပွဲပေါ်တင်ထားလိုက်ပြီး သူ့ရင်ခွင်ဆီ ပြေးဝင်လာသောကောင်မလေး...

သူက ကြည်နူးစွာရယ်ပြီး သူမဦးခေါင်းကလေးကို ပွေ့ပိုက် ထားမိ၏။

တစ်ယောက်ရင်ခုန်သံကို တစ်ယောက်ကြားနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျော်လိုက်တာကွာ။

အစကတည်းက သိနေသားပဲ။

ထိုမိန်းကလေးကို သူပိုင်ဆိုင်ခွင့်ရမယ်ဆိုတာ သူ့ရဲ့ အိမ်သူ သက်ထားစစ်စစ်ဆိုတာ သူ့အထင် ဒက်ကနဲမှန်သွားပြီ။

"မောင်"

"ဟင်"

"လွှတ်လေ"

" No. နိုး…နိုး၊ မလွှတ်ချင်ဘူး"

"မောင်နော် မိုးလင်းနေပြီ"

"မိုးလင်းတာနဲ့ လွှတ်ရမလား၊ အသစ်စက်စက်ဇနီးမောင်နှံဆိုတာ မိုးမမြင်လေမမြင်၊ မိုးလင်းလို့ လင်းသွားမှန်း မသိလည်း ဘယ်သူကမှ အပြစ်တတင်ဘူး၊ မနှောင့်ယှက်ဘူး၊ မကဲ့ရဲ့ဘူးကွာ"

"ဟွန့်…လွန် လွန်းတယ်"

"ချစ်တာကို"

သူမကိုယ်လေးကို မချင့်မရဲ ဖျစ်ညှစ်ကာ ကိုမိ၏။ သူမက တခစ်ခစ် ရယ်နေသည်။





"မနက်ဖြန် ဟန်နီးမွန်းကို ဘယ်ကိုထွက်ကြမလဲ ပြော" သက္ကက သူမကို မေးသည်။

"အင်း…ကျွန်မကတော့ ကမ်းခြေတစ်ခုခု၊ ဒါမှမဟုတ် ကလောမြို့၊ ရှမ်းပြည်ဖက်"

"ကောင်းသားပဲ"

"မောင်ကရော"

"မောင်လည်း ကြိုက်ပါတယ်၊ မွေးမွေးပေး"

"ဟောတော့…အဆက်အစပ်မရှိ"

"လက်ထပ်ပြီးစ မင်္ဂလာဦးမောင်နှံတစ်ယောက်ကို တစ်ယောက် မွေးမွေးပေးတယ်ဆိုရင် ဘယ်သူကမှ မပြစ်မတင်…"

"အမယ်လေး…တော်ပါတော့"

သူမက သူ့ကို မျက်စောင်းရွယ်ကာ သူ့ပါးကို နှုတ်ခမ်းကလေး မြှုပ်သွားအောင် 'အာဘွား' ပေးလိုက်၏။ သူ့ရင်ထဲမှာ လှုပ်ရှားသွား၏။

သူမကိုယ်လေးကို ဆွဲလှည့်ကာ မွှေ့ရာဆီအပို့…

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍ အိပ်ရာထက်က လိမ့်ကျသွား၏။

"အားပါး…ဒီလောက်ကောင်းတဲ့အိပ်မက်"

တစ်ဝက်တပျက် နိုးလာတာကို သူ ဘဝင်မကျချင်။ ဆက်မက်ချင်သေးသည်။

အိပ်မက်ထဲက ချစ်သူကလေးကို သူ ခုထက်ထိ တမ်းတနေဆဲ၊ ရင်ခုန်သံတွေ တအုံ့နွေးနွေး တဒိန်းဒိန်းနှင့်။

အိပ်မက်က တကယ်လိုပါပဲလား။

ပျော်စရာကောင်းလိုက်တာကွာ။ မေမီရယ်…

ခင်ဗျားကို ကျွန်တော် အရမ်းစွဲလမ်းနေမိပြီဗျ သိလား။

မရရင် ရူးလိမ့်မယ်။

အချစ်ရူး။

ရူးရူးမူးမူးကို နိုက်နေမိတာ။

မြန်မြန်ကြီးစားမှ မြန်မြန်ချစ်သူဖြစ်ခွင့်ရမှာ။

ပိုင်ဆိုင်ချင်ပြီ။

ထိုအိပ်မက်က ပိုင်ဆိုင်ချင်စိတ်ကို ပိုပြီး ပြင်းထန်အောင် နှိုးဆွနေသလိုပင်။





အချစ်ဆိုတာ အဲဒီလို နေမရ ထိုင်မရ ဒုက္ခပေးတတ်တာမျိုးလား။

မနက်မိုးလင်းလည်း သတိရ။

ညဆိုလည်း သတိရ။

သတိရပြီးရ…။

စားလည်း ဒီစိတ်။

အိပ်လည်း ဒီစိတ်။

သူ့ကို တော်တော်နှိပ်စက်နေသောအချစ်ဒုက္ခ။ မေမီကယ်မှ ဖြစ်လိမ့်မည်။

သူ့အဖြစ်ကို သူမက မသိ။

အနည်းအကျဉ်းလောက်သာ သိချင်သိမှာ။

ချစ်လွန်းလို့ ရူးရမတတ်ဆိုတာ သိမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဇင်မီကို" က အိပ်ရာထက်ကနေ ညင်သာစွာဆင်းလိုက်ပြီး ပြတင်းတံခါးဘေးမှာ လက်ကလေးပိုက်ကာ ရပ်မိ၏။

လမင်းကြီးက ထိန်ထိန်သာလို့ပါလား။

အိပ်ပစ်ရမှာ နှမြောစရာကောင်းသောည...

လသာသောည...

လရောင်၏ အေးမြသောအလင်းရောင်က သူမစိတ်ကို ညှို့ယူဖမ်းစား သိမ်းပိုက်ထား၏။

ဘာလို့များ သူ့ကို အိပ်မက် မက်ရတာလဲ။





သူ...သူဆိုတာက...

'သက္က'

ခုတလော လုံးဝကိုယ်ရောင်ပျောက်နေသော သက္က၊ ဘာလို့များ သူမရှေ့ ရောက်မလာတော့တာလဲ။

သူဟာ ဘယ်လိုလူစားလေးလဲ။

မျက်လုံးချင်း နားလည်မှုရနေခဲ့တယ်လို့ပြောရင် တစ်ဖက်သတ်ဆန်နေမလား။ တကယ်ပဲ မျက်လုံးချင်း စကားပြောခဲ့တာပါ။

ဇင်မီကိုပဲ မှားနေတာလား။

တစ်ယောက်အပေါ်တစ်ယောက် နက်ရှိုင်းစွာ နှလုံးသားအထိ ထွင်းဖောက်ကြည့်ခဲ့မိသော မျက်ဝန်းတစ်စုံက မှားယွင်းနိုင်ပါသလား။

မဟုတ်သေးပါဘူး သက္ကရယ်။

သက္ကက မျက်နှာများတတ်သူလား။

ကွယ်ရှင်မေ့တတ်သူလား။

ဒါမှမဟုတ် မိန်းကလေးတွေမြင်တိုင်း အဲဒီလိုပဲ မျက်လုံး နှင့် ဖမ်းစားတတ်သူလား။



www.burmeseclassic.com

www.burmeseclassic.com



နားလည်ရခက်လိုက်တာ။

တစ်ခါတလေ သူ့အပေါ် စိတ်ကောက်ချင်မိသည်။ ရန်တွေ့ပစ်ချင်သည်။

ဘာလို့ ပေါ်မလာတာလဲ။

ဘာလို့ မြုပ်နေရတာလဲ။

မသိမသာတမ်းတမှုများ ဒီအိပ်မက်ထဲအထိ လိုက်လာခဲ့ပြီလား။

အိပ်မက်ထဲမှာ သူက ဖင်မီကို တဟားဟား လှောင်ပြောင်နေခဲ့သည်။

လှောင်မှာပေါ့။

ဖင်မီက သူ့ရှေ့ ချော်လဲတာကိုး…

ချော်လဲတာမှ ဗိုင်းကနဲ…

ဟန်ချက်ပျက်ကာ ချော်ကျသွားတာကို သူ မရယ်ဘဲနေနိုင်ရိုးလား။

ရယ်…ရယ် အားရပါးရ ရယ်။

သူ့ကို မျက်စောင်းရွယ်မိသည်။





မျက်စိရှေ့တွေ့သမျှ ပစ္စည်းတွေနှင့် ပစ်ပေါက်မိသည်။

ရှက်စရာကောင်းလိုက်တာ။

ဖင်မီ့အိပ်မက်ကို ဖင်မီ ရယ်ချင်သည်။

အိပ်ရာကနိုးလာတော့ တစ်ယောက်တည်း ပြုံးနေမိသည်။

အပြင်မှာလည်း သူ့ရှေ့ရောက်လျှင် စိတ်တွေက အရမ်းလှုပ်ရှားပြီး အယောင်ယောင် အမှားမှား ဖြစ်တတ်တာ၊ ချော်မလဲအောင် သတိထားမှ၊ သူက အိပ်မက်ထဲမှာလိုပဲ အားမနာတမ်း ရယ်မှာ…

အလကားလူ လာတွဲထုဖော်တောင်မရဘူး။ မကြင်နာတတ်တဲ့လူ။

အနားမှာရှိနေလျှင် သူ့ကို အိပ်မက်အကြောင်းပြောပြီး ရန်တွေ့မိမလား မသိ။

တိတ်တိတ်ကလေး မျှော်လင့်နေမိတာတော့ ညာမရ။

သူ့ဘက်က သဘောထားကို ဖင်မီ မသိ။ ဖင်မီကတော့ သူ့ကို….။



www.burmeseclassic.com

www.burmeseclassic.com



“ဝါး”

‘Cream’ ဆီက ခေါ်နေသံပါလား။

သဏ္ဍက စားပွဲပေါ်ထိုင်ချကာ မော်နီတာဆီ ကြည့်မိ၏။

အတော်ပါပဲ။ အိပ်မပျော်တာနှင့်။

“ဟေး…မအိပ်သေးဘူးလား”

“ဟင့်အင်း…စကားပြောမလို့”

“ပြောမလို့ဆို ပြော”





“အိပ်ချင်နေပြီလား”

“မအိပ်သေးပါဘူး”

“မေးစရာရှိလို့”

“မေးစေဗျား”

“ရှင်…ကောင်မလေးတစ်ယောက်ရဲ့ရှေ့မှာ ချော်လဲဖူးလား Ice”

“နိုး…မလဲဖူးဘူး၊ အဲ…ပုဆိုးကျွတ်ကျဖူးတယ်”

“သွား”

Cream က ရှက်သွားသည်။

“တကယ်ပြောတာ၊ သစ်ပင်ပေါ်တက်တာ ကောင်မလေးတွေကို ဖန်းတက်ခူးပေးတာ၊ ပုဆိုးကျွတ်ကျဖူးတယ်၊ အောက်ခံဘောင်းဘီပါတယ်လေ”

“တော်သေးတာပေါ့”

“အရမ်းရှက်သွားပြီး အိမ်ထဲမှာ နှစ်ရက်လောက် အောင်းနေတာ ဟား…ဟား”

“ဟင်…ကိုယ့်ကိုယ်ကို ရယ်စရာလား”



www.burmeseclassic.com

www.burmeseclassic.com



"လှကြီးရှက်တော့ ရယ်တဲ့၊ ပြန်ပြောတော့ ပြန်ရှက်ပြီး ရယ်တာပါ"

"ဟွန့်"

"ဘာလဲ…မင်း ဘယ်ကောင်လေးရှေ့မှာ ချော်လဲလို့လဲ ပြော"

"ချော်မလဲပါဘူး"

ပြောပြရမှာ ဝန့်လေးစွာ ငြင်းဆန်မိ၏။

"မညာပါနဲ့၊ ဒီမေးခွန်းမျိုးကို ချော်လဲဖူးမှမေးတာကွ"

"Iceက လူလည်"

"ဟဲ…ဟဲ…ဟဲ"

သက္ကက ဒက်ထိပြောချနိုင်၏။

"သိနေတယ်လေ၊ မရှက်ပါနဲ့၊ သုံးလေးရက်ဆို နေသားကျသွားမယ်"

သူမကို အားပေးမိ၏။

"အချိန်လိုတယ်၊ သွေးပူနေရင် ရှက်မှာပဲတဲ့"

Iceရယ်။





တို့က အိပ်မက်ကို ပြောပြချင်တာပါ။

အိပ်မက်ဆိုတာ စွဲလမ်းမှုတဲ့။

အစွဲလမ်းကြီးနေမိပြီ ထင်ပါရဲ့နော်။

ရှန်းမရတဲ့ နွံတစ်ခုလိုပဲ။

သက္ကဆိုတဲ့ ကောင်လေးတစ်ယောက် ဇင်မိုရှေ့ကို ရောက်လာစေချင်လိုက်တာ။

မိန်းကလေးဆိုတော့ မျှော်ရုံပေါ့။

ဘာများတတ်နိုင်မလဲ။



www.burmeseclassic.com



"မောင်"

"ဟင်"

"ပြောစရာရှိတယ်"

"ပြော"

"ပြောလေ မေမီရဲ့ ဘာတွေစဉ်းစားနေတာလဲ"

မောင်နှင့် မေမီက လူရှင်းတဲ့ကော်ဖီဆိုင်လေးမှာ ထိုင်နေခြင်းပါ။

"မေမီ မောင့်မိဘတွေနဲ့ လိုက်တွေ့မယ်"





"ဟင်…မေမီ မင်း…တကယ်ပြောနေတာလား"

မောင်က မယုံသလို မေးလာ၏။

"ဟုတ်တယ်…မောင်၊ မေမီ သေချာစဉ်းစားခဲ့တယ်၊ တကယ်တော့ မေမီရဲ့ အစွဲကြီးတဲ့စိတ်တွေ ပျောက်ဖျက်သင့်တာကြာပါပြီ၊ မောင့်အချစ်ကိုလည်း မေမီ ယုံကြည်ပါတယ်၊ ဒါကြောင့် မေမီလိုက်တွေ့ဖို့ ဆုံးဖြတ်လိုက်တာ၊ မောင်ဖြစ်စေချင်သလို နှစ်ဖက်မိဘတွေနဲ့ညှိနှိုင်းပြီး စေ့စပ်ပွဲနဲ့ လက်ထပ်ပွဲကို ခမ်းခမ်းနားနားကျင်းပမယ်လေ"

"ဝမ်းသာလိုက်တာ မေမီရယ်"

မောင်က မေမီ့လက်လေးကို ဆုပ်ကိုင်ကာ ပြောလာ၏။

"မောင်က မေမီနဲ့ မိဘတွေကြားမှာ စိတ်ပူနေရတာ၊ တစ်ဖက်မှာ မေမီက မောင့်ကို နှစ်ဦးသဘောတူ လက်ထပ်မယ်လို့ပြော၊ ဖေဖေနဲ့မေမေကလည်း သဘောတူပါတယ်လို့ပြောရဲ့သားနဲ့ မောင်က အဲလိုလုပ်ရင် ဖေဖေနဲ့မေမေက အရမ်းစိတ်ထိခိုက်ရမှာ၊ ခုတော့ အားလုံးအဆင်ပြေသွားပြီပေါ့"

"ကျေးဇူးတင်ပါတယ် မေမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်လဲ မောင်"

"မေမီ မောင့်မိဘတွေကို လိုက်တွေ့ဖို့ သဘောတူလို့ပေါ့"

"မလိုပါဘူး မောင်ရယ်…မေမီက သူတို့ရဲ့သားကို ချစ်မိနေမှတော့ လိုက်တွေ့ရတော့မှာပေါ့"

"ဒါဆို မနက်ဖြန် မောင် လာခေါ်မယ်လေ၊ မေမီ ပြင်ဆင်ပြီး စောင့်နေပေါ့"

"အင်းပါ…မောင်ရဲ့"

မေမီက မောင့်ကို နှစ်လိုဖွယ် ပြုံးပြမိသည်။ ရင်ထဲမှာတော့ လှုပ်ရှားနေတာအမှန်ပါ။







မေမီသည် ဒီနေ့ မောင့်မိဘတွေနဲ့ လိုက်တွေ့ရမှာမို့ စိုးရိမ်မိတာအမှန်ပါ။ မောင့်မိဘတွေက မေမီကို သဘောကျပါ့မလား။ သဏ္ဌာကရော ဘယ်လိုတုံ့ပြန်မလဲ။ အဖက်ဖက်မှ ထောင့်စုံအောင် လျှောက်တွေးကာ စိတ်ပူနေမိသည်။

အရင်လည်း တစ်နေရာရာသွားဖို့ ပြင်ဆင်ဖူးတာပဲ။ ဒီတစ်ခါကတော့ အကြိမ်တိုင်းထက် ရိုးရိုးယဉ်ယဉ် ဣန္ဒြေရရှနှင့် ပိုလှချင်မိသည်။

မောင်က စိတ်ထားကောင်းလွန်းသူပါ။



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းကိုလည်း အကောင်းဖက်က မြင်တတ်သူ။ မောင့်မိဘတွေကလည်း မောင်ပြောအရဆို သဘောထား ပြည့်ဝသူတွေဝင်၊

ဒါပေမယ့်လည်း မေမီကို စိတ်လှုပ်ရှားလွန်း၍ လက်ဖျားလေးပင် အေးချင်ချင်။

"မေမေရေ"

တံခါးဝကနေပင် ရယ်မြူးသံကြီးနှင့် မောင်က လှမ်းအော်သည်။

"လာလေ...မေမီ"

မောင်က ခပ်တိုးတိုးဆိုရင်း လက်ကိုဆွဲခေါ်သည်။

မေမီက ရှက်ရှက်နှင့် မောင့်လက်ကို ပြန်ဆုပ်ထားမိသည်။

သနပ်ခါးနံ့ သင်းသင်းကလေးက ရင်အေးစရာအရင်ဦးဆုံး မွှေးပျံ့လာပြီး မောင့်မေမေကို လှမ်းမြင်ရသည်။ အနားရောက်မှ ပိုပြီး ကျက်သရေရှိလိုက်တာ။ ရင်စေ့အင်္ကျီပွပွနှင့် ပါတိတ်လုံချည်ဖိုးရောင်လေးဝတ်ထားပြီး သနပ်ခါးအဖွေးသားနှင့် မောင့်မေမေက အေးချမ်းလှပါသည်။





"လာလေ...သမီး"

မောင့်မေမေက တရင်းတနှီးဟန်ဖြင့် လက်ဖျားလေးကိုဆွဲခေါ်ပြီး ဆိုဖာထိုင်ခုံပေါ် ထိုင်စေသည်။

"ကြည့်စမ်းပါဦး...သမီးလေးက ချောလိုက်တာ"

သူ့အမေစကားကြောင့် မောင်က ဂုဏ်ယူသောအပြုံးနှင့် ကျေနပ်နေသည်။

"အန်တီက ပိုလှတာပါ"

မေမီ့စကား မောင့်မေမေက သဘောကျစွာ ရယ်လိုက်သည်။

"ခဏထိုင်ဦးနော် သမီး၊ စကားပြောနှင့်ကြဦး"

ဟု အန်တီက မေမီတို့ကို ပြောပြီး စားစရာတစ်ခုခုစီစဉ်ပေးဖို့ အိမ်အတွင်းဖက်သို့ ဝင်သွားသည်။

"ဟာ"

အိမ်အောက်ထပ်မှာ အသံတွေကြားရတာကြောင့် ကိုကြီးတို့ ရောက်လာပြီဆိုတာ သိသည်။

သဏ္ဍာကကိုကြီးရဲ့ချစ်သူ သဏ္ဍာရဲ့မရီးကို မြင်ဖူးချင်စိတ်

www.burmeseclassic.com



မြင်လေ့ကားမှဆင်းအလာ ဖြုန်းကနဲမြင်လိုက်ရသောမြင်ကွင်းတို့ကြောင့် လေ့ကားမှာတင် ရပ်တန့်နေမိသည်။ သူ အရမ်းတုန်လှုပ်အံ့ဩသွားသည်။

မင်းလုပ်ရက်တယ်ကွာ။

မင်းသိရဲ့သားနဲ့ ကိုယ့်ကိုဘာလို့ မပြောခဲ့တာလဲ။ သက္ကယူကျုံးမရ ဖြစ်မိသည်။ ဒါ ကိုယ့်ရဲ့ ပထမဦးဆုံးအချစ်။ ကိုယ့်ရဲ့ချစ်နေတဲ့သူဟာ ကိုကြီးရဲ့ ရည်းစားဖြစ်နေမယ်လို့ ယောင်လို့ပင် မတွေးမိခဲ့။ ကံတရားရဲ့ လှည့်စားမှုက သက္ကကို စိတ်ထိခိုက်စေလွန်းသည်။ ကိုယ့်ကိုယ်ကိုလည်း ရှက်မိသည်။ ကိုယ့်အစ်ကိုရဲ့ ဖနီးကိုမှ ပစ်မှားမိခဲ့သူ။

ဒါကို ကိုကြီးသာသိသွားခဲ့ရင် ဘာတွေဖြစ်လာမလဲ မတွေးဝံ့။ မေမီကိုကြည့်ရတာ ကိုကြီးအပေါ် လှည့်စားပုံမပေါ်ဘဲ ချစ်မြတ်နိုးပုံ ရလေသည်။ သက္ကကိုသာ သူစိမ်းလိုဆက်ဆံတတ်တာ။ ဘယ်လိုမျက်နှာမျိုးနဲ့ ကိုကြီးတို့ရှေ့ကို သွားရမှာလဲ။

ဒီနေ့ ကိုကြီးက သူ့ကောင်မလေးကို ခေါ်လာမည်ဆိုတာကြောင့် တစ်အိမ်လုံး ပျော်နေခဲ့ကြတာ။





သက္ကက ကိုကြီးကို စနောက်လို့မဆုံး ပျော်နေခဲ့တာ။ ခုတော့ အဲဒီအပျော်တွေအားလုံး ပျောက်ကွယ်သွားခဲ့ပြီ။

"မေမီ…လာ၊ မောင် ခြံထဲလိုက်ပြမယ်"

"အင်း…ကောင်းသားပဲ"

မေမီက ဒီမှာထိုင်နေတာထက်ဆိုရင် မောင်နဲ့ ခြံထဲဆင်းကြည့်တာပဲ ပိုကောင်းမယ်လေ။

"မောင့်မေမေက ပန်းပင်စိုက်တာ ဝါသနာပါပုံရတယ်နော်"

မေမီက နှင်းဆီ၊ စံပယ်၊ ကစ်စမီ၊ သစ်ခွ၊ တခြားအရောင်အမျိုးမျိုးနှင့် ပန်းပင်တွေကို ကြည့်ပြီးပြောလိုက်ခြင်းပါ။ တစ်ခြံလုံးမှာ ပန်းပင်တွေက ဝေဆာနေတာပဲ။

မေမီ မမြင်ဘူးတဲ့ပန်းတွေလည်း ပါသည်။

"ဟုတ်တယ်…မေမီရဲ့၊ ဒါတွေအားလုံး မေမေသေချာစိုက်ထားတာလေ"

"ရော့…မေမီ"

မောင်က နှင်းဆီအဝါလေးတစ်ပွင့်ကို ခူးပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်ပန်ပေးလေ"

ခေါင်က မေမီခေါင်းမှာ နှင်းဆီပန်းပွင့်လေးကို အသာအယာ ပန်ပေးလေသည်။

ဒီမြင်ကွင်းက သက္ကအတွက် ဘယ်လောက်ကြေကွဲစရာကောင်းလိုက်လဲ။ ကိုကြီးနှင့် မေမီတို့နှစ်ယောက်က ပျော်နေလိုက်ကြတာ။ မေမေရေ· ·သားအဖြစ်ကိုကြည့်ပါဦးလို့ စိတ်ထဲက ပြောနေဖြစ်သည်။

ကိုယ့်အရှေ့မှာ ကိုယ်ချစ်ရသူလေးက တခြားတစ်ဦးနှင့် ပျော်နေလေသည်။

တခြားလူဆိုတာကလည်း သက္ကရဲ့အစ်ကိုအရင်းပါ။

သက္ကရဲ့အဖြစ်ကို တွေးကြည့်ပါဦး။ ကိုယ် ဘယ်လောက်ခံစားနေလဲဆိုတာ မင်း မသိနိုင်ပါဘူး။

ဆိုးရွားပြင်းထန်လွန်းတဲ့ ဒဏ်ရာတစ်ခု ရင်ထဲမှာ ဖြစ်ထွန်းလာ၏။





ရှက်စရာလည်း ကောင်းသည်။

စိတ်လည်း နာသည်။

ဒေါသလည်း ဖြစ်သည်။

မေမီကိုက သူ့ကို ဘယ်လိုထင်မလဲ။

အထင်သေး ရှုံ့မုန်းနေတော့မှာ သိသည်။ သူက သူ့အစ်ကို၏ ချစ်သူမှန်းမှ မသိခဲ့တာ။ ပြီးတော့ ရန်ကုန်မှာတုန်းက သူ့အပေါ် နွေးထွေးသက်ဝင် ငြိတွယ်လိုက်လှဲ့နားလည်မှုရခဲ့သော သူမမျက်လုံးများ။ ချစ်သူရှိရက်သားနဲ့ သူ့ကို ဘာလို့ ဖမ်းစားခဲ့ရတာလဲ။

www.burmeseclassic.com



အဲဒီလိုလည်း မပြောချင်ပါ။

သူမကပဲ ဖြားယောင်းခဲ့တာလား။

သူကပဲ အထင်လွဲခဲ့တာလား။

သူ့နှလုံးသားက အဲဒီလို ချော်ပါ့မလား။

နှစ်သက်စိတ်ဝင်စားတယ်ဆိုတာ နှလုံးသားက ရင်ဘတ်ထဲက ဖြစ်တာ။

ဘာပဲဖြစ်ဖြစ် သူ အကြီးအကျယ် မှားယွင်းသွားခဲ့ပြီ။ မေမီကို့အပေါ် ဘယ်လိုရှင်းပြရမလဲ။ သူ အဲဒီလို လူစားမျိုးမဟုတ်။

သူ့သိက္ခာတွေ ပုံပါပွန်းရှကုန်တာ သူပဲ သိသည်။

ဘယ်လိုရင်ဆိုင်ရမှန်းတောင် မသိတော့ပါ။

မျက်နှာချင်း မဆိုင်ချင်တာအမှန်။

ထွက်ပြေးလို့လည်း မရ။

အစ်ကိုဖြစ်သူ၏ မင်္ဂလာပွဲကို သူ မတက်လို့ဖြစ်မှာတဲ့လား။ သူတို့စေ့စပ်မှာကို မကူညီဘဲ ရှောင်ပြေးလို့ရမလား။

သူ့အဖြစ်က တော်တော်ဆိုးပါသည်။

ဘေးကြပ်နံကြပ်။





ရုန်းမရ ထွက်မရ။

မွန်းကြပ် အနေခက်လှစွာ ဘာဆက်လုပ်ရမှန်း မသိနိုင်တော့ပါ။

သူ့ကို ဘာလို့ လှည့်စားရက်တာလဲ။

'လှည့်စားတယ်' ဟု မှတ်ချက်တင်ရအောင်ကလည်း မေမီကိုက ဘာမှမလုပ်ခဲ့ပါ။

အားလုံး သူ့အပြစ်တွေပါပဲ။

သူ မဆင်မခြင် ဖွတ်တိုးမိလို့ အရှက်ကွဲတာ။ မေမီကိုနှင့် ဆုံတိုင်း အောင့်သက်သက်နှင့် မျက်နှာပူပြီး ဒေါသတွေဖြစ်လာတော့မှာ။

အစကတည်းက မတွေ့ခဲ့ကြရင် အကောင်းသား။

ဘယ်လိုဝဋ်ကြွေးလဲကွာ။

သူ့အဖြစ်ကို သူပဲ သိသည်။

သူ စတေးလိုက်ရတာက နှလုံးသား။ ပြီးတော့ သူ့သိက္ခာ၊ ပိုပြီးဆိုးတာက မရီးတော်ရဦးမယ်။ အနာဂတ်ကာလရှည်ကြီး...

ဟူး...



www.burmeseclassic.com

www.burmeseclassic.com



သေပွတစ်ချက်မှုတ်ထုတ်ပြီး ရင်ထဲရှိနေသမျှ ဖွင့်ဟဝန်ခံဖို့ 'Cream' ကို ရှာမိသည်။

Cream နှင့် ဘယ်ရောက်နေလဲ။

အရမ်းတွေ့ချင်တယ်။



Onlineပေါ်မှာ Cream နှင့် တွေ့ဖြစ်သည်။

"ဘယ်လို...ဘယ်လို ဇာတ်လမ်းပြီးသွားပြီ ဟုတ်လား၊ မယုံနိုင်စရာပဲ၊ မြန်မြန်ဆန်ဆန်ကြီး"

"ဟုတ်တယ်...လုံးဝ ပြန်ဆက်လို့မရတော့ဘူး"

"တကယ်ပဲ The endပေါ့!"

"Yesရက်စ်...ဟုတ်တယ်"

"ဟင်...ရှင်အသည်းကွဲပြီပေါ့ Iceရယ်"

"ဒါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းလိုက်တာ"

"ဖူးစာမပါလို့ဘဲ"

"လွယ်လွယ်လက်မလျှော့ဘူးဆို"

"အခုက ဆက်လို့ကို မရတော့တာ"

"ဘာကြောင့်"

"ပြောပြလို့မရဘူး…ဆောရီး"

"ပြီးရောလေ…မမေးတော့ပါဘူး၊ ရှင်သက်သာရင် ပြီးတာပဲ"

"လောလောဆယ်တော့ မသက်မသာပါဘဲ"

"ဒီလောက်တော့ ရှိမှာပေါ့"

"မင်းရော ဘာထူးလဲ"

"ထူးရင် ဖိတ်စာပို့မှာပေါ့"

Cream က သူနေသာ(သ)အောင် ရယ်စရာတွေ လျှောက်ပြော ပြသည်။

"Mr.Bean"ကြည့်ပါလား၊ ကာတွန်းတွေ ငှားဖတ်"

"ကလေးမှ မဟုတ်ဘဲ"





"အသည်းကွဲနေတာဆို သက်သာအောင်နည်းပေးတာ၊ ရုပ်ရှင်ကြည့်၊ သူငယ်ချင်းတွေနဲ့ ဟေးလားဝါးလား လျှောက်ပြော"

သူမက ရယ်ရသည်။

သူမ Idea လေးတွေက ချစ်စရာတော့ ကောင်းသားပင်။

"အဲဒီလိုမှ မသက်သာရင်ရော"

သက္ကက စမိသည်။

"တရားနဲ့သာဖြေပေါ့ လူကလေးရယ်"တဲ့။

"ကျကွဲသွားတဲ့ ပန်းကန် ပြန်ကောက်ဆက်လို့မှ မရတာ ပဲ" တဲ့။

ဟုတ်သည်။ သိပ်မှန်သည်။ ဘယ်လိုမှ နီးစပ်ဖို့မဖြစ်နိုင် တော့ပါ။ အဝေးကြီး ဝေးသွားခဲ့ရပြီ။

နီးနီးကလေးရှိနေပါရက် အဝေးဆုံးတစ်နေရာရောက်သွား တာ။ သူ့စိတ်ကို သူ ပြုပြင်ရတော့မည်။

ရင်ထဲက ဝေဒနာကို ကြိုးစားပြီး မေ့ပစ်ရပါမည်။ တနင့် တပိုး ခံစားနေလည်း အကျိုးမှမရှိတာ။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို မမ… သက္ကရဲ့အစ်ကို ဟုတ်လား"

"အင်းလေ…သိလို့လား ဇင်မီ"

ဇင်မီကို ရုတ်တရက် မဖြေတတ်ပါ။

ခေါင်းညိတ်ရမလား။ ခေါင်းခါရမလား။

မျက်လုံးချင်းသိတာ မျက်လုံးချင်း နားလည်မှုရထားတာ အဲဒါပြောလို့ တင့်တယ်ပါ့မလား။

"မြင်ဖူးတယ်"

"သိလား"





မမက သေချာအောင် စစ်ဆေးနေ၏။

ဘာဖြစ်လို့ပါလိမ့်။

အခုတလော လုံးဝမတွေ့တာ သူက မန္တလေးရောက်နေတာကိုး။ အခု နားလည်သွား၏။

"ပွင့်ပွင့်လင်းလင်းပြောပါ ဇင်မီရယ်"

"အင်း…မသိတသိဘဲ"

"ဒါဆို သက္ကက ဇင်မီနဲ့ မမကို လူမှားနေတာများလား မသိဘူး"

"ဘာလို့"

မေမီကိုက အကြောင်းစုံ ရှင်းပြလိုက်၏။

သက္ကအပေါ်လည်း နားလည်သွားသလိုပင်။

ညီမလေးဇင်မီနှင့် ကိုယ်က ရုပ်ချင်းအရမ်းဆင်တာ မဟုတ်လား။ စတိုင်ရော၊ ဟန်ပန်မူယာရော တူကြတာ။

သူ မှားမယ်ဆို မှားလောက်ပါရဲ့။

ထင်တော့ထင်သား။

သူ့ချဉ်းကပ်လာပုံက ရင်းနှီးလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းပြီးသား လူတွေလို။

ဩော်…သဏ္ဍရယ်…

ဒီတလောမှာ သူမအပေါ် သဏ္ဍ ရောင်ဖယ်ဖယ်နှင့် မပြောချင် မဆိုချင် ဖြစ်နေတာသိသည်။

ရှက်သွားတာလား၊ မျက်နှာပူတာလား။

လိပ်ပြာမလုံဘဲ ငုပ်လျှိုးသွားတာလား။

ဒေါသဖြစ်ပြီး ဟန်ဆောင်နေတာလား။

တစ်ခုခုပါပဲ။

ဇင်မီနှင့် ဖုန်းပြောဖြစ်မှပဲ အကြောင်းစုံ ရှင်းသွားတော့သည်။

"ဇင်မီ"

"ဟင်"

"သဏ္ဍအပေါ် ဘယ်လိုသဘောထားလဲ"

"အမယ်…မယ်၊ မမနော် ခုကတည်းက သူ့ဘက် ပါချင်နေပြီလားပြော"တဲ့။

ဇင်မီကိုက တခစ်ခစ်ရယ်ပြီး ဖွင့်ဟမပြောပြ။





မေမီ့ကိုလည်း ဆက်မမေးပါ။

"ပိတ်ကားပေါ်မှာ ဆက်လက်ရှုစားပါ"

ဇင်မီကိုက သူ့အစ်မကို စလိုက်၏။

မေမီကိုက တိတ်တဆိတ် ဆုံးဖြတ်လိုက်၏။

သဏ္ဍအတွက် လှပသောအခွင့်အရေးတစ်ခု လက်ဆောင်ပေးဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့…သက္ကပါ…ပြောပါ”

မေမီကို ဖုန်းဆက်လာတော့ သက္က အံ့အားသင့်ရပါသည်။ ကိုကိုက ဆက်တာမဟုတ်။

“မမပါ…မေမီ”

“ဟုတ်ကဲ့”

“ဒီမှာလေ ဒီဖိုင်းနာနဲ့ချိန်းထားလို့ ညီမလေးကို လေယာဉ်ကွင်း သွားကြိုပေးပါလား”

သက္ကက ရှည်ရှည်ဝေးဝေးမပြောဘဲ ခေါင်းညိတ်လိုက်၏။ လိုအပ်တာမှန်သမျှ ကူညီပံ့ပိုးဖြည့်ဆည်းပေးဖို့ပဲ ရောက်နေတာမဟုတ်





လား။ သူတို့မအားလပ်ရင် ကြိုပေးရမှာပဲပေါ့။ ဒါ ဘာမှမဆန်း။

“မမ ညီမလေးက ဇင်မီကိုတဲ့”

“ဟုတ်ကဲ့”

“သူ အဖြူရောင်အင်္ကျီလေး ဝတ်လာမယ်ပြောတယ်”

“ဟုတ်”

“မြင်ရင်သိမှာပါ”

“ဟုတ်ကဲ့”

သက္ကက ဟက်ဟက်ပက်ပက်စကားမဆိုဘဲ လိုတိုရှင်း ဖုန်းချလိုက်၏။ ဈေးစပ်လက်စွပ် သွားယူခိုင်းလို့ ရင်နာနာနှင့် ယူပေးခဲ့ရပြီးပြီ။ သူ မြန်မြန်ပြန်ချင်ပါပြီ။

အရှုံးတစ်ခုကို နေ့တိုင်းစားသုံးနေရတာမလွယ်။ မျက်နှာလွှဲကာ ရှောင်သွားချင်ပါပြီ။ သက်ပြင်းတစ်ချက်နှင့် လေယာဉ်ကွင်းသွားကြိုဖို့ ကားသော့နှင့် Hand Phone ကောက်ယူလိုက်၏။

ဝဋ်ကြွေးရှိလည်း ကြေပါစေတော့။

အကုန်အစင် ဆပ်ပစ်လိုက်မည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီ တန်းတန်းမတ်မတ်လျှောက်လာနေသော ကောင်မလေးကိုကြည့်ကာ သက္က မျက်လုံးတွေ ပြူးကျယ်သွားရသည်။ ရင်ထဲမှာလည်း ဟုန်းကနဲ တုန်ခါသွား၏။

မေမီကိုနှင့် အရမ်းဆင်သောကောင်မလေး။

ဆံပင်တိုကပ်ကပ်ကလေးနှင့် ပန်ထားသော ဖဲပြားပုံ စိန်နားကပ်က တလက်လက်။

ဆံပင်တွေကို နားရွက်နောက်ညှပ်ထားတော့၊ လုပဖူးကြွသော မျက်နှာကလေးက အထင်းသား ပေါ်လွင်နေ၏။ အင်္ကျီအဖြူနှင့် ဂျင်းဘောင်းဘီကလေးနှင့် ရိုးရိုးရှင်းရှင်းပုံစံပါပဲ။





မရိုးရှင်းတာက မျက်ဝန်းတစ်စုံ။

နွေးထွေးအသက်ပါသော အကြည့်တွေ။

မမ မေမီကိုက သူ့ကို တမင်အကြိုလွှတ်လိုက်တာပါလားဟု နားလည်ရင်း ကျေးဇူးတင်သွားရပါသည်။

ဟိုးတုန်းက ဆုံဖူးသောကောင်မလေး။

သူ့ရင်ခုန်ကြွေဆင်းခဲ့သော ကောင်မလေး။

ဟာကွာ... မြားနတ်မောင် ကျီစယ်လွန်းတယ်။

ဇင်မီကိုက ညင်သာသောခြေလှမ်းများနှင့် သူ့အနားရောက် လာ၏။ သူ့ကို ချိုမြိန်စွာ ပြုံးပြသည်။

သူတို့မျက်လုံးချင်း ဆုံမိကြသည်။

မင်းလေးက ဇင်မီကိုတဲ့လား။ ဖြစ်မှဖြစ်ရလေကွာ။

ကိုယ့်မှာ ခံစားလိုက်ရတာ။ လူးလူးလှိမ့်လှိမ့်။

သက္ကက ရင်ဘတ်ကြီးစောင့်တက်လာအောင် သက်ပြင်းရှိုက်ထုတ်လိုက်၏။

"သက္က မဟုတ်လား"

သူက ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြွာတွေလည်း မဟုတ်ဘဲ...ဒီလောက်တူရတယ်လို့ မယုံနိုင် စရာ။

"မမမေဇီ ဖုန်းဆက်ထားပါတယ်၊ ရှင်လာကြိုလိမ့်မယ်တဲ့"

သူက ဒုတိယအကြိမ် ခေါင်းညိတ်၏။

အံ့ဩဝမ်းသာပျော်လုံးဆို့ပြီး စကားပင် မပြောနိုင်သေးပါ။

ဆုံးရှုံးသွားခဲ့ရပြီ ထင်တာ။

ကိုယ့်သိက္ခာအတွက် မင်းကို အမြန်ဆုံး ရည်စားစကား ပြောရတော့မယ်ထင်တယ် ကောင်မလေးရယ်။

"ဒီကားလား"

"ဟုတ်တယ်"

သူ ခုမှပဲ ကားတံခါးဖွင့်ပေးဖို့ သတိရသည်။

သူမလက်ထဲမှာ ဆွဲထားသော သားရေသေတ္တာကို လှမ်းယူပေးဖို့ သတိရသည်။ သူမကိုတွေ့တော့ သူ သတိလက်လွတ် ငေးမောသွားမိတာ အခိုက်မိနေတာ။

အပျော်လှိုင်းက ဒီရေလို ရင်မှာ တရိပ်ရိပ်တက်ကာ ရိုက်ခတ်လာ၏။





ပျော်လိုက်တာ။

ကိုယ့်ဘက်က မရိုးသားတာ မင်းလည်းသိပြီးသား ဖြစ်မှာပါ။ မင်းအစ်မလည်း ပြောပြသင့်သလောက် ပြောပြပြီးရောပေါ့။

မင်းနဲ့ မေမီကို လူမှားပြီး ကိုယ့်မှာ ခံစားနာကျင်လိုက်ရတာ သေလုမျောပါး။ ကိုယ့်မျက်နှာပေါ်က အပြုံးတွေ ပျောက်ကွယ်ခဲ့တာ မင်း သိရဲ့လား။

မပြုံးနိုင် မရယ်နိုင်၊ တမှိုင်မှိုင်နဲ့ ရင်ထဲမှာ ကြွေနင့်နေခဲ့တာ။

ဒါတွေ မင်း ပြန်လျော်ပေးရမယ်။

သက္ကက သူမဘက်ရှိတံခါးကို ညင်သာစွာ ပိတ်ပေးလိုက်ပြီး...

"အိမ်ကိုပဲ မောင်းရမလား"

ဟု မေးလိုက်၏။

"အင်း"

သူက ဇင်မီကို၏ မျက်နှာကလေးကို ကြည့်မဝသလို လှည့်ကြည့်လှည့်ကြည့်နှင့် ကားမောင်းရတာ စိတ်မဖြောင့်။

မထူးတော့ပါ။ ကားကို လမ်းဘေး ခဏထိုးရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပြောချင်တာတွေ အုံကြွသောင်းကျန်းကုန်ပါပြီ။ ထိန်းချုပ်ထားလို့ မရတော့ပါ။

"ကျွန်တော်…"

ဖင်မီကိုက သူ့ကို လက်ကလေး ကာပြသည်။

"ခဏ…ရှင့်အင်္ကျီကော်လံစ ခေါက်နေတယ်"

ဖြူသွယ်လှပသော သူမလက်ကလေး သူ့ရင်ဘတ်ရှေ့ကို ရောက်လာ၏။ သူ အခရမ်းပဲ ရင်ခုန်မြန်ကာ ကြည်နူးသွားရသည်။

စိတ်ရှုပ်ထွေးစွာနှင့် ဖြစ်သလိုထွက်လာမိတာ မှားသွားပါပြီ။ သူ့ကို စမတ်ကျကျ မနေတတ်သူလို့ ထင်သွားမလား မသိပါ။

"မမက ပြောပြတယ်၊ ရှင် မမကို ပိုးခဲ့တာတွေ အကုန်လုံး"

"မဟုတ်ဘူး"

သူ ငြင်းမိပါသည်။

"အဲဒါ…အဲဒါ…လူ…မှား…တာ"

"ဟင်"

ခေါင်းကလေးငဲ့စောင်းကာ သူ့ကို ကြည့်လာ၏။

"လူမှားတာ"





"ဟုတ်တယ်"

"အဟင်း…ယုံချင်စရာကြီး"

"မင်းနဲ့မှားတာ"

"ဘယ်လို"

သတ္တက ချက်ချင်း ဖြေရှင်းမိသည်။

အချိန်မဆိုင်းချင်။ သူ့အတွက် အရေးကြီးသည်။

ဖင်မီကိုက တိုးဖွဖွကလေး ရယ်နေ၏။

သူ့ကို လှောင်ပြောင်သရော်နေတာလား။

လေးလေးနက်နက် မရှိတာလား။

ဒုတိယအကြိမ် အသည်းကွဲရဦးမှာလား။

မခံစားနိုင်ပါ။ သူ သေလိမ့်မည်။

သူ့ကို ဖင်မီချစ်မှ ဖြစ်လိမ့်မည်။

"ဖင်မီ"

သူမက ဖျတ်ကနဲ မော့ကြည့်သည်။

"ကျွန်တော် ခင်ဗျားကို ချစ်တယ်"

"မြန်လွန်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်မရှိတော့ဘူး"

"ဘာလို့"

"ကျွန်တော် လူမှားပြီး ကြိုးစားဖူးတယ်၊ အရှက်ကွဲခဲ့တယ်၊ ကျွန်တော့်သိက္ခာအတွက် ခင်ဗျား ကယ်တင်ရလိမ့်မယ်"

"အမယ်လေးနော်…"

ဇင်မီကိုက ရင်ဘတ်ကလေး ဖိသည်။

"အမိန့်ပေးတာ မကြိုက်ဘူး"

မျက်စောင်းရွယ်ကာ ပြော၏။

ပြီးမှ တစ်ချက်ရယ်ကာ…

"ရှင်…လူမှားတာ မမသိနေပြီပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့"

သက္ကက ဖွတ်မိုတ်ပြောသည်။

"ဘယ်လိုကယ်တင်ရမှာလဲ"

"ခင်ဗျား သိပါတယ်"

"ဟင့်အင်း…မသိပါဘူး"

"ပြန်ချစ်ရမယ်…လက်ထပ်ရမယ်"





"ဟင်"

ဇင်မီက လှည့်ကြည့်၏။

မျက်လုံးချင်း ဆုံမိကြသည်။

ပူနွေးသောအချစ်လှိုင်းတစ်ခု ရင်ထဲစီးမျောဝင်ရောက်လာ၏။

ဇင်မီတော့ မသိ။ သူတော့ အရမ်း ရင်ခုန်ပါသည်။

"စဉ်းစားဦးမယ်"

ဇင်မီကိုက မျက်လွှာချပြီး ခပ်တိုးတိုး ဆို၏။

"ဘယ်လို"

"စဉ်းစားရမှာပေါ့…လေ့လာရဦးမယ်၊ စောင့်ကြည့်ရဦးမယ်"

"ရှေးရိုးနည်းလမ်းကြီး"

"ရှေးထုံးလည်း မပယ်နဲ့"

"ဒါတော့ ဒါပေါ့"

"သုံးနှစ်သုံးမိုးထဲပါ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သတ္တု လန့်ဖျန့်သွား၏။

"သုံးနှစ်"

"ဒါပေါ့"

"ဟာ…လွန်တာပေါ့"

"ဒီနေ့ကစပြီး သုံးနှစ်မြောက်တဲ့နေ့ မင်္ဂလာပွဲနေ့ပဲ၊ ရှင် အမှတ်မိခဲ့ရင်"

ဖင်မီကိုက စိန်ခေါ်၏။

"အကြာကြီးပဲကွာ"

"တစ်သက်လုံးအတွက် ဒီလောက်တော့ အကဲခတ်ရဦးမှာပေါ့"

သူ ဘာပြန်ပြောရမလဲ။

"မနေနိုင်ဘူး…အဲဒီလောက်ကြာကြာ"

"အဲဒါ အမှတ်ပေါ့၊ ဘ…ာ်လောက်စိတ်ရှည်တယ်၊ ဘယ်လောက် သည်းခံနိုင်တယ်"

"ဟုတ်ပါပြီလေ…ဒါပေမယ့် တစ်ခုတော့ လိုက်လျောရမယ်"





"ပြောလေ"

သတ္တုက ဖင်မီကိုကို တည့်တည့်စိုက်ကြည့်သည်။

"နေ့တိုင်း တွေ့မယ်"

သူ့စကားကြောင့် ရုက်စနီး မျက်လွှာချမိ၏။

ရင်ခုန်အောင်ပြုစားတတ်သူကို သုံးနှစ်အထိ အချိန်ဆွဲထားလို့ ဖြစ်ပါ့မလား။

"နေ့တိုင်းတွေ့ရအောင်ကွာ"

သူတောင်းဆိုတာကို ဖင်မီကိုကလည်း သဘောတူပြီးသားပါ။ ဘယ်သူကရော မတွေ့ချင်ဘဲ ရှိပါ့မလဲ။

တွေ့နေ မြင်နေ ပြောဆိုနေမှသာ သူ့အကြောင်းတွေ အကုန်အစင် သိရမှာ။

အတွင်းသိ အစင်းသိ ဖြစ်ချင်တာ။

ဒါမှ သူ့ဖူးစာဖက်ဖြစ်ခဲ့ရင် အားလုံးကို နားလည်နေမှာ။



www.burmeseclassic.com

www.burmeseclassic.com



ဇင်မီကိုက ခုံတစ်လုံးမယူသယ်ကာ အိမ်ထဲကထွက်လာ၏။

"ဟော...ဘယ်လဲ၊ ခုံက ဘာလုပ်ဖို့လဲ"

ဇင်မီ့လက်ထဲကခုံကို ကူသယ်ပေးရင်း သဉ္ဇာက မေးလိုက်ပါသည်။

"ဘယ်တွေ လျှောက်သွားနေတာလဲ"

ဇင်မီက သဉ္ဇာကို မေး၏။

"ရှိပါတယ်..ဇင်မီ ဖုန်းဆက်ခေါ်မလားလို့ စောင့်နေတာ"

"အံမယ်...ဈေးကိုင်နေတာပေါ့"

"ဒီခုံ ဘာလုပ်ဖို့လဲ"



BURMESE CLASSIC



"သက်တံ့ ကြည့်မလို့"

ဇင်မီကိုက မိုးပေါ် မော့ကြည့်ကာ ဆို၏။

"သက်တံ့ကြည့်မယ်"

"အင်း...ခဏလေးဆို ပျောက်သွားမှာ"

"ဒီခုံနဲ့ ထိုင်ကြည့်မလို့လား"

"အင်း"

သဉ္ဇာက ရုတ်တရက် Onlineပေါ်က Creamကို သတိရသွား၏။ ဇင်မီကိုကလည်း သက်တံ့ချစ်သတဲ့လား။ ရှားရှားပါးပါး တိုက်ဆိုင်မှု။ Creamနှင့် စကားမပြောဖြစ်တာပင် ကြာခဲ့ပါပြီ။

ဒီညတော့ ပြောဖြစ်မယ် ထင်ပါရဲ့။ ဝမ်းသာစရာသတင်းကို ပြောပြရဦးမည်။

"လာလေ...သဉ္ဇာရော မကြည့်ဘူးလား"

"ကြည့်မယ်...ဒါပေမယ့် ကျွန်တော်က ဘယ်လိုမှ မနေဘူး"

"ဘယ်လိုမှ မနေဘူး"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဇင်မီကတော့ သက်တံ့ရောင်စုံကို တစိမ့်စိမ့်ကြည့်ပြီး ကြည်နူးတယ်၊ ပြီးတော့ အဲဒီလိုမျိုး သက်တံ့ကိုမြင်ခွင့်ရရင် ဇင်မီကံကောင်းတတ်တယ်လို့ ယုံကြည်တယ်၊ ခုနစ်စင်ကြယ်ရောပဲ၊ ခုနစ်စင်ကြယ်ကို ကောင်းကင်ပေါ်မှာမြင်ရင် အရမ်းပျော်ခွင့်ရတာယ်"

ဇင်မီက တစ်ခါတလေ အရမ်းသိမ်မွေ့နက်ရှိုင်းပြီး တစ်ခါတစ်ရံတော့ ရင့်ကျက်သော အတွေးအခေါ်မျိုးကို ပိုင်ဆိုင်သည်။

တစ်ခါတလေကျတော့လည်း အရမ်းနူးညံ့ပြီး ကလေးဆန်တတ်၏။

'ဇင်မီကို' ဆိုတာ ကဗျာတစ်ပုဒ် ဆိုပါစို့။

ထိုကဗျာကို သူ တစ်သက်လုံး ဖတ်လို့မဆုံးနိုင်။ တစ်ပိုဒ်ကို တစ်မျိုး ရသအမျိုးမျိုး ပေးစွမ်း၏။ ဘယ်တော့မှ ရိုးအီမသွားနိုင်ပါ။

သူ ဇင်မီ့ကို မြတ်နိုးစွာချစ်ပါသည်။ ချစ်သူကလေးက သူ့အတွက်တော့ အရမ်းနှစ်သက်စရာ ကောင်းသည်။

"ဇင်မီ"

"ဟင်"

"အဖြေပေးတော့လေ"





"ဟင်...မြန်းစားကြီး"

"ချစ်သူဖြစ်ခွင့်ရချင်ပြီ"

"ပိုလိုက်တာ...သည်းခံစိတ်လည်း ရှိမှ"

"ဒီထက်ပိုပြီး သည်းမခံနိုင်ဘူး"

သက္ကက အံကြိတ်၏။

"မရဘူး...စောင့်"

"စိတ်တိုလာရင် နောက်တစ်ယောက် တွဲပစ်လိုက်မယ် ဘာမှတ်နေလဲ"

"တွဲရဲ တွဲကြည့်"

သက္ကက ပုခုံးတွန့်သည်။

ဇင်မီကိုက သူ့ကို မျက်စောင်းရှယ်၏။

လွှပ်လို့မရအောင် ချည်နှောင်ထားသော ကြိုးတစ်ချောင်းပါလား။ ထိုကြိုးစကလေးကို သူက တယုတယနှင့် ကျေနပ်စွာ ချည်နှောင်ခံချင်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ တစ်ချိန်ချိန်မှာ....

"ဇင်မီကို"ဟာ Onlineပေါ်က Creamပဲဆိုတာ သဏ္ဌ

သိသွားခဲ့ရင်....

Onlineပေါ်က Iceဆိုတာ "သဏ္ဌ" ပါပဲလားဟု ဇင်မီကို

သိသွားခဲ့ရင်...

*စစ်မှန်သော ဖူးစာရယ်လို့....*

ပန်းသီခိုင်



www.burmeseclassic.com